ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 21 February 2017 (၈၈၄၄)

# (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ဖလမ်းမြို့၌ ကျင်းပ

## ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့တူညီသည့် မျိုးနွယ်စုအားလုံးတို့၏ နေ့ထူးနေ့မြတ်ဖြစ်



(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျရောက်သည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့



၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် Ph.D ပါရဂူဘွဲ့ရ တိုင်းရင်းသူတစ်ဦးအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ချင်းပြည်နယ်တွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ မကြာခင်ပြုလုပ်တော့မည့်အတွက် ဝမ်းသာ ချင်းတိုင်းရင်းသားများသည် ပြည်ထောင်စုအပေါ်တွင် သစ္စာစောင့်သိသွားမည်ကို လုံးဝယုံကြည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပလက်ဝမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ဝမ်းမြောက်ကြောင်းသဝဏ်လွှာကိုဖတ်ကြားပြီး ချင်းအမျိုးသား ဦးထန်ဒိုးကျင့်က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်သို့ ရောက်လာပြီးကတည်းက

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

HOT LINE - 09 - 787878749, 787878729



ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ

# မကောင်းမှုကိုဝေးစွာရှောင်ကြဉ်

ဒုစရိုက်မှုကို ဒုစရိုက်သမားကသာကျူးလွန်တတ်သည်။ ဒုစရိုက်သမားဟူသည် မွေးရာပါအကျင့်စရိုက်အရ ဖြစ်စေ၊ ပတ်ဝန်းကျင်အရဖြစ်စေ၊ မတော်လောဘ၊ မတော်ဒေါသအရဖြစ်စေ တစ်မျိုးမျိုးကြောင့် ဒုစရိုက်သမားများဖြစ်ခဲ့ကြသည်။ အချို့လည်း သံဝေဂရပြီး သုစရိုက်သမားအဖြစ် ခံယူကြသည်။ အချို့လည်း ခွေးမြီးကောက်ကျည်တောက်စွပ်သကဲ့သို့ ဒုစရိုက်အလုပ်ကိုသာ အထပ်ထပ်လုပ်ကြသည်။ အဆိုပါဒုစရိုက်သမားများအတွက် ဆိုဖွယ်ရာမရှိပြီ၊ ၎င်းတို့၏ လားရာလမ်းမှာ ထောင်နန်းစံခြင်းဖြစ်သည်။

ဒုစရိုက်သမားမဟုတ်ဘဲ ဒုစရိုက်ကျူးလွန်သူတို့အတွက်မူ ၎င်းတို့၏ ဘဝ ထာဝရမပျက်အောင်၊ ဒုစရိုက်မှုထပ်မံကျူးလွန်ခြင်းမရှိအောင် လမ်းမှန်ညွှန်ပြ ဝိုင်းဝန်းတည့်မတ်ပေးရမည်ဖြစ်သည်။ ယခုအခါ လူငယ်လူရွယ်များ၊ ချစ်သူရည်းစားများ၊ သားနှင့်အမိအရွယ်များ၊ ဖခင်နှင့်သမီးအရွယ်များ မတော်မတရားဒုစရိုက်မှုများ ကျူးလွန်လာတတ်ကြသည်ကို မြင်တွေ့ကြားသိနေရပေရာ များစွာအံ့ဩတုန်လှုပ်ဝမ်းနည်းမိပါသည်။

ဒုစရိုက်နယ်ပယ်မှ ဒုစရိုက်သမားမဟုတ်ဘဲ ဒုစရိုက်မှုကျူးလွန်ကြသည့်အဖြစ်များကို မှန်မှန်သုံးသပ် ဆင်ခြင်ပဲ့ပြင်ထိန်းကျောင်းဖို့ လိုအပ်လာပြီဖြစ်သည်။ တပည့်မကောင်း ဆရာ့ခေါင်း၊ သားသမီးမကောင်း မိဘခေါင်း ဆိုသကဲ့သို့ အဆိုပါကျူးလွန်ခဲ့သူများအတွက် သက်ဆိုင်ရာ အုပ်ထိန်းသူ၊ တာဝန်ရှိသူများသာမက အားလုံးတွင် တာဝန်ရှိလာပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူ့ဘောင်လောကကို တည်ဆောက်ကြရာတွင် မဖြစ်သင့်မဖြစ်ထိုက်သည့်အမှုများ ထပ်မံမဖြစ်ပွားအောင်ကြိုးပမ်းကြရမည်ဖြစ်သည်။

မိမိတို့သည် ပုထုဇဉ်လူသားများဖြစ်၍ အမှားနှင့်ကင်းနိုင်မည်မဟုတ်ချေ။ ဒေါသကြောင့်၊ မောဟကြောင့်၊ လောဘကြောင့် အမှားနှင့်ကြုံတွေ့နိုင်ပါသည်။ တစ်ကြိမ်မှားလျှင် နောက်တစ်ကြိမ်ထပ်မမှားအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ တစ်ခါကြုံဖူးလျှင် နောက်တစ်ခါမကြုံဖူးအောင် မိမိတို့၏လောကသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ အခြေအနေများအရ ထိုအမှားများကျူးလွန်ခဲ့ရသည့်အကြောင်းရင်းများစွာရှိသည်။ အနီးစပ်ဆုံးအကြောင်းအရာများတွင် လူအများအလွယ်တကူကြည့်ရှုခံစားနိုင်သော ရုပ်သံဇာတ်လမ်းများမှာ လူတို့၏စိတ်ဆန္ဒကို အလွယ်တကူဖမ်းစားနိုင်သော၊ အတုခိုးနိုင်သော အရာများဖြစ်သည်။ တစ်ချိန်သောကာလက ရုပ်သံဇာတ်လမ်းများနှင့် ပတ်သက်၍ တင်းကျပ်သောစည်းမျဉ်းဥပဒေနှင့် အရေးယူနိုင်မှုများကြောင့် တိမ်မြုပ်ပုန်းလျှိုးခဲ့သည်မှာ အမှန်ဖြစ်သည်။

မျက်မှောက်ကာလ၌ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာပြုမူနေထိုင်ခွင့်များ ရရှိလာကြသောအခါ ယင်းကို တလွဲအသုံးချပြီး အရှက်အကြောက်ကင်းမဲ့သော ဒုစရိုက်မှုများ အင်အားကြီးထွားစေခြင်းအကြောင်းဖြစ်လာသည်။ လူမသိသူမသိအခြေအနေမှ ပေါ်ပေါ်ထင်ထင် လူမြင်ကွင်းတွင်ပင် အတင့်ရဲပြုမှုများရှိလာခဲ့သည်။ အထူးသဖြင့် လူငယ်လူရွယ်တို့အကြား အတုယူမှားပြီး မသိစိတ်လှုံ့ဆော်မှုများဖြစ်လာခဲ့သည်။

ယင်းတို့တွင် အင်တာနက်စာမျက်နှာများ၌ ကောင်းကျိုးရော၊ ဆိုးကျိုးများပါရှိနေသဖြင့် လူငယ်လူရွယ်များအတွက် မကောင်းမှုကို အလွယ်တကူ အတုယူနိုင်အောင် ဖန်းတီးထားသကဲ့သို့ဖြစ်သည်။ သာမန်စိတ်အခြေအနေတွင် မဖြစ်နိုင်သော်လည်း လောဘ၊ ဒေါသ၊ မောဟကြီးမားနေသောအချိန်၌ အတုယူလွယ်သော ထိုအကြောင်းအရာများက မကောင်းမှုဒုစရိုက်မှုကို ကျူးလွန်နိုင်ရန်တွန်းအားဖြစ်စေသည်။

အသိပညာကိုမြင့်မားစေသော၊ ဆင်ခြင်တုံတရားတိုးပွားစေသော စာအုပ်စာပေဖတ်ရှုခြင်း အလေ့အထနည်းပါးမှုသည်လည်း အကြောင်းတစ်ချက်ဖြစ်သည်ဟုဆိုနိုင်သည်။ ယခုအခါ အရွယ်သုံးပါးမရွေး ဖေ့စ်ဘွတ်ခ်သုံးတတ်သည့် အလေ့အထရလာကြသည်။ လူမှုကွန်ရက်စာမျက်နှာဆိုသည်မှာ မှန်သည်လည်းရှိသည်၊ မှားသည်လည်းရှိသည်။ အကျိုးဖြစ်သည်လည်းရှိ၊ အကျိုးမဖြစ်သည်လည်းရှိသည်။ ရလဒ်မှာ လူတစ်ဦးချင်းစီအတွက် အချိန်ကုန်လွန်စေပြီး စာဖတ်သည့်အလေ့အထအားနည်းသွားသည်။

ကိုယ်ကျင့်တရား၏ အဓိကအထောက်အပံ့မှာ ဘာသာတရားအဆုံးအမဖြစ်သည်။ မြန်မာလူမျိုးများမှာ ဘာသာတရားအဆုံးအမဖြင့် ရှင်သန်ကြီးပြင်းခဲ့ကြပြီး လူမှုပတ်ဝန်းကျင်ကို ယဉ်ကျေးသိမ်မွေ့စေခဲ့သည်။ ယခုအခါ ဘာသာတရား အဆုံးအမဓလေ့များ ကွယ်ပျောက်လာသည်။ ထို့ကြောင့် ဒုစရိုက်မှုများ မမျှော်လင့်ဘဲမကျူးလွန်မိအောင်၊ အလွယ်တကူ မကျူးလွန်မိအောင် ဘာသာတရားအလေ့အထများ ပြန်လည်တိုးပွားအောင် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်ပါသည်။ ။

## အထူးကုဆရာဝန်ကြီးများအဖွဲ့ တပ်ကုန်းမြို့နယ်အတွင်းသို့ ကွင်းဆင်းဆေးကုသ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို နေပြည်တော် ကုသရေးဦးစီးဌာန ပျဉ်းမနားမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးနှင့် တပ်ကုန်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၉ ရက်တွင် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ အခြေပြု၍ ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ကုသရေးဦးစီးမှူး ဒေါက်တာအောင်လင်းအေးက ကျန်းမာရေး၏အဓိပ္ပာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)မှ ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ဆေးပညာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ မျက်စိနှင့် သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးများက ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာမှ စုစုပေါင်းလူနာ ၃၁၈ ဦးအား အခမဲ့စမ်းသပ်စစ်ဆေး ဆေးကုသပေးခဲ့ပြီး လူနာ ၃၅ ဦးအား နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)၊ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့ဆေးရုံများသို့ ညွှန်းပို့ပေးခဲ့သည်။

ထိုသို့ အခမဲ့ကွင်းဆင်းကုသခြင်းကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် မြန်မာဘာသာပြန်ကို ဖြန့်ချိသည့်အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights-ICCPR) ကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုချမှတ်ခဲ့ပြီး ယင်းသဘောတူစာချုပ်သည် ၁၉၇၆ ခုနှစ် မတ် ၂၃ ရက်တွင် အာဏာသက်ဝင်ခဲ့သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights-ICESCR) ကဲ့သို့ပင် အရေးကြီးသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (International Bill of Human Rights) အဖြစ် သတ်မှတ်ကြသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်ကြောင်းဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကြံပြုတိုက်တွန်းခဲ့သည်။

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုပြီး ပုံနှိပ်ခဲ့သည်။ ဘာသာပြန်ဆိုပြီးသော ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် မြန်မာဘာသာကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြန့်ချိသည့် မိတ်ဆက်အခမ်းအနားကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

(သတင်းစဉ်)

❑

## အဆစ်ရောင်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရီက "အဆစ်ရောင်ရောဂါနှင့် တိုင်းရင်းဆေးပညာ" အကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဆွေးနွေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၈၉၃၀၀၀ - ၈၉၃၀၀၀ မန္တလေး(ရွှေဈေး) ၈၉၃၀၀၀ - ၈၉၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၂.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၈၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၇၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၃.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၃၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၁.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၇.၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### ချင်းပြည်နယ်မှ

ချင်းအမျိုးသားနေ့ အဆက်ဆက်ကို တက်ရောက်ခဲ့ပြီး နေပြည်တော်တွင် မရှိသည့်အတွက် တစ်ကြိမ်သာမတက်ရောက်ခဲ့ပါကြောင်း၊ ချင်းအမျိုးသားနေ့များကို တက်ရောက်ရသည့်အတွက် ပျော်ရွှင်ပြီး ဂုဏ်ယူရပါကြောင်း၊ ယနေ့တွင် ချင်းပြည်နယ်၏ လှပမှု၊ ချင်းအမျိုးသားများ၏ နွေးထွေးမှု၊ သာယာဖွယ်များကို ပြောကြားကြသည်မှာ အများကြီးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ချင်းတိုင်းရင်းသားများနှင့် ပတ်သက်သည့်အကြောင်းအရာနှစ်ခုကို အလေးထားပြောကြားလိုပါကြောင်း၊ ချင်းအမျိုးသားများသည် ပညာရေးကိုအဓိကထားသည့်ကိစ္စဖြစ်ပါကြောင်း၊ ဒုတိယတစ်ခုမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့ကို တက်ရောက်သည့်အခါတိုင်း ထူးချွန်သည့် ချင်းလူငယ်များကို ဂုဏ်ပြုဆုချီးမြှင့်ရာတွင် ဂုဏ်ယူစွာပါဝင်ခွင့်ရပါကြောင်း။

ယခုလိုဆောင်ရွက်ခြင်းသည် ချင်းတိုင်းရင်းသားများအကြား နှစ်စဉ်ပေါ်ပေါက်လာသည့် ပညာတတ်လူငယ်များကို ဂုဏ်ပြုအားပေးရာရောက်ပါကြောင်း၊ ၁၉၁၂ ခုနှစ်ကပင် ချင်းအမျိုးသားပညာတတ်မြောက်ရေးဆိုသည့် စိတ်ဓာတ်ဖြင့် ချင်းအမျိုးသားနေ့ပေါ်ပေါက်ရေးအတွက် စတင်ဦးတည်ခဲ့သည်ကို ကြားသိရပါကြောင်း၊ ၂၀၁၃-၂၀၁၄ တွင် မိမိ ချင်းပြည်နယ်ကို သွားရောက်စဉ်က ဘာအကူအညီလိုလဲမေးသည့်အခါ ပညာရေးနှင့်ပတ်သက်ပြီး အကူအညီတောင်းသည်ကို တွေ့ရပါကြောင်း၊ မိမိတည်ထောင်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ချင်းပြည်နယ်တွင် တတ်နိုင်သမျှကူညီခဲ့ပါကြောင်း၊ ပညာရေးကို အလေးထားသည်မှာ မိမိတို့ ပြည်ထောင်စုအနာဂတ်အတွက် အင်မတန်မှ မျှော်လင့်ချက်တွေ ပြည့်စေပါကြောင်း၊ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများ ပညာရေးကို အလေးထားသည်မှာ အင်မတန်မှ ဝမ်းသာပါကြောင်းနှင့် ဂုဏ်ယူပါကြောင်း။

မိမိ ၂၀၀၁ ခုနှစ်က ချင်းပြည်နယ်သို့ ပထမဦးဆုံးရောက်ခဲ့သည့်အခါ မိန့်ခွန်းပြောကြားရာတွင် ရှေ့ဆုံးတန်းမှ ချင်းကလေးငယ်များ ထိုင်နေသည်ကို တွေ့ရသည့်အတွက် အင်မတန်မှ သဘောကျပါကြောင်း၊ ကလေးများသည် လူကြီးများနှင့်တန်းတူ သိချင်တတ်ချင်စိတ်ရှိကြပါကြောင်း၊ လူကြီးများအနေဖြင့်လည်း ကလေးများရှေ့ကနေသည်ကို အားလုံးလက်ခံကြသည်ကို တွေ့ရပါကြောင်း။

ဒုတိယအနေဖြင့် ချင်းတိုင်းရင်းသားများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပြောကြားလိုပါကြောင်း၊ ဒုတိယဆိုသည့်အတွက် ဒုတိယနေရာမှာ ထားခြင်းမဟုတ်ပါကြောင်း၊ လေးနက်သောအားဖြင့် ဒုတိယအခါမှသာ ပြောခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုတိုးတက်ရန် မိမိတို့အားလုံး သဘောထားကြီးရန်လိုပါကြောင်း၊ သဘောထားကြီးစေသည့် အင်မတန်အခြေခံကျသည့်အရာမှာ ပညာတတ်ခြင်းဖြစ်ပါကြောင်း၊ ပညာဆိုသည်မှာ မိမိအနေဖြင့် ကျဉ်းကျဉ်းမြောင်းမြောင်းဖြင့် ကျောင်းပညာကို ဆိုလိုရင်းမဟုတ်ပါကြောင်း၊ ကိုယ်နေသည့် လောကကြီးအကြောင်းကို သိချင်သည့် စိတ်ဓာတ်ပေါ်တွင် အခြေခံသည့် ဆင်ခြင်တုံတရားရှိသည့် ပညာကို ဆိုလိုပါကြောင်း၊ ဒီလိုပညာတတ်များ မိမိတို့နိုင်ငံ၌များမှ မိမိတို့နိုင်ငံတွင် တကယ့်ကို စစ်မှန်သည့်၊ ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်လာမည်ဖြစ်ပါကြောင်း၊ ချင်းတိုင်းရင်းသားများအနေဖြင့် ဗမာရယ်၊ ချင်းရယ် မခွဲခြားဘဲ စောစောပိုင်းကတည်းက လွတ်လပ်ရေးအတွက် ရုန်းကန်ခဲ့ပါကြောင်း၊ ၁၉၄၇ခုနှစ် ပထမ ပင်လုံညီလာခံတွင် ချင်းတိုင်းရင်းသားများ ပါဝင်ခဲ့ပါကြောင်း၊ ယခုအခါ ဒုတိယပင်လုံ ဦးတည်နေသည့်အချိန်တွင် ချင်းတိုင်းရင်းသားများသည် တက်တက်ကြွကြွဖြင့် ငြိမ်းချမ်းရေးရရန်အတွက် ဝိုင်းဝန်းကူညီခဲ့သလို ကူညီဆဲလည်းဖြစ်ပါကြောင်း၊ မကြာခင်မှာလည်း ချင်းပြည်နယ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပြုလုပ်တော့မည်ဖြစ်သည့်အတွက် အင်မတန်မှ ဝမ်းသာပါကြောင်း၊ မိမိတို့တိုင်းရင်းသားများ တကယ့်ကို ပြည်ထောင်စုစိတ်ဓာတ်မွေးမြူခြင်းဖြင့်သာ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းဖြင့်လည်း အာမခံချက်ပေးနိုင်မည်မဟုတ်သလို ဘယ်နိုင်ငံရေးစနစ်နှင့်မှလည်း အာမခံချက်ပေးနိုင်မည်မဟုတ်ပါကြောင်း၊ အခြေခံအားဖြင့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းဖြင့်သာ မိမိတို့ပြည်ထောင်စုအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချင်းအမျိုးသားနေ့တွင် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ပြုရင်း ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ မိမိတို့ ပြည်ထောင်စုဖြစ်ပေါ်လာရန်အတွက်၊ ဒုတိယပင်လုံညီလာခံ အောင်မြင်ရေးအတွက် ခေတ်အဆက်ဆက် ယခုအခြေအနေရောက်ရှိလာအောင် ပံ့ပိုးကူညီခဲ့သည့် ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒုတိယပင်လုံဆိုသည်မှာ ပထမပင်လုံကို မြစ်ဖျားခံခြင်းဖြစ်ပါကြောင်း၊ ယခုလိုဆက်လက်ပြီး မိမိတို့နိုင်ငံအနာဂတ်အတွက် အဓိကကျသည့်နေရာမှ ပါဝင်နိုင်ကြပါစေ၊ ပါဝင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ချင်းတိုင်းရင်းသားများ၏ သင်္ကေတမှာ အားလုံးသိကြသည့် အင်မတန်မှ သစ္စာရှိသည့် အောက်ချင်းငှက်များဖြစ်ပါကြောင်း၊ မိမိတို့၏ပြည်ထောင်စုအပေါ်တွင်လည်း ချင်းတိုင်းရင်းသားများသည် သစ္စာစောင့်သိသွားမည်ကို လုံးဝယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အားကစားပြိုင်ပွဲအမျိုးမျိုးတွင် နိုင်ငံတော်ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခွင့်ရ ချင်းတိုင်းရင်းသား တိုင်းရင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် Ph.D ပါရဂူဘွဲ့ရတိုင်းရင်းသား တိုင်းရင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တတ်ရောက်လာကြသူများအား ပြည်ထောင်စုလွှတ်တော်အမျိုးသမီးကိုယ်စားလှယ်များက ဖလမ်းမြို့နယ်ကိုယ်စားပြု ဝါးညှပ်အကဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ချင်းတိုင်းရင်းသားများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး တောင်ပေါ်ခေါင်ရည်ချိုမြမြသီချင်းကို စုပေါင်းသီဆိုကြသည်။

ယနေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာအဲန်နာရွှေလွှမ်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ချင်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ

ကြေညာချက်အမှတ်၊ ၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ချင်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ချင်းပြည်နယ်တွင် ကျင်းပနိုင်ရေးအတွက် **“ချင်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ”**ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာလှအောင် | (အစိုးရ) |
| (ခ) | ဗိုလ်မှူးကြီးသန်းနိုင် | (တပ်မတော်) |
| (ဂ) | ဒေါ်နီရွှေလျှန်း | (လွှတ်တော်) |
| (ဃ) | ဆလိုင်းထလာဟေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (င) | ဆလိုင်းထက်နီ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (စ) | ပူးရာနင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (ဆ) | ဦးဇိုဘွဲ | (နိုင်ငံရေးပါတီ) |
| (ဇ) | ဒေါက်တာမှုထန် | (နိုင်ငံရေးပါတီ) |
| (ဈ) | ဦးခန့်ဘွန်း | (နိုင်ငံရေးပါတီ) |

၂။ ယင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့်ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

## ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S World Odyssey မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S World Odyssey သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါသင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၇၀၆ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၇၃ ဦးတို့ လိုက်ပါခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းဆိပ်ကမ်းမှ ရောက်ရှိလာခြင်းဖြစ်သည်။

“အခု ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို လုံခြုံရေးပိုင်းအပြင် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက် ပေးသွားမှာပါ။ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ကို လည်မယ်။ မနက်ဖြန်မှာတော့ မန္တလေးမြို့ကို သွားမယ်လို့ သိရပါတယ်”ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S World Odyssey ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပုဂံ၊ မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ကိုချင်းဆိပ်ကမ်းသို့ ပြန်လည် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# အိုင်အက်စ်၏နောက်ဆုံးခြေကုပ်စခန်းတည်ရာ မိုဆူးလ်မြို့တွင် အီရတ်တပ်ဖွဲ့များက မြေပြင်ထိုးစစ်စတင်



**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၀**
အမေရိကန် ကျောထောက်နောက်ခံပြုပေးထားသော အီရတ်အစိုးရတပ်ဖွဲ့များသည် မိုဆူးလ်မြို့အနောက်ဘက်ပိုင်း၌ အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွများကို ဖေဖော်ဝါရီ ၁၉ ရက်တွင် မြေပြင်ထိုးစစ်စတင်ဆင်နွှဲခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိမိုဆူးလ်မြို့၌ မြေပြင်ထိုးစစ်စတင်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်အိုင်ဒါအယ်လ်အဘာဒီက ထိုးစစ်စတင်ချိန်တွင် ကြေညာခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် တိုက်ပွဲများကြောင့် အိုးအိမ်ပစ်ထွက်ပြေးကြရသူ ပြည်သူများ၏ လူ့အခွင့်အရေးကို လေးစားလိုက်နာကြရန် ၎င်းကတိုက်တွန်းသည်။

လွန်ခဲ့သည့်လက ပြီးဆုံးခဲ့သည့်ရက်ပေါင်း ၁၀၀ ကြာမြင့်ခဲ့သောထိုးစစ်၏ ပထမအဆင့်အပြီးတွင် မိုဆူးလ်မြို့အရှေ့ပိုင်းဒေသမှနေ၍ စွန့်ခွာထွက်သွားသည့် အိုင်အက်စ်စစ်သွေးကြွများက အရပ်သား ၆၅၀၀၀၀ ခန့်နှင့်အတူ မိုဆူးလ်မြို့အနောက်ပိုင်းတွင် ပိတ်မိနေခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

မိုဆူးလ်မြို့အနောက်ပိုင်းမှ မြို့သူမြို့သား ၄၀၀၀၀၀ အထိမှာ အီရတ်အစိုးရတပ်များ၏ ထိုးစစ်ဆင်မှုကြောင့် စားနပ်ရိက္ခာနှင့် စက်သုံးဆီပြတ်လပ်မှုများ တွေ့ကြုံခဲ့ရပြီး မြို့တွင်းရှိဈေးများကိုလည်း ပိတ်ထားခဲ့ရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအဖွဲ့မှ ညှိနှိုင်းရေးမှူးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တိုက်ဂရစ်မြစ်၏ အနောက်ဘက်ကမ်းအရပ်ဒေသများသို့ရောက်ရှိရန် အီရတ်ပြည်ထောင်စုရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အလျင်အမြန်ချီတက်လျက်ရှိကြောင်း၊ မြို့တောင်ဘက်ရှိ မိုဆူးလ်လေဆိပ်ကို သိမ်းပိုက်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ အီရတ်လက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးတွဲစစ်ဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါတပ်ဖွဲ့သည် မိုဆူးလ်လေဆိပ်၏ တောင်ဘက် ငါးကီလိုမီတာ(သုံးမိုင်)အကွာရှိ ကာကူတီဟာအထိ ရောက်ရှိသွားကြောင်း၊ ချီတက်ရာလမ်းကြောင်းအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံတစ်ရုံကို သိမ်းယူနိုင်ကာ အိုင်အက်စ်အဖွဲ့ လက်ဖြောင့်တပ်သားများအပါအဝင် စစ်သွေးကြွအချို့သေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# အစ္စရေးဝန်ကြီးချုပ် စင်ကာပူနိုင်ငံသို့ သွားရောက်



**အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း။**

**စင်ကာပူ ဖေဖော်ဝါရီ ၂၀**
အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟု၏ စင်ကာပူနိုင်ငံသို့ နှစ်ရက်ကြာလေ့လာရေးခရီးစဉ်ကို တနင်္လာနေ့တွင် စတင်လိုက်ပြီဖြစ်သည်။

နေတန်ရာဟုကို စင်ကာပူသမ္မတ တိုနီတန်ကန်ရမ်းနှင့် ဝန်ကြီးချုပ် လီရှန်လွန်းတို့က စင်ကာပူသမ္မတအိမ်တော် အီစတာနာတွင် ခမ်းနားစွာကြိုဆိုခဲ့ကြသည်။ ယင်းမှာ အစ္စရေးဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးသော စင်ကာပူနိုင်ငံခရီးစဉ်ဖြစ်သည်။

စင်ကာပူသမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကြား ကာလရှည်စွာတည်ရှိနေခဲ့သည့် ခိုင်မာသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲရန် ထပ်မံအတည်ပြုခဲ့ကြသကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

အရှေ့အလယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံအတူယှဉ်တွဲနေထိုင်ရေးမူဝါဒအပါအဝင် အစ္စရေးနိုင်ငံ၏ အခွင့်အရေးရောပါလက်စတိုင်းတို့၏ အခွင့်အရေးများပါ စင်ကာပူနိုင်ငံက ကာလကြာရှည်စွာ တစ်သမတ်တည်း ထောက်ခံခဲ့မှုကို လီရှန်လွန်းက ထပ်မံပြောဆိုခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အနေဖြင့် တရားမျှတမှုအတွက် တိုက်ရိုက်ညှိနှိုင်း ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ပြီး ပဋိပက္ခများကို နားလည်မှုရှိရှိဖြေရှင်းသွားနိုင်မည်ဟု မျှော်လင့်ကြောင်း လီရှန်လွန်းက ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် သုတေသနနှင့် ဖွံ့ဖြိုးရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ အိမ်ရာတည်ဆောက်ရေးမူဝါဒနှင့် ပညာရေးကဏ္ဍများကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

# ကာလီဖိုးနီးယားမြောက်ပိုင်းဒေသ၌ ရေလွှမ်းမိုးမည့်ဘေးအန္တရာယ်ခြိမ်းခြောက်နေ




**ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၂၀**
အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်းဒေသများ၌ ပစိဖိတ်မုန်တိုင်း ထပ်မံတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆီးနှင်းသိပ်သည်းစွာကျရောက်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ရေလွှမ်းမိုးနိုင်မှု ဘေးအန္တရာယ်အတွက် အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်နှစ်ရက်က ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှုအပြီး သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်၍မပြီးဆုံးမီမှာပင် ယင်းပြည်နယ်၌ မုန်တိုင်းထပ်မံတိုက်ခတ်မည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဆန်ဖရန်စစ္စကိုဒေသ၌ ဗုဒ္ဓဟူးနေ့အထိ မိုးရေချိန် ငါးလက်မအထိ မိုးရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။ ဇန်နဝါရီလ အစောပိုင်းတွင် ဆီးနှင်းကျခြင်းနှင့် မိုးရွာသွန်းခြင်းတို့ကြောင့် အစိုဓာတ်ဖြင့်ပြည့်ဝနေပြီးဖြစ်သော နေရာဒေသများ၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်နိုင်သည်ဟု အမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။

ကာလကြာရှည် ရေလွှမ်းမိုးခြင်းခံခဲ့ရခြင်း မရှိသောဒေသများ၌ ရေလွှမ်းမိုးနိုင်ကြောင်း၊ ရေကာတာများ၊ မြစ်များ၊ ချောင်းများ၊ စမ်းချောင်းများတွင် ရေလျှံမှုဖြစ်လာနိုင်ကြောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းနိုင်သည့်အပြင် ဆီးနှင်းလည်း သိပ်သည်းစွာကျဆင်းနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဆာရာနီဗားဒါး တောင်တန်းဒေသ၌ နောက်ထပ်လက်မ ၄၀ အထိ ဆီးနှင်းကျဆင်းနိုင်သည်ဆို၏။

မြောက်ပိုင်းနှင့် တောင်ပိုင်းကာလီဖိုးနီးယားဒေသအများအပြားတွင် တောမီးလောင်ကျွမ်းမှုကြောင့် တောင်ကတုံးများဖြစ်ခဲ့ရခြင်းကြောင့် ရေလွှမ်းမိုးမှုအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးအောက်ရှိ အရေးပေါ်လုပ်ငန်းများဌာနက ပြောကြားသည်။ **ရိုက်တာ။**

# ယခင်အမေရိကန်အစိုးရ တာဝန်ရှိသူများနှင့် မြောက်ကိုရီးယားတာဝန်ရှိသူများ ဆွေးနွေးရန်ပြင်ဆင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**
ယခင်အမေရိကန်အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် မြောက်ကိုရီးယားအထက်တန်းတာဝန်ရှိသူများကို ဝါရှင်တန်သို့ ဖိတ်ခေါ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာ၏ ရေးသားဖော်ပြချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အမေရိကန်အစိုးရအဖွဲ့သစ်နှင့် ထိတွေ့ဆက်ဆံရန် လိုလားပုံကို ပီပီပြင်ပြင်ဖော်ပြနေသည့် ဆွေးနွေးပွဲဖြစ်မြောက်လာရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိကြောင်း ဝါရှင်တန်ပို့သတင်းစာက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြသည်။

'ဆွေးနွေးရေးလမ်းကြောင်း ၁ ဒသမ ၅ 'ဟု အမည်ပေးထားသော ဆွေးနွေးပွဲဖြစ်မြောက်လာရန် ပြင်ဆင်ဆောင်ရွက်နေဆဲ အဆင့်တွင်သာ ရှိနေဆဲဖြစ်ကြောင်း အမည်မဖော်သူတာဝန်ရှိသူများက ပြောကြားကြသည်။

ယခင်အမေရိကန်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် လက်ရှိမြောက်ကိုရီးယား တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော်လည်း အမေရိကန်နိုင်ငံခြားရေးဌာနက ဆွေးနွေးပွဲတက်ရောက်လာမည့် မြောက်ကိုရီးယားတာဝန်ရှိသူများအတွက် ပြည်ဝင်ဗီဇာထုတ်ပေးရန် ခွင့်ပြုခြင်းမရှိသေးကြောင်း သတင်းစာတွင် ရေးသားထားသည်။

လက်ရှိ အမေရိကန်အစိုးရအဖွဲ့တာဝန်ရှိသူများက မြောက်ကိုရီးယားတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ခြင်းနှင့် ပတ်သက်၍ လွန်ခဲ့သည့်ရက်သတ္တပတ်က နိုင်ငံတကာတွင် ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် အကြီးအကျယ် ပြဿနာပေးသည့်နိုင်ငံဖြစ်ကြောင်း၊ ဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်၍ မိမိတို့ ထိထိရောက်ရောက် တုံ့ပြန်သွားမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ရိုက်တာ။**

# ဆိုမာလီနိုင်ငံတွင် ကားပုံးဖောက်ခွဲမှုကြောင့် ၃၄ ဦး သေဆုံး

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၀**
ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ လူစည်ကားသည့်ဈေးတစ်ခုအတွင်း တနင်္ဂနွေနေ့က ကားပုံးဖောက်ခွဲမှုကြောင့် အနည်းဆုံး ၃၄ ဦးသေဆုံးပြီး ၅၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံပိုင်သတင်းမီဒီယာက ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဗုံးဖောက်ခွဲမှုအတွက် မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ယူခြင်းမရှိသော်လည်း သမ္မတမိုဟာမက် အဗ္ဗဒူလာဟီ မိုဟာမက်က အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ အယ်လ်ရှာဘက်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ပြစ်တင်ရှုတ်ချလိုက်သည်။

ဖေဖော်ဝါရီ ၈ ရက်ကမှ ရွေးချယ်ခံထားရသည့် သမ္မတက နိုင်ငံသားများကို စည်းလုံးညီညွတ်ရန် တောင်းဆိုထားပြီး အကြမ်းဖက်သမားများကို တိုက်ခိုက်သွားမည်ဟု ကတိပြုထားသည်။

အယ်လ်ရှာဘက်အဖွဲ့ကလည်း သမ္မတသစ်လက်အောက်က အစိုးရအဖွဲ့ကို အလျှော့ပေး အညံ့ခံမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ လွန်ခဲ့သည့် ကြာသပတေးနေ့က သမ္မတရုံးအတွင်းသို့ မော်တာကျည်ဆန် ကျရောက်ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးခဲ့ရသည်။ **အင်န်အိတ်ချ်ကေ။**

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ရငွေကို အဓိကအထောက်အကူပြုမည့် အခွန်အကောက်ရငွေများ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ကိုင်ပြုကျင့်သုံးရမည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပေါ် ယခုကဲ့သို့ ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည့်အတွက် နိုင်ငံတော်၏ ရငွေများကို တိုးတက်ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ပြည်သူများအတွင်း အခွန်ယဉ်ကျေးမှု ပိုမိုတိုးတက်ထွန်းကားလာမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့၌ **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အပြုသဘောဆောင်သော ဝေဖန်အကြံပြုချက်များက ညွှန်းဆိုသည်မှာ နိုင်ငံတော်အတွက် အခွန်အကောက်ရငွေများ တိုးတက်လာစေရေးနှင့် ပိုမိုကျယ်ပြန့်သော အခွန်ကောက်ခံမှုနယ်ပယ်များဖြင့် အားလုံးက ကြည်ဖြူကျေနပ်စွာ အခွန်ပေးဆောင်နိုင်စေရေးတို့ကို ဦးတည်ထားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် ဒုတိယဝန်ကြီးက ပြည်ထောင်စု၏ နှစ်စဉ်အခွန်အကောက်ဥပဒေဆိုသည်မှာ အခွန်အကောက်ဆိုင်ရာ မူလဥပဒေများဖြစ်သော ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေတို့တွင် ပြဋ္ဌာန်းထားချက်များအပေါ် အခြေခံ၍ အခွန်ပေးဆောင်ခြင်း၊ အခွန်ကင်းလွတ်ခြင်း၊ အခွန်လျှော့ပေါ့ခြင်း၊ အခွန်ကျသင့်မည့် ကုန်စည်နှင့် ဝန်ဆောင်မှု၊ အခွန်မကျသင့်မည့် ကုန်စည်နှင့် ဝန်ဆောင်မှုစသည်တို့နှင့်ပတ်သက်ပြီး အသေးစိတ်ကိစ္စရပ်များကို ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွက် ပြဋ္ဌာန်းပေးသည့် ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ ယခင်နှစ် ဥပဒေအပေါ် အခြေခံစဉ်းစားသကဲ့သို့ လက်ငင်းဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ အရပ်ရပ်အပေါ်တွင်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သော ဥပဒေဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

မိမိတို့ နိုင်ငံ၏ အခွန်ရငွေနှင့် ဂျီဒီပီ အချိုးများမှာ ၂၀၁၁-၂၀၁၂ တွင် ၃ ဒသမ ၈၂ ရာခိုင်နှုန်း၊ ၂၀၁၂ - ၂၀၁၃ တွင် ၆ ဒသမ ၅၉ ရာခိုင်နှုန်း၊ ၂၀၁၃ - ၂၀၁၄ တွင် ၇ ဒသမ ၅၃ ရာခိုင်နှုန်း၊ ၂၀၁၄ - ၂၀၁၅ တွင် ၉ ဒသမ ၈၅ ရာခိုင်နှုန်းနှင့် ၂၀၁၅ - ၂၀၁၆ တွင် ၈ ဒသမ ၇၁ ရာခိုင်နှုန်းတို့ဖြစ်ပါကြောင်း၊ အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အခွန်ရငွေနှင့် ဂျီဒီပီအချိုးသည် နိမ့်ကျလျက်ရှိပါကြောင်း၊ အခွန်ကောက်ခံခြင်းအား ပြည်သူဗဟိုပြု၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုကို မှန်ကန်သော အခွန်ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် ဝန်ထမ်းများ၏ အရည်အသွေးတိုးမြှင့်ရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်အစား အခွန်ထမ်းကိုယ်တိုင် မိမိကျသင့်မည့်အခွန်ကို တွက်ချက်ပေးဆောင်သည့်စနစ်သို့ ပြောင်းလဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ်အခွန်ကောက်ခံမှုနှုန်းထားများအတွက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်သော်လည်း နိုင်ငံတကာတွင် အခွန်နှုန်းများကို နှစ်နှစ်၊ သုံးနှစ် စသည်ဖြင့် ပြောင်းလဲမှုမရှိဘဲ ကြိုတင်ကြေညာသည့်စနစ်ကို ကျင့်သုံးပါကြောင်း၊ သို့မှသာ အခွန်ထမ်းဆောင်ရသော ပြည်သူများအနေဖြင့် အခွန်နှုန်း၏ ဖိစီးမှုကို နှစ်စဉ်ပြောင်းလဲနေခြင်းမရှိဘဲ၊ တစ်သမတ်တည်း မျှော်မှန်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းယဉ်ကျေးမှုထွန်းကား၍ အခွန်နှုန်းများ တည်ငြိမ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ **ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တင်ပြချက်များအပေါ် အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြဋ္ဌာန်းခြင်းအား ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို မှတ်တမ်းတင်ခြင်း၊ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်နှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်တို့က ပြန်လည်ရှင်းလင်းခြင်း၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**သူရဇော်၊ ထန်းဖုန်(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၂၀ ဘီလီယံကျော် ကောက်ခံရရှိထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကောက်ခံရာတွင် ကျောက်မျက်အရိုင်းနှင့် အချောထည်များအပေါ် ဒီဇင်ဘာလကုန်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၂၀ ဒသမ ၅၉၄ ဘီလီယံ ကောက်ခံရရှိထားပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ ဥပဒေကြမ်းပါ ကျောက်စိမ်းအရိုင်းထည်များ၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများအတွက် သတ်မှတ်ထားသည့် အခွန်နှုန်းများကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းများအတိုင်း ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် ဆွေးနွေးခဲ့မှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ထို့ပြင် ဒုတိယဝန်ကြီးက ကျောက်မျက်အရိုင်းနှင့် အချောထည်များ ထုတ်လုပ်ရောင်းချမှုမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရတနာအခွန် တစ်မျိုးတည်းသာ ကောက်ခံခဲ့သည့်အတွက် ငွေကျပ် ၇၃ ဒသမ ၇၂၅ ဘီလီယံကောက်ခံရရှိခဲ့ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ရတနာခွန်အပြင် ကုန်သွယ်လုပ်ငန်းခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၆၆ ဒသမ ၀၆၄ ဘီလီယံ ကောက်ခံရရှိခဲ့ပါကြောင်း။

လက်ရှိအချိန်တွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ကို ထမ်းဆောင်ရသည့်အပြင် အထူးကုန်စည်ခွန်ဥပဒေအရ အထူးကုန်စည်ခွန်သာမက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း ထမ်းဆောင်နေရခြင်းကြောင့် အခွန်ပေးဆောင်နေသည့် လုပ်ငန်းရှင်များအပေါ် အခွန်ဝန်ထုပ်ဝန်ပိုး လျှော့ချပေးခြင်းဖြင့် တရားမဝင် ကျောက်မျက်မှောင်ခိုရောင်းဝယ်မှုကို လျှော့ကျနိုင်ရေး ရည်ရွယ်ပါကြောင်း၊ ထို့ပြင် မတူညီသော တွင်းထွက်အမျိုးအစား သဘာဝနှစ်ခုအပေါ် နှစ်မျိုးခွဲခြား၍ အခွန်နှုန်းကို လျှော့ချပြင်ဆင်ပေးထားခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဥပဒေကြမ်းပါ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားရခြင်းအပေါ် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၏ ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကင်းလွတ်ခွင့်ပြုခြင်းသည် တရားမဝင်ဈေးကွက်များတွင် ရောင်းချနေခြင်းအစား တရားဝင်ဖွင့်လှစ်ပေးထားသည့် ကျောက်မျက်အရောင်းပြပွဲများတွင် ဝယ်ယူရောင်းချခြင်း အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာရန်အတွက် အခွန်မက်လုံးအဖြစ် ပေးထားခြင်းဖြစ်၍ ပယ်ဖျက်ရန် မသင့်ပါကြောင်း ပြောကြားသည်။

**သူရဇော်**
**ထန်းဖုန်(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့သို့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်ကြသည့် လေ့လာသူများ စုစုပေါင်း ၄၆၁ ဦး တက်ရောက်လေ့လာခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လေ့လာသူပေါင်း ၂၁၂၅၅ ဦးရှိကြောင်း၊ လွှတ်တော်လေ့လာရေးအတွက် သက်ဆိုင်ရာလွှတ်တော်ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင် ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးရွာချင်းဆက်လမ်း ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေကူ-ငါးဘတ်ကြီးကျေးရွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းတစ်မိုင်နှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေကူ-ရေပုံလေး - တူးချောင်း - တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်းဆက် ကတ္တရာခင်းခြင်း လေးမိုင် လေးဖာလုံလုပ်ငန်း ခင်းကျင်းနေမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ ရွှေကူမြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် တာဝန်ရှိဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က ၎င်းလုပ်ငန်းများအား အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိကုမ္ပဏီများအား မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဘေးပြောတာကိုမယုံနဲ့ သွေးပြောတာကိုယုံ

ဝေဖြိုးဟန်(အင်းစိန်)

မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်ပုံပြင် စာဖတ်သူတို့ကြားဖူးမှာပေါ့။ မကြားဖူးတဲ့လူတွေကို ပြန်ပြောပြဦးမယ်။ ကြားဖူးပြီးသားလူတွေကတော့ ကျော်ဖတ်သွားပေါ့ဗျာ။ အဲဒီပုံပြင်မှာ မြည်းတစ်ကောင်ပေါ် သားအဖနှစ်ယောက်ထိုင်စီးပြီး ခရီးထွက်လာကြသတဲ့။ တစ်နေရာအရောက်မှာတော့ လူတွေကကြည့်ပြီး ပြောကြတယ်။ ကြည့်စမ်းပါဦး မြည်းလေးသနားပါတယ်၊ သူတို့သားအဖနှစ်ယောက်က တိရစ္ဆာန်ကို မညှာမတာ တက်စီးလာလိုက်ကြတာများ အံ့ပါရောလို့ပြောကြတယ်။ ဒီတော့ သားအဖနှစ်ယောက်က ဟုတ်သားပဲဆိုပြီး သားလေးကိုပဲ မြည်းပေါ်တင်စီးစေခဲ့တယ်။ အဖေလုပ်တဲ့သူက အောက်ကလမ်းလျှောက်ရင်း ခရီးဆက်ကြတာပေါ့။ တစ်နေရာအရောက်မှာတော့ လူတွေကပြောပြန်သတဲ့။ ကြည့်စမ်းပါဦး သားလုပ်တဲ့သူကတော့ မြည်းပေါ်ကနေ ဇိမ်နဲ့လိုက်လာပြီး အဖေကြီးက အောက်ကလမ်းလျှောက်နေရတယ်၊ လူငယ်ဖြစ်ပြီး လူကြီးကိုတော့ မြည်းပေါ်တင်သွားမယ် မစဉ်းစားဘူးလို့ ပြောကြပြန်တယ်။

ဒီတော့ သားအဖနှစ်ယောက်လည်း ဟုတ်သားပဲဆိုပြီး အဖေကို မြည်းပေါ်တက်ခိုင်းပြီး သားကအောက်ကလမ်းလျှောက်ခရီးဆက်ကြပြန်တယ်။ တစ်နေရာအရောက်မှာတော့ လူတွေကတွေ့သွားပြီး ကြည့်စမ်းပါဦး အဖေဖြစ်ပြီး သားသမီးကို မညှာမတာ၊ သူကတော့ မြည်းပေါ်ကအခံ့သားလိုက်လာတယ်၊ ကလေးကတော့ အောက်ကနေ လမ်းလျှောက်နေရတယ် အံ့ပါရဲ့လို့ ပြောကြပြန်သတဲ့။ ဒီတော့ သားအဖနှစ်ယောက်က ဟုတ်သားပဲဆိုပြီး မြည်းပေါ် ဘယ်သူမှတက်မစီးကြတော့ဘဲ နှစ်ယောက်သားအတူတူလမ်းလျှောက်ခရီးဆက်ခဲ့ကြပြန်တယ်။ ဒါပေမယ့် တစ်နေရာအရောက်မှာ လူတွေနဲ့ ထပ်ဆုံကြပြန်တယ်။ လူတွေက သူတို့လာနေတာကို ကြည့်ပြီးပြောပြန်တယ်။ အမယ်လေး အံ့ပါရဲ့နော် မြည်းတစ်ကောင်လုံးပါလာရဲ့နဲ့ သားအဖနှစ်ယောက်က လမ်းလျှောက်လာရတယ်လို့။ ဉာဏ်ကိုမရှိဘူး၊ တုံးလိုက်ကြတာလို့ ပြောကြပြန်တယ်။

ဒီတစ်ခါတော့ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ဒီမြည်းတစ်ကောင်ရှိနေတာ လူတွေရဲ့အပြောနဲ့ မကင်းဘူးဟေ့။ ဒီတော့ ဒီကောင်ကြီးကို ဒီမှာပဲထားခဲ့လိုက်တော့မယ်လို့ ဆုံးဖြတ်ပြီး သားအဖနှစ်ယောက်သား သူတို့ရဲ့မြည်းကို ထားပြီး ထွက်ခွာသွားကြပါတော့တယ်။ အဲဒါကို မြင်တဲ့လူတွေက ပြောကြပြန်တယ်။ ဒီသားအဖနှစ်ယောက်နှယ် ရူးနေကြသလားမသိဘူး။ စိတ်မနှံ့ကြဘူးထင်တယ်။ သူတို့နဲ့အတူပါလာတဲ့ မြည်းတစ်ကောင်လုံးကိုတောင် မေ့ထားခဲ့ကြတယ်ဆိုပြီး အပြစ်ပြောကြသတဲ့။ ဒီပုံပြင်လေးကို ကြည့်လိုက်ရင် အားလုံးသိပြီးသားဖြစ်နေလို့ အရေးမကြီးဘူးလို့ ထင်ကောင်းထင်ကြမယ်။ ဒီပုံပြင်ထဲမှာ လေ့လာမှတ်သားစရာတွေ၊ လူ့ဘောင်အဖွဲ့အစည်းအတွက် သင်ခန်းစာယူစရာတွေ အများကြီးရှိပါတယ်။

ဒီကနေ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ မြည်းတစ်ကောင်နဲ့သားအဖနှစ်ယောက်လိုအဖြစ်မျိုးတွေ အများကြီးရှိလာကြပါတယ်။ လူနဲ့ လူ့ပတ်ဝန်းကျင်ဆိုတာ ဘယ်သောအခါမှ ကင်းကင်းရှင်းရှင်းနေနိုင်တယ်လို့မရှိပါဘူး။ ပတ်သက်ဆက်နွှယ်မှုတွေက ရံဖန်ရံခါဆိုသလို ရှိနေဦးမှာ အသေအချာပါပဲ။ ပတ်ဝန်းကျင်ရဲ့အဝေဖန်ကိုမခံနိုင်ဘဲ အများပါးစပ်ဖျားမှာ လမ်းဆုံးသွားတဲ့သူတွေလည်း တွေ့ဖူးပါတယ်။ ပတ်ဝန်းကျင်ရဲ့စကားတွေနောက်၊ ပတ်ဝန်းကျင်ရဲ့ ဝေဖန်စွက်ဖက်မှုတွေနောက် ကောက်ကောက်ပါအောင်လိုက်ပြီး ဟိုလိုလုပ်လိုက်၊ ဒီလိုလုပ်လိုက်၊ ဟိုဘက်လှည့်လှော်လိုက်၊ ဒီဘက်လှည့်လှော်လိုက်နဲ့ ကိုယ်သွားချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်နည်းနဲ့မှရောက်အောင် မသွားနိုင်ခဲ့တဲ့သူတွေလည်း အမြောက်အမြားရှိပါတယ်။

**အမေနဲ့အတူ ထမင်းဝိုင်းလေးမှာ လက်ရည်တစ်ပြင်တည်း အတူစားကြချိန်တန်ပါပြီ။ အမေချက်ပြုတ်ထားတဲ့ ဟင်းချိုလေးကို လာသောက်ကြည့်ကြပါ။ မကြိုက်ရင် ဆက်မသောက်နဲ့ ထထွက်သွားကြပါ။ မသောက်ခင်ကတည်းက ဘေးလူတွေပြောသံနားယောင်ပြီး ဟင်းချိုက ကောင်းမှာမဟုတ်ဘူး၊ လာမစားတော့ဘူးဆိုပြီး အော်နေခြင်းဟာ မိသားစုထမင်းဝိုင်းလေးကို သာယာစိုပြည် ပျော်ရွှင်စွာ လက်ရည်တစ်ပြင်တည်းစားစေချင်လို့ အပင်ပန်းခံ ချက်ပြုတ်ထားတဲ့ အမေအိုကြီးရဲ့စေတနာတွေကို စော်ကားရာရောက်ပါတယ်။ ဘေးပြောတာကိုမယုံဘဲ သွေးပြောတာကိုယုံလိုက်စမ်းပါ။**

ကျွန်တော်တို့နိုင်ငံလည်း အဲဒီလို အဖြစ်မျိုးတွေရှိခဲ့ဖူးတယ်။ အိမ်နီးချင်းပတ်ဝန်းကျင်နိုင်ငံတွေရဲ့ စေလိုရာစေ၊ ကြိုးဆွဲရာလိုက်ကရင်း ဇာတ်ခါင်းကွဲသွားရတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား။ ပတ်ဝန်းကျင်ကောင်းရင်ကောင်းသလို၊ မကောင်းရင်မကောင်းသလို လူတစ်ယောက်၊ အိမ်ထောင်တစ်ခု၊ နိုင်ငံတစ်နိုင်ငံဟာ အခြေအနေ ပြောင်းလဲလေ့ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်နေကြတယ်။ အပစ်အခတ်ရပ်စဲရေးတွေ လုပ်နေကြတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနေကြတယ်။ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့တော့ဘယ်ရမလဲ။ အနှစ်နှစ်၊ အလလက မချွတ်ဘဲ ကြည့်ကောင်းကောင်းကြည့်နေခဲ့တဲ့ သံချေးတွေကို အခုမှ စချွတ်နေကြရတုန်းရှိသေးတယ်။ ပြောင်တလင်းခါနေပြီဖြစ်တဲ့ ဥယျာဉ်ကြီးထဲ ရောင်စုံပန်းပွင့်တွေပွင့်လာဖို့ ပျိုးစကြဲနေတုန်းရှိသေးတယ်။ အားစိုက်ကြရတယ်။ timing ညှိကြရတယ်။ အပြန်အလှန်နားလည်မှုတွေ တည်ဆောက်ကြရတယ်။ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နားလည်မှုတွေရမှ ယုံကြည်မှုဆိုတာကို တည်ဆောက်လို့ရမှာပါ။ ၁၂-၂-၂၀၁၇ ပြည်ထောင်စုနေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ လူထုခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ပင်လုံမြို့မှာ ပြောခဲ့တဲ့မိန့်ခွန်းလို ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့ အရေးအကြီးဆုံးပါပဲ။ ကိုယ့်ကိုယ်ကိုယ်မှမယုံကြည်ရရင် သူတစ်ပါးကို ယုံကြည်အောင်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင် ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူးလို့ ပြောခဲ့တယ်။ အခု ကျွန်တော်တင်ပြခဲ့တဲ့ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိကြလို့ ပတ်ဝန်းကျင်ဘေးစကားတွေကို ဂရုစိုက်ပြီး သူများပါးစပ်ဖျားမှာ လမ်းဆုံးသွားကြရတာပါပဲ။ ကိုယ့်လက်ဝယ်ရောက်ရှိနေပြီး ကိုယ်ပိုင်ဆိုင်ထားတဲ့ ကိုယ့်ပစ္စည်းကြီးကိုတောင် ဘေးစကားတွေနားယောင်ပြီး စွန့်ပစ်ထားခဲ့တာကို ကြည့်ရင် ပတ်ဝန်းကျင်ရဲ့စနက်ဟာ ကြောက်စရာကောင်းတယ်ဆိုတဲ့အသိ၊ သင်ခန်းစာရသင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း သူများပါးစပ်ဖျား လမ်းဆုံးနေကြတဲ့သူတွေ၊ ပတ်ဝန်းကျင်ရဲ့ မြှောက်ထိုးပင့်ကော်ပေးမှုနဲ့ ညီအစ်ကိုချင်း၊ မိသားစုချင်း စစ်ခင်းနေကြတဲ့အဖြစ်တွေ ဟိုယခင်ကစလို့ ယနေ့တိုင် ဒုနဲ့ဒေးရှိနေပါသေးတယ်။

တကယ်တော့ သူများပါးစပ်ဖျား လမ်းဆုံးနေကြတဲ့သူတွေကို သေချာဆန်းစစ်ဝေဖန်သုံးသပ်ကြည့်ရင် ဘာသွားတွေ့သလဲဆိုတော့ ကြိုးတစ်ချောင်းက သူတို့ကို ငြိတွယ်နေကြတာပါပဲ။ ဘာကြိုးလဲလို့မေးရင် ဖြေပါ့မယ်။ အရင်ခေတ်ဆိုး၊ စနစ်ဆိုး၊ အကျင့်ဆိုး၊ စရိုက်ဆိုးကို တွယ်တာနေတဲ့ သံယောဇဉ်ကြိုးပါ။ အဲဒီကြိုးကို မဖြတ်ဘဲ ခရီးနှင်နေသရွေ့၊ (တစ်နည်း) ခေတ်စကားနဲ့ပြောရရင် အဆိုပါကြိုးကို မဖြတ်ဘဲ တွန်းနေသရွေ့ ဘယ်အရွေ့မှဖြစ်လာမှာ မဟုတ်ပါဘူး။ ကြိုးမဖြေဘဲ လှော်နေသရွေ့ ဘယ်လှေမှ မျောပါရွေ့လျားသွားမှာမဟုတ်ပါဘူး။ ကြိုးမဖြေမိလို့ ခရီးမတွင်ခဲ့တဲ့ ပုံပြင်လေးတစ်ပုဒ်ရှိပါတယ်။

မြစ်ကမ်းနားတစ်ခုမှာနေတဲ့ မိသားစုတစ်စုရှိသတဲ့။ သူတို့က တစ်နေရာနဲ့ တစ်နေရာ ကုန်တွေသယ်ယူပို့ဆောင်ပေးတဲ့ လှေထိုးသားမိသားစုပေါ့။ တစ်ည သားအမိ သားအဖသုံးယောက် ထမင်းစားသောက်ပြီးတော့ သားအဖနှစ်ယောက်က တင်ထားတဲ့ကုန်တွေကို တခြားဒေသကို ပို့စရာရှိလို့ သွားမယ်ပေါ့။ ဒါနဲ့ မိန်းမကို နှုတ်ဆက်ပြီး လှေဆိုက်ထားတဲ့ ကမ်းနားဆင်းလာကြတယ်။ လှေပေါ်ရောက်တယ်ဆိုရင်ပဲ မိုးသက်လေပြင်းတွေကျလာသတဲ့။ လေတွေ၊ မိုးတွေ အကြီးအကျယ်တိုက်လာတာပေါ့။ သားအဖနှစ်ယောက်လည်း တစ်ယောက်နဲ့တစ်ယောက်တောင် မမြင်ရလောက်အောင် မိုးတွေကသည်း၊ ညကမှောင်၊ လကမသာနဲ့ တော်တော်ဒုက္ခများနေကြတာပေါ့။

အဲဒီလိုအခြေအနေမှာ အဖေဖြစ်သူက သားကို အော်ပြောတယ်။ သားရေသတိထားလှော်ဟ။ လှေမမှောက်စေနဲ့။ သေချာထိန်းပြီးလှော်လို့ အော်သတဲ့။ သားကလည်း အဖေကို ပြန်အော်သတဲ့။ အဖေရေ သားတို့ ဒီမုန်တိုင်းစက်ကွင်းနေရာကလွတ်အောင် မြန်မြန်လှော်ရအောင်ဆိုပြီး သားအဖနှစ်ယောက်သား တက်ညီလက်ညီ လှော်ခတ်ကြသတဲ့။ ပြိုင်တူလှော်ကြတယ်ဆိုပါတော့။ မိုးကလည်း သဲသဲမဲမဲရွာနေ၊ သူတို့သားအဖနှစ်ယောက်ကလည်း အားကြိုးမာန်တက် လှေမမှောက်အောင်ထိန်းရင်း လှော်ကြတာပေါ့။ မိုးကလေးစဲသွားတဲ့အချိန်ရောက်တော့ သားအဖနှစ်ယောက်လည်း တစ်ယောက်နဲ့တစ်ယောက် ပြန်မြင်လာကြတယ်။ ကမ်းနားတစ်ခုကိုလည်း တွေ့လိုက်ကြရတယ်။ နှစ်ယောက်စလုံးလည်း အားကုန်ထုတ်လှော်ခတ်ထားကြလို့ မောပန်းနေကြပြီပေါ့။ ခြေကုန်လက်ပန်းကျနေကြပြီပေါ့။ ဒီတော့ အဖေလုပ်သူက သားကိုပြောတယ်။ သားရေ အဖေဆေးလိပ်ဖွာချင်လို့ ဟောဟိုမှာ မြင်နေရတဲ့အိမ်လေးမှာ မီးတစ်တို့လောက်သွားတို့စမ်းပါလို့ ခိုင်းသတဲ့။ သားဖြစ်သူကလည်း အဖေ့ဆီက ဆေးပေါ့လိပ်လေးကိုင်ပြီး ကမ်းပါးပေါ်တက်လိုက်တာပေါ့။ ကမ်းပါးပေါ်ရောက်တော့ သားဖြစ်သူက အဖေကို လှမ်းအော်သတဲ့။ အဖေရေ၊ အဖေရေ၊ ဒီကမ်းပါးလေးက သားတို့အိမ်ရှေ့က ကမ်းပါးလေးနဲ့ သိပ်တူတာပဲတဲ့။ အဖေကလည်း ဟေ ဟုတ်လားပေါ့။ ဒါနဲ့ သားက ရှေ့နားဆက်လျှောက်သွားပြီး တစ်ခါ အော်ပြောပြန်သတဲ့။ အဖေရေ၊ အဖေရေ၊ ဒီနားကအိမ်လေးက သားတို့အိမ်လေးနဲ့ သိပ်တူတာပဲတဲ့။ အဖေကလည်း လှေပေါ်ထိုင်နေရင်း ဟေ တူတယ် ဟုတ်လား၊ အေးအေး မီးတစ်တို့လောက်တောင်းခဲ့ကွာလို့ ပြန်အော်သတဲ့။

ဒါနဲ့ သားဖြစ်သူက အိမ်ရှေ့ရောက်သွားပြီး အိမ်ရှင်တို့၊ အိမ်ရှင်တို့ ကျုပ်ကို မီးလေးတစ်တို့လောက်ပေးပါဗျာလို့ ပြောလိုက်တော့ အိမ်ထဲက အိမ်ရှင်ကထွက်လာတယ်။ အဲဒီတော့ သားလုပ်တဲ့သူက သူ့အဖေကို လှမ်းအော်သတဲ့။ အဖေရေ၊ အဖေရေ ဒီအိမ်ရှင်မိန်းမကြီးက အမေနဲ့ သိပ်တူတာပဲတဲ့။ ဒီတော့ သူ့အဖေကလည်း ဟေ ဟုတ်လား။ ဒါဆို မီးတစ်တို့တောင်းလိုက်လေလို့ ပြန်ပြောသတဲ့။ ဒီတော့ သူ့အမေက သူ့သားကိုကြည့်ပြီး ဟဲ့ နင်တို့ အခုထိ မသွားကြသေးဘူးလားလို့မေးတော့ သူ့သားက ပြန်ပြောတယ်။ ဟုတ်ကဲ့။ မီးတစ်တို့ရပြီးရင် သွားမှာပါလို့ ပြောလိုက်သတဲ့။ အမေလုပ်သူက သူ့သားရဲ့ဖြစ်ပုံကို ကြည့်ပြီး အသာလေးငြိမ်နေလိုက်တယ်။ ပြီးတော့ သူ့သားနောက်ကနေ လိုက်ကြည့်တယ်။ သူ့သားက သူ့အမေကို အမေမှန်းမသိဘဲ ကမ်းနားမှာရပ်ထားတဲ့ လှေဆီပြန်သွားသတဲ့။ အဲဒီတော့မှ သူ့အမေက သွားတွေ့တယ်။ အော် ဒီသားအဖ ကမ်းနားကတိုင်မှာချည်ထားတဲ့ လှေကြိုးကိုမဖြုတ်ဘဲ တစ်ညလုံး မုန်တိုင်းကြား လှေလှော်နေခဲ့ကြတာကိုးလို့ ရိပ်မိသွားတော့သတဲ့။ ကြိုးမဖြေဘဲ ခရီးနှင်မှတော့ ဘယ်ရောက်နိုင်ပါ့မလဲ။ ဒီနေရာက ဒီနေရာမှာပဲပေါ့လို့ ပြောပြလိုက်ရသတဲ့။

ရှင်းရှင်းလေးပါပဲ။ ကျွန်တော်တို့အားလုံး လိုချင်တဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ဆိုရင် ဘေးပယောဂ ပတ်ဝန်းကျင်စကားတွေကို လျစ်လျူရှုပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ ရှေ့ကိုခရီးဆက်နိုင်ရပါမယ်။ အဲဒီလိုခရီးဆက်ကြတဲ့အခါမှာ ကြိုးတွေကိုလည်းဖြေနိုင်ရပါ့မယ်။ အတ္တကြိုး၊ မာန်မာနကြိုး၊ ဒေါသကြိုး၊ ဂုဏ်ပကာသနကြိုးတွေကို ဖြုတ်ချပစ်နိုင်ဖို့အရေးကြီးတယ်။ ငါဘာကောင်ကြီး ညာကောင်ကြီး၊ ငါ့မှာလက်နက်အင်အားဘယ်လောက်ရှိတယ်၊ ငါ့မှာနောက်လိုက်နောက်ပါ ဘယ်လောက်ရှိတယ်၊ ငါ့တပည့်တပန်းတွေဘယ်လောက်ရှိသေးတယ်၊ ငါကျွေးမွေးထားတဲ့ ငါသေဆိုသေ၊ ရှင်ဆိုရှင်ဆိုတဲ့လူတွေ ဘယ်လောက်ရှိတယ်ဆိုတဲ့ကြိုးတွေ ဖြေကြဖို့လိုပါတယ်။ နိုင်ငံရေးအရဆိုရင် နောက်ကြောင်းပြန်လှည့်ချင်တဲ့ စိတ်ဓာတ်ကြိုးတွေကိုဖြေကြပါ။ အပြောင်းအလဲကိုမလိုချင်ဘဲ မပြောင်းလဲချင်သေးတဲ့ စိတ်ဓာတ်ကြိုးတွေဖြေကြပါ။ မိမိနဲ့ မိမိတို့ အသိုက်အဝန်းကောင်းစားပြီးရော၊ မိမိလူမျိုးတစ်စုတည်း၊ မိမိကိုးကွယ်ရာဘာသာတစ်ခုတည်း ကောင်းစားပြီးရော ဘယ်သူသေသေ ငတေမာနေဖို့ပဲလိုတယ်ဆိုတဲ့ စိတ်ဓာတ်ကြိုးတွေ ဖြေကြပါ။ အဲဒီကြိုးတွေဖြုတ်ပြီး လှော်ခတ်မှသာ ပြည်ထောင်စုလှေကြီး ငြိမ်းချမ်းရေးဆိပ်ကမ်းကို ရောက်နိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်ပြောချင်တာကတော့ ဘယ်လောက်ပဲ တစ်ဦးနဲ့တစ်ဦး သဘောထားတွေ မတိုက်ဆိုင်ခဲ့ကြပေမယ့်၊ အမြင်အယူအဆတွေ ကွဲပြားခဲ့ကြပေမယ့် ကျွန်တော်တို့ဟာ တစ်ပြည်ထောင်ဖွား ညီအစ်ကိုမောင်နှမများဖြစ်ပါတယ်။ ဘေးပတ်ဝန်းကျင်စကားတွေကို နားမယောင်ကြပါနဲ့တော့။ ဖြုတ်သင့်၊ ဖြေသင့်တဲ့ကြိုးမှန်သမျှကိုလည်း ဖြုတ်ခဲ့၊ ဖြေခဲ့ကြပါတော့။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေ အမေနဲ့အတူ ထမင်းဝိုင်းလေးမှာ လက်ရည်တစ်ပြင်တည်း အတူစားကြချိန်တန်ပါပြီ။ အမေချက်ပြုတ်ထားတဲ့ ဟင်းချိုလေးကို လာသောက်ကြည့်ကြပါ။ မကြိုက်ရင် ဆက်မသောက်နဲ့ ထထွက်သွားကြပါ။ မသောက်ခင်ကတည်းက ဘေးလူတွေပြောသံနားယောင်ပြီး ဟင်းချိုက ကောင်းမှာမဟုတ်ဘူး၊ လာမစားတော့ဘူးဆိုပြီး အော်နေခြင်းဟာ မိသားစုထမင်းဝိုင်းလေးကို သာယာစိုပြည် ပျော်ရွှင်စွာ လက်ရည်တစ်ပြင်တည်းစားစေချင်လို့ အပင်ပန်းခံ ချက်ပြုတ်ထားတဲ့ အမေအိုကြီးရဲ့စေတနာတွေကို စော်ကားရာရောက်ပါတယ်။ ဘေးပြောတာကိုမယုံဘဲ သွေးပြောတာကိုယုံလိုက်စမ်းပါ။ ဒီအမေ့သွေးဟာ အဘိုးဗိုလ်အောင်ဆန်းရဲ့သွေး၊ အဘေးဗိုလ်မင်းရောင်ရဲ့သွေး၊ အာဇာနည်သွေးစစ်စစ်ဖြစ်ကြောင်း အာမခံပါရစေ။ ။

---

## မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါင် ဖေဖော်ဝါရီ ၂၀။** ။ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၇အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှုကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ အသိပညာပေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ပေါင်မြို့နယ်ယာယီရဲမှူး အေးဆွေ၊ ပေါင်မြို့မရဲစခန်းမှ ဒု-ရဲမှူး ဝင်းထိန်နှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တို့၌ မှုခင်းအသိပညာပေးမှုများပြုလုပ်ခဲ့ကြသည်။

ပြည်နယ်ရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး လှမြင့်နှင့် ပေါင်မြို့မရဲစခန်းမှ ယာယီရဲမှူး အေးဆွေတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ မှုခင်းစာစောင်များ၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဟောပြောပွဲများကို လူထုအတွင်း ကွင်းဆင်းဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မျက်စိနဲ့မမြင်ရတဲ့ ဟန်ချက်

### ကောင်းဆက်နိုင်

လောကကြီးမှာ မျက်စိနဲ့မမြင်ရနိုင်တဲ့ ဟန်ချက်ဆိုတာ ရှိတယ်ဗျ။ အဲဒီဟန်ချက်က ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘူး။ ဟန်ချက်မညီဘဲ နင်းကောင်းတိုင်း မမှုမတကြီး နင်းမိသွားရင်တော့လား ဟန်ချက်ပျက်သွားပါလေရော။ ဟန်ချက်ပျက်သွားရင် သိတဲ့အတိုင်းပဲ ကသောင်းကနင်းတွေဖြစ်ကုန်တော့တာပဲဗျာ။

လောကဆိုတာလည်း ကိုယ်တစ်ယောက်တည်း၊ ကိုယ့်တစ်မိသားစုတည်း နေတာမှမဟုတ်ဘဲ။ တစ်ယောက်နဲ့တစ်ယောက် အမှီသဟဲပြုရင်း သဟဇာတဖြစ်အောင် နေကြရတာပဲလေ။ လူသားချင်းမပြောနဲ့၊ လူနဲ့လူ့ပတ်ဝန်းကျင်၊လူနဲ့တိရစ္ဆာန်၊ လူနဲ့သစ်ပင်၊ လူနဲ့တောတောင်ရေမြေ၊ ငါ့. . . မဟာလူသားပဲကွဆိုပြီး ထင်တိုင်းကြဲကြည့်ပါလား။ မဟာလူသားကြီးကနေ ဗလာလူသား၊ ဗလာလူသားကနေ မသာလူသားဖြစ်ကုန်ပြီး လူသားမျိုးစိတ်ဆိုတာ ကမ္ဘာပျက်တဲ့ထိတောင် နေလိုက်ရမှာမဟုတ်ပါဘူး။

ကြည့်ပါလား၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ စီးပွားရေးမှာပဲဖြစ်ဖြစ် ကုန်ကုန်ပြောမယ်ဗျာ၊ လူမှုရေးမှာဖြစ်ပါစေ၊ ကိုယ့်ကံဇာတာ တက်နေတဲ့အချိန်၊ ငါလုပ်သမျှတင့်တယ်တာပဲ၊ လက်ညှိုးညွှန်ရာ ရေဖြစ်တာပဲဆိုပြီး မာန်မတက်လေနဲ့။ လောကဓံကကန်ချလိုက်ရင် မချိမဆံ့နဲ့ မချိတင်ကဲခံရလို့ အသက်ရှင်လျက် သေဆုံးကြရတာ ဓမ္မတာပါဗျာ။

သို့သော်လည်း လူတွေက လောကဓံကို သံဝေဂမယူကြသလို၊ ဟန်ချက်ကိုလည်း ဘယ်သူမှမမြင်ကြသလိုပါပဲ။ အသိဉာဏ်ပညာကင်းမဲ့တယ်လို့ ဆိုရမလား၊ ဒါမှမဟုတ် တစ်လုံးတည်းပြောရရင် "တုံး"တယ်လို့ပဲ ဆိုရမလား။ ဟန်ချက်ပျက်လောက်အောင် လောဘဇောတိုက်သူတွေ၊ ဒေါသဇောတိုက်သူတွေဟာ ဘာနဲ့တူသလဲ၊ ရာဇဝတ်မှုကျူးလွန်မိသူတွေနဲ့တူတယ်။ ကျူးလွန်တဲ့အခိုက်အတန့်မှာ သူ့ကို ဖမ်းဆီးမှာတွေ၊ အပြစ်ပေးမှာတွေ ခေါင်းထဲမှာ ဘာမှမရှိဘူး။ တခြားလူတွေ ပြစ်ဒဏ်ခံရပေမယ့် သူ့ကျရင်တော့ လွတ်လောက်မယ်ပဲထင်တာ။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာကို နည်းနည်းလောက် သုံးသပ်ကြည့်လိုက်။ တရားဥပဒေစိုးမိုးမှုက ပျက်ယွင်းနေပြီး ပိုက်ဆံပေးရင် ဘာမဆိုလုပ်လို့ရတယ်ခံယူရင်း နောက်ဆုံးလူသတ်တဲ့အထိတောင် ဖြစ်လာတယ်လေ။ ကိုယ်အနိုင်ကျင့်ရတိုင်း အနိုင်ကျင့်ချင်တော့ ကိုယ်သာလျှင် လူသတ်သမားအဖြစ် လူသတ်ကောင်ဘဝ ကျရောက်သွားခဲ့တယ်ဗျာ။ ပိုက်ဆံလည်းကုန်သေး၊ လူသတ်သမားဘဝလည်းရောက်သေး၊ မိသားစုတွေလည်း လူကြားထဲခေါင်းမဖော်ရဲ။

ဂျာမနီရဲ့ နာဇီခေတ်က အမျိုးသားရေးခေါင်းဆောင် ဟစ်တလာကိုကြည့်။ ကမ္ဘာကဖိန့်ဖိန့်တုံအောင် ကြောက်ခဲ့ကြရတဲ့ အာဏာရှင်ကြီး။ ဟန်ချက်ပျက်အောင် ဘယ်လောက်တောင် သူဖိနှင်းခဲ့သလဲ။ ဂျူးခြောက်သန်းတောင် သတ်ခဲ့တယ်ဗျာ။ နောက်ဆုံးသူလည်း အသေဆိုးနဲ့ သေခဲ့ရတာပါပဲ။

လောကကြီးကိုယ်နှိုက်က ဘတစ်ပြန် ကျားတစ်ပြန်လို့ ဆိုရမလား။ ဖိလစ်ပိုင်မှာ ဒူတာတေးလက်ထက်မတိုင်မီက အခု ကျွန်တော်တို့ဆီမှာလိုပဲ တရားရုံးတွေ၊ ရဲတွေ၊ ထောင်အမှုထမ်းတွေကို ငွေပေးပြီး လမ်းခင်းရင်ရတာပဲဆိုပြီး သူများဘဝတွေ၊ အသက်တွေကို စတေးရင်း စီးပွားရှာတဲ့ မူးယစ်ဆေးရောင်းဝယ်သူတွေ ဟန်ချက်ပျက်တဲ့အထိ လွန်ကဲခဲ့ကြတယ်။ ဒူတာတေးလည်း တက်လာရော ပွဲကြမ်းတော့တာပဲ။ ဘာကြောင့် ဒူတာတေးဟာ

မျှားတဲ့စျေးနှုန်းနဲ့ အကန့်အသတ်မရှိ၊ အထိန်းအကွပ်မဲ့ ရောင်းနေကြရာမှာ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားတွေအထိ အရက်စွဲနေကြပြီ။ အပျိုပေါက်လေးတွေလည်း စမ်းသောက်နေကြပြီ။ ပြည်တွင်းဖြစ်မူးယစ်ဆေးတွေလည်း ဒီလိုပဲ။

ဘယ်ဘက်ကကြည့်ကြည့် ကောင်းကွက်မရှိတဲ့ အရက်နဲ့ မူးယစ်ဆေးကို အသိတရားရှိသူတွေက အရောင်းအဝယ် မလုပ်ကြပါဘူး။ ဒါပေမယ့် ဒီခေတ်က ဘယ်သူသေသေ ကိုယ်ပိုက်ဆံရဖို့ကို ပြောင်ပြောင်ကျူးလွန်နေတဲ့ခေတ်။ ငကန်းသေ ငစွေပေါ်၊ ဒီနေ့ငကန်းက အရက်မရောင်း၊ မူးယစ်ဆေးမရောင်းတော့ပါဘူးဆိုရင် ငစွေကထရောင်းမယ့်ခေတ်။ ပိုက်ဆံရှိရင် ဒီပိုက်ဆံဘယ်လိုရသလဲ မစဉ်းစားဘဲ ဝိုင်းအထင်ကြီးကြတဲ့ခေတ်။ ဘယ်မူးယစ်ခေါင်းဆောင်မှ ဖမ်းမိတယ်မကြားဖူးတဲ့ခေတ်။ မူးယစ်ရာဇာကို ဖမ်းမိဖို့မဆိုထားနဲ့၊ သူတို့ကို သတိထားမိသွားတဲ့သူတွေတောင် ရိုက်အသတ်ခံရတဲ့ခေတ်။ မိသားစုလိုက် အသတ်ခံရတဲ့ခေတ်။

**လောကသဘာဝအရ အထက်စီးမှာ အမြဲတမ်းရှိနေတယ်ဆိုတာ ဘယ်သူမှမဖြစ်နိုင်ပါဘူး။ အခိုက်အတန့်လေး အသာစီးရခိုက်မှာ အဲဒီအခိုက်အတန့်ကိုပဲ အခိုက်အတန့်လို့ မမြင်နိုင်ဘဲ ထာဝရလို့ အတွက်မှားနေတာဖြစ်တယ်။**

နိုင်ငံတကာက ဝေဖန်ပြစ်တင်နေတဲ့ကြားထဲက လက်ရဲဇက်ရဲနဲ့ ဥပဒေဘေးချိတ်ပြီး မူးယစ်ရောင်းဝယ်သူတွေကို နွားသတ်သလို လိုက်သတ်နေပြီး ဖိလစ်ပိုင်ပြည်သူတွေ ဘာကြောင့် ကြည့်ကောင်းကောင်းနဲ့ ကြည့်နေကြတာလဲ။ မူးယစ်ဆေးသမားတွေ ဟန်ချက်ပျက်နေခဲ့ကြတာ ကြာပြီလေ။ ဒါကြောင့် သူတို့ပြုတဲ့ မကောင်းမှုက တစ်နေ့သူတို့ဆီ ပြန်လာတာဖြစ်ပါတယ်။ ဒူတာတေးတစ်ယောက် ဟန်ချက်ကို ကျော်နင်းမိသွားရင်လည်း သူ့အတွက် ကံဇာတ်ဆရာက ဇာတ်ညွှန်းရေးပြီးသားဖြစ်မှာပါ။

အခုကျွန်တော်တို့နိုင်ငံမှာ စာကြည့်တိုက်တွေ ရှားသလောက် လက်ညှိုးထိုးမလွဲ ဆိုင်ချင်းဆက်နေတာက အရက်ဆိုင်တွေပေ့ါ။ နောက်ပြီး လမ်းဘေးချမရောင်းရုံတမယ် ပေါများနေတဲ့ မူးယစ်ဆေးတွေ၊ အရက်ဘီယာတွေအပေါ်မှာ ကောက်တဲ့အခွန်က နည်းလွန်းတော့ အရက်လည်းမျိုးစုံ၊ စျေးကလည်း ရေသန့်ဘူးထက် သိပ်မ

သို့သော် သူတို့မမြင်တာက လောကကြီးရဲ့ဟန်ချက်။ ဒီဟန်ချက်ကို ကျော်နင်းမိတဲ့အတွက်ပဲ သေချာပါတယ်။ တစ်နေ့သူတို့အလှည့်လာကိုလာရမှာပါ။

တချို့က ဟန်ချက်ပျက်နေတာကို မသိတဲ့အပြင် ကိုယ့်အတွက် အကျိုးရှိမယ်လို့တောင် ထင်တတ်တာမျိုးပဲ။ ဂဠုန်ဦးစောဟာ သူ့ကိုယ်သူ ဟန်ချက်ပျက်သွားပြီဆိုတာ လည်ပင်းကို ကြိုးကွင်းလာစွပ်တော့မှ သဘောပေါက်တာ။ အဲဒီအချိန်မတိုင်ခင်ထိ သူ့ကို လာကယ်ထုတ်သွားပြီး တိုင်းပြည်ခေါင်းဆောင်နေရာ တင်ပေးမယ်လို့ မျှော်လင့်နေခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်ရဲ့ အသည်းနှလုံးကိုလုပ်ကြံရင် သူ့နေရာ ကိုယ်ရလိမ့်မယ်ထင်တာ၊ ဟန်ချက်ကို သူနားမလည်ကြောင်း ထင်ရှားပါတယ်။

လောကသဘာဝအရ အထက်စီးမှာအမြဲတမ်းရှိနေတယ်ဆိုတာ ဘယ်သူမှမဖြစ်နိုင်ပါဘူး။ အခိုက်အတန့်လေး အသာစီးရခိုက်မှာ အဲဒီအခိုက်အတန့်ကိုပဲ အခိုက်အတန့်လို့ မမြင်နိုင်ဘဲ ထာဝရလို့ အတွက်မှားနေတာဖြစ်တယ်။ ဒါကြောင့် ဘယ်သူကတော့ဖြင့် အသာစီးရတယ်လို့မြင်ရင် မှားမယ်။ အမှန်က အသာစီးရတဲ့အခြေအနေလေးတစ်ခုကို သူခဏတာကြုံလိုက်ရခြင်းသာဖြစ်တယ်။


ဒီဟန်ချက်ကိုသိရင်ပဲ ကျွန်တော်တို့ ငြိမ်းချမ်းရေးရဖို့ သေချာတယ်။ နှစ်ပေါင်း ၇၀ ကျော်ကြာတာတောင် ငြိမ်းချမ်းရေးမရနိုင်ခဲ့တာ။ တကယ်တော့ ဟန်ချက်တွေပျက်နေကြပြီး ဟန်ချက်ပျက်လို့ပျက်မှန်း ပတ်သက်နေတဲ့သူတွေ မသိကြလို့ဘဲဖြစ်တယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေ၊ တပ်မတော်နဲ့ ပြည်သူတင်မြှောက်တဲ့ အစိုးရအဖွဲ့၊ ဒီသုံးပွင့်ဆိုင်မှာ ပါဝင်သူတွေ ကိုယ့်ဟန်ချက်ကို ထိန်းနိုင်ရင်၊ ကိုယ့်ရဲ့ အားသာချက်တွေကို အားသာသလောက်မသုံးဘဲ ဟန်ချက်ထိန်းနိုင်ကြရင် ငြိမ်းချမ်းရေးရနိုင်မယ်။ ငြိမ်းချမ်းရေးရရင် သုံးဦးသုံးဖလှယ်စလုံး တည်ငြိမ်မှုရှိမယ်။ ငြိမ်းချမ်းရေးမရသရွေ့ ဘယ်သူတစ်ဦးတစ်ယောက်မှ တည်ငြိမ်မှုမရှိနိုင်ဘူး။ အားလုံးကမ်းနားသစ်ပင်ချည်းဖြစ်နေမယ်။

ဒါက ငြိမ်းချမ်းရေးအပိုင်း။ စောစောကပြောခဲ့တဲ့ လူတွေရဲ့ လောဘတွေ၊ ဒေါသတွေကြောင့် ဟန်ချက်တွေပျက်နေကြတဲ့အပိုင်းမှာတော့ အစိုးရက ဟန်ချက်ထိန်းပေးဖို့လိုတယ်။ အရက်နဲ့ မူးယစ်ဆေးတွေကြောင့် သာမန်စိတ်နဲ့ မကျူးလွန်ဖြစ်မယ့် မှုခင်းမျိုးတွေကို အသိစိတ်လွတ်ပြီး ကျူးလွန်နေကြတယ်။ မူးပြီး ရဲကိုတောင် လိုက်သတ်တယ်ဆိုတော့ ဟန်ချက်ကလွန်သွားပြီ။ မူးယစ်ဆေးကိုတော့ လုံးလုံးပပျောက်တဲ့အထိ အဓိကတရားခံတွေ၊ မူးယစ်ရာဇာတွေကို ဖမ်းဆီးအရေးယူပြီး ထိထိရောက်ရောက် အပြစ်ပေးဖို့လိုတယ်။

အရက်မှာကျတော့ အရက်ချက်သူတွေနဲ့ ရောင်းတဲ့ဆိုင်တွေကို အခွန်များများကောက်ခံဖို့လိုတယ်။ အရက်မှောင်ခိုတွေပေါ်လာရင်လည်း မိအောင်ဖမ်းပြီး ပြစ်ဒဏ်တွေ တိုးမြှင့်ဖို့လည်း လိုပါတယ်။

ထိုနည်းတူပဲ ချစ်သူတွေကွဲကြတယ်၊ အိမ်ထောင်တွေကွဲကြတယ် ဆိုတာလည်း ကိုယ်မသိလိုက်ဘဲ ဟန်ချက်ကို ကျော်နင်းမိသွားလို့သာ ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ ဖွဲ့စည်းပုံဆိုတာမျိုးကလည်း နိုင်ငံတစ်နိုင်ငံရဲ့ အရေးကြီးဆုံး အခြေခံဥပဒေဆိုတော့ ဟန်ချက်ညီဖို့အလိုအပ်ဆုံးပေ့ါ။ ဟန်ချက်ညီရဲ့လား၊ ဟန်ချက်ကိုကျော်နေသလား၊ ဟန်ချက်မညီရင်တော့ တစ်နေ့မှာ သူ့တရားသူစီရင်သွားမှာပါပဲ။ သိကြားမင်းဆင်းတားတောင် မရပါဘူး။ အားလုံးကိုယ့်ဟန်ချက်ကိုယ် ထိန်းနိုင်ကြပါစေဗျာ။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ပထမအစည်းအဝေး) မှတ်တမ်းစာအုပ် ထွက်ပြီ




၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ပထမအစည်းအဝေး)၏ မှတ်တမ်းစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ပါသည်။

နေပြည်တော် MICC-2 တွင် လေးရက်တိုင်တိုင် ကျင်းပခဲ့သော (၂၁) ရာစုပင်လုံ (ပထမအစည်းအဝေး) တွင် ပြောကြားခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် အကြီးအကဲများ၏ မိန့်ခွန်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်း အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ ဖတ်ကြားတင်သွင်းသော စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများကို စာမျက်နှာ ၅၀၀ ကျော်ဖြင့် ပြည့်ပြည့်စုံစုံ ထည့်သွင်းမှတ်တမ်းပြုစုထားပါသည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ပထမအစည်းအဝေး)၏ မှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်) နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းစျေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊၀၁-၃၈၁၄၄၈၊ စာပေဗိမာန်အရောင်းဆိုင် (၈၆) လမ်း၊(၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး မြို့ ဖုန်း-၀၂-၃၀၁၈၆ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင်သမိုင်းဝင် ကျိုက္ကလဲ့စေတီတော်မြတ်ကြီးတွင် (၁၀၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၃ နာရီက ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံကြီး၌ ကျင်းပရာ မြို့နယ်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘဏ ထံမှ ငါးပါးသီလခံယူခြင်း၊ နဝကမ္မ ဆက်ကပ်ခြင်း၊ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား ချီးမြှင့်ခြင်း၊ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ တပ်နယ်မှူးနှင့် တပ်ရင်းအသီးသီးမှ အလှူရှင်များနှင့် ရပ်ကွက်အသီးသီးမှ စေတနာရှင်များက ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။ **(ဌေးကြိုင်)**

❒ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတနှင့်ဇနီးသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်တိုးရီတို့နှင့်အတူ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပမည့် ဖလမ်းမြို့ ရာပြည့်အားကစားကွင်းသို့ နံနက် ၈ နာရီတွင်ရောက်ရှိကြရာ နိုင်ငံတော်သမ္မတနှင့်ဇနီးအား ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများက ချင်းရိုးရာဝတ်စုံကို ဂါရဝပြုဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံချင်းတိုင်းရင်းသား တိုင်းရင်းသူများက လှိုက်လှဲစွာကြိုဆိုကြပြီး နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အခမ်းအနားတွင် ဖလမ်းမြို့နယ် မြို့မိမြို့ဖ ဦးဟရမ်းလောမ်ထန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိန့်ခွန်းပြောကြားရာတွင် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံးနှင့်အတူ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် အထူးဝမ်းသာဂုဏ်ယူပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ချင်းအမျိုးသားနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဟားခါးမြို့၌ကျင်းပသည့်မီးပုံပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထုညီလာခံကျင်းပပြီး တိုက်သူကြီး(စော်ဘွား)များ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ၁၉၅၀ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ချင်းရိုးရာကောင်စီညီလာခံတွင်လည်း ချင်းအမျိုးသားနေ့သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာကြသည့် အမတ်အားလုံး၏ဆန္ဒကိုရယူပြီး ဖလမ်းမြို့၌ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်ကို "ချင်းအမျိုးသားနေ့"အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ်ကိုအစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၆၉)နှစ်မြောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့်မျိုးနွယ်စုအားလုံးပါဝင်သည့် ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါကြောင်း။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေသည့် အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကို စီးဝင်နေသည့် ကုလားတန်မြစ်၊ ရှားပါးအပင်များပေါက်ရောက်သည့် ရှားပါးသတ္တဝါများ ခိုအောင်းရာ ခေါနူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသည့်စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပသည့်ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသည့် မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စသည့်သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက်သယံဇာတများတည်ရှိရာနေရာတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုတွင် နိုင်ငံရေးအင်အားစုများ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို



(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ်ပြသထားသည့် ချင်းရိုးရာအိမ်ကို တွေ့ရစဉ်။(သတင်းစဉ်)

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့အစိုးရက နိုင်ငံ့တာဝန်များကို စနစ်တကျလွှဲပြောင်းရယူခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့နယ်အသီးသီးကြားဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်မနှင့်လွယ်ကူစွာဆက်သွယ်သွားလာနိုင်သည့် အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနှင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနှင့် ပလက်ဝ မြို့ပြစီမံကိန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ချင်းပြည်နယ်တွင် သွားလာရန်ခက်ခဲသည့် သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသည့်တောင်တန်း၊ တောင်စွယ်များတည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်း တိုင်းရင်းသားများကလည်း တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၉ သို့ ❒





**နိုင်ငံတော်သမ္မတ ဦးထင်ကျော် လိုက်ဗားဆည်ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

❑ စာမျက်နှာ ၈ မှ

မကြာခင်ရက်ပိုင်းအတွင်း ချင်းပြည်နယ်၌ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပတော့မည်ဆိုသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ နိုင်ငံအနှံ့အပြားတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေသည့်အပြင် ပြည်သူလူထု၏သဘောထားနှင့် ဆန္ဒများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်သည်ကိုလည်း တွေ့ရှိနေရပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန် တစ်ခုတည်းသောလမ်းကြောင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံမှတစ်ဆင့် လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

မကြာမီအချိန်အတွင်း ချင်းပြည်နယ်၌ ကျင်းပတော့မည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အလွှာပေါင်းစုံ၊ အစုအဖွဲ့ပေါင်းစုံပါဝင်နိုင်ကြမည်ဖြစ်သည့်အတွက် ဝမ်းမြောက်စကား ကြိုတင်ပြောကြားလိုပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံအောင်မြင်ရန် တိုင်းရင်းသားများ လိုလားတောင့်တနေသည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်စနစ်ထွက်ပေါ်လာရေး၊ ပြည်ထောင်စုမျှော်မှန်းချက် ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ချင်းပြည်နယ် အတွင်းတွင်ရှိသည့် တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် လေးနက်စွာတိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှပေးပို့သော (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသဘာပတိအဖြစ်ဆောင်ရွက်သော ဦးဟရမ်းလောမ်ထန်းက အဖွဲ့အစည်းအသီးသီးမှပေးပို့သော (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ပြခန်းများနှင့် ချင်းရိုးရာအိမ်တို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့ ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖလမ်းလေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ မြေသားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော်နေမှု၊ အရည်အသွေးကောင်းမွန်စေရန် လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များဖြင့် ကြီးကြပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်သင့်သည့် အချက်များကို ဖြည့်စွက်တင်ပြကြရာ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေလိုအပ်ချက်အား အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ ဖလမ်းလေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိုက်ဗားဆည်သို့ ရောက်ရှိကြပြီး ဆည်ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့သို့ရောက်ရှိကြပြီး ဟားခါးမြို့စုပေါင်းရုံးခန်းမ၌ ကျင်းပသည့် မီးပုံပွဲသို့ တက်ရောက်ဆင်နွှဲသည်။

**(သတင်းစဉ်)**

# (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဖရင့်ခ်န်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ဆလိုင်းထွန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီ၏ အထွေထွေအတွင်းရေးမှူး Mai Sui Hlei Zing က အစီရင်ခံစာတင်ပြခြင်းနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ချင်းအမျိုးသားခေါင်းဆောင်ကြီးများအား နှစ်မိနစ် ငြိမ်သက်ဂါရဝပြုခြင်းနှင့် ချင်းအမျိုးသားနေ့ ဂုဏ်ပြုစကားပြောကြားခြင်းတို့ကို ပြုလုပ်သည်။

ယင်းနောက် ချင်းတိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်ပြသခြင်း၊ ခေတ်ပေါ် အကများဖြင့် ဖျော်ဖြေခြင်းတို့အပြင် ချင်းတိုင်းရင်းသား တေးသံရှင်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

"ဒီလိုနေ့မှာ ချင်းတိုင်းရင်းသား လူကြီး၊ လူငယ်တွေအားလုံးပြန်လည်ဆုံစည်းတဲ့အပြင် ရိုးရာဝတ်စားဆင်ယင်မှုတွေနဲ့ ယဉ်ကျေးမှုတွေကိုလည်း အားလုံးမြင်တွေ့ရမှာဖြစ်ပါတယ်။ ရိုးရာယဉ်ကျေးမှုတွေကို ပြသရင်း တစ်ဦးနဲ့တစ်ဦး အသိအမှတ်ပြုလာအောင်၊ ချင်းလူမျိုးတွေအားလုံး စုစုစည်းစည်းနဲ့ သိုက်သိုက်ဝန်းဝန်းဖြစ်အောင် ဖော်ဆောင်တာပါ"ဟု (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ (၁) U Pachhunga (မီဇိုး) က အဆိုပါပွဲကျင်းပမှုနှင့်ပတ်သက်၍ ပြောသည်။

ယနေ့အခမ်းအနားတွင် ချင်းတိုင်းရင်းသား တိုင်းရင်းသူတို့၏ ရိုးရာအဝတ်အထည် အရောင်းဆိုင်များ၊ ရိုးရာအစားအသောက်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချသည့်အပြင် ချင်းတိုင်းရင်းသားတို့၏ မျိုးနွယ်စုအလိုက် ဘဝသရုပ်ဖော် ဓာတ်ပုံများကို ပြခန်းဖွင့်လှစ်၍ပြသခဲ့ရာ တိုင်းရင်းသားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်မကတော့ ကိုယ့်လူမျိုးကိုယ်စားပြု နှုတ်ဆက်စကားပြောတဲ့နေရာမှာ ပါဝင်ခဲ့ပါတယ်။ ကိုယ့်လူမျိုးရဲ့ ရိုးရာဝတ်စုံကိုဝတ်ပြီး ယဉ်ကျေးမှုတွေကို ဖော်ထုတ်ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီလိုနေ့မှာ ချင်းတိုင်းရင်းသားတွေရဲ့ မျိုးနွယ်စုအလိုက် ရိုးရာဝတ်စုံတွေနဲ့ ယဉ်ကျေးမှုတွေကို မြင်တွေ့ရတဲ့အတွက် ဗဟုသုတ အများကြီးရပါတယ်"ဟု အဆိုပါပွဲတွင် ပါဝင်သူ Beauty Lalzahawmi က ပြောသည်။




ချင်းအမျိုးသားနေ့ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မင်းတပ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယင်းနောက်တွင် ချင်းပြည်နယ်ရှိ ချင်းအမျိုးသားများသာမက ပြည်နယ်ပြင်ပနှင့် ပြည်ပနိုင်ငံများသို့ရောက်ရှိနေသော ချင်းတိုင်းရင်းသားများကလည်း ချင်းအမျိုးသားနေ့ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**✱ နေပြည်တော်မှ**

တောက်လျှောက် ကြိုးပမ်းခဲ့သော်လည်း ၅၉ မိနစ်တွင် ညာနောက်ခံလူ ဝေဖြိုး နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရသောကြောင့် အားပျော့ခဲ့ရသည်။ ဇွဲကပင်အသင်း ဂိုးထပ်ရနိုင်သည့် အပိုင်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဇွဲကပင်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၆ မိနစ်တွင် ကျော်စွာလင်းက သွင်းယူပေးခဲ့သည်။ နေပြည်တော်အသင်းသည် ယခုပွဲ ရှုံးနိမ့်မှုကြောင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

ပွဲစဉ်(၆) အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern၊ GFA၊ ရောဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီရရှိထားသည်။ မကွေးနှင့် Southern ပွဲကို ရွှေ့ဆိုင်းထားသောကြောင့် ငါးပွဲစီသာ ကစားရသေးသည်။

**(ရှိုင်းထက်ဇော်)**

**❍ မြန်မာမှ**

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် စင်ကာပူ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၁၈ အသင်းသည် ဧပြီလတွင် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သလို ဩဂုတ်လတွင်လည်း ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်မည်ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအပြီးတွင် အာရှယူ-၁၉ ခြေစစ်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF) သည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယင်းနောက်ပိုင်းတွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့ကာ ယခုအကြိမ်မှာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ်ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့ပြီး မြန်မာယူ-၁၈ အသင်းက ဗိုလ်စွဲခဲ့သည်။ AFF သည် အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အာရှ ယူ-၁၉ ပြိုင်ပွဲနှင့် ချိတ်ဆက်မိရန် ယခုနှစ်တွင် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

■

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၁၇)အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့(၁/၂၀၁၇) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိ ယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်ပရိ ယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာ ရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်းဆရာတော် အဘိ ဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဥတ္တမညာဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (ရန်ကုန်၊မန္တလေး)ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌ ဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာ သာဘိဝံသက အဖွင့်သမ္မောဒနီယ ဩဝါဒကထာမြွက်ကြားပြီး သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့ သော တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၂/၂၀၁၆)အစည်း အဝေးမှတ်တမ်းကို တင်ပြအတည်ပြု ချက်ရယူပြီး အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ် များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ဖတ်ကြားတင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၇)အစည်းအဝေးမှ တင်ပြ ချက်များအပေါ် ဝေဖန်ဆွေးနွေး ဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲ ရေးအဖွဲ့(ရန်ကုန်၊ မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အထွေထွေ ကိစ္စရပ်များ ဆွေးနွေးကြကာ သဘာ ပတိဆရာတော်က နိဂုံးချုပ်ဩဝါဒ ကထာမြွက်ကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများရက်သတ္တပတ် ကျင်းပမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်းကာ မြန်မာအမျိုးသမီးရက်သတ္တပတ် **(Women's Week -Myanmar)** ကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မတ်လ ၈ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီး များနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သော အဆိုပါအစီအစဉ်သည် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံအတွင်းရှိ မျက်မှောက်ခေတ်နှင့်အနာဂတ် အမျိုးသမီးထုစွမ်းအားမြှင့်တင်ရေးအတွက် နိုင်ငံတကာအထိမ်းအမှတ်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ကြောင်းသိရသည်။ ပညာပေးမှတ်တမ်းရုပ်ရှင် အစီအစဉ်များ၊ ဆွေးနွေးဟောပြောပွဲများ၊ အားကစားစွမ်းရည်ဆိုင်ရာလှုပ်ရှားမှု များ၊ စာပေဆွေးနွေးပွဲများအစရှိသည့် မတူညီသောအစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများရက်သတ္တပတ် **(Women's Week -Myanmar)** ကို နေပြည်တော်တွင်ကျင်းပမည့် ပြည်သူအားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက် မှု**(Creating Inclusive Growth)**ဖိုရမ်ဖြင့် စတင်မည်ဖြစ်ပြီး ဖွင့်ပွဲကို မတ် ၆ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဖိုရမ်သို့ နယ်ပယ်ပေါင်းစုံမှ ပုဂ္ဂိုလ်များတက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကို အဓိကထားဆွေးနွေး သွားမည်ဖြစ်သည်။

"ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာကြောင့် နိုင်ငံရဲ့လူ့စွမ်းအားကို အပြည့်အဝအကျိုးရှိရှိအသုံးချနိုင်ဖို့လိုပါတယ်။ တစ်နည်းပြောရရင်တော့ အမျိုးသမီးတွေရဲ့စွမ်းအားကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေရဲ့ အရည်အသွေးတွေကို ပြုစုပျိုးထောင်ပေးပြီး သူတို့ရဲ့ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အဘက်ဘက်ကပံ့ပိုးပေးခြင်းဖြင့် အမျိုးသမီးထုရဲ့ အစွမ်းအစတွေကို စီးပွားရေးကဏ္ဍမှာ အောင်မြင်မှုတွေ ရရှိလာနိုင်မှာဖြစ်ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပိုမို ကောင်းမွန်တဲ့ ရလဒ်တွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ကမ္ဘောဇဘဏ်၏ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ပြော သည်။

အဆိုပါ **Women's Week** ကို နိုင်ငံတကာသံရုံးများ၊ ပုဂ္ဂလိကနှင့် **NGO** အဖွဲ့အစည်းများကလည်း တာဝန်ယူပူးပေါင်းဆောင်ရွက်ပေးကြမည်ဖြစ် သကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ **(MNCWA)**၊ ကျား-မ ရေးရာ တန်းတူညီမျှရေးကွန်ရက်**(GEN)**၊ **UN Global Compact Myanmar**၊ ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့အစည်း **(UN Women)**၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ် **(UMFCCI)**၊ **Action Aid**၊ **Global Shapers** အဖွဲ့၊ **Australia-Myanmar Chamber of Commerce**၊ **British Chamber of Commerce**၊ **Professional Women's Network**၊ ကမ္ဘောဇအုပ်စု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်၊ **CityMartHoldings**၊ အခရာအမျိုးသမီးများအဖွဲ့ **(Akhaya Women)**၊ **Forever Group**၊ **Irrawaddy Publishing Group**နှင့် **Yangon Bakehouse** စသည့် လူမှုဝန်းကျင် အကျိုးပြုလုပ်ငန်းများက ပူးပေါင်းပါဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

**(ဝဝဝ)**

# ဝက်သက်ရောဂါကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ဝက်သက်ရောဂါကာကွယ်ဆေးကိုအကြိမ်ပြည့် မထိုး နှံထားပါက အသက်အရွယ်မရွေး ရောဂါကူးစက်ဖြစ်ပွားနိုင်သည်။ လွန်စွာ ကူးစက်လွယ်၍ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သည်။



**ဝက်သက်ရောဂါ၏ရောဂါလက္ခဏာများ**

- ဖျားခြင်း၊
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနီစက်၊ အနီရောင်အဖုအပိမ့်များ ထွက်ပေါ်ခြင်း (အရည်ကြည်ဖုများမဟုတ်ပါ)၊
- ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်းနှင့် မျက်လုံးနီ၍မျက်ဝတ်ထွက်ခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားပြီးနောက် အဆုတ်ရောင်ခြင်း(နမိုးနီးယား)၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်းစသည့် နောက်ဆက်တွဲရောဂါများဖြစ်ပွားတတ်ပြီး အသက်သေဆုံးနိုင်ပါသည်။

**ရောဂါကူးစက်ပုံနည်းလမ်း**

ဝက်သက်ရောဂါသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှတစ်ဆင့် အဓိက ကူးစက်တတ်ပြီး နှာခေါင်းနှင့်လည်ချောင်းတို့မှ ထွက်ရှိသောအရည်များကို ထိတွေ့မိခြင်း၊ လူနာနှင့်အနီးကပ်ထိတွေ့နေထိုင်ခြင်းတို့မှတစ်ဆင့် ကူးစက် ပြန့်ပွားနိုင်သည်။

**ဝက်သက်ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက်-**

- ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကလေးအသက်(၉)လတွင် ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးကိုလည်းကောင်း၊ အသက် (၁၈)လတွင် ဝက်သက်ရောဂါကာကွယ်ဆေးကိုလည်းကောင်း မပျက် မကွက်ထိုးနှံပါ။
- မိမိရပ်ကွက်၊ ကျေးရွာအတွင်း ဝက်သက်ရောဂါဖြစ်ပွား၍ တုံ့ပြန် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်း များဆောင်ရွက်ပါက မပျက်မကွက်သွားရောက်ထိုးနှံပါ။
- မိမိရပ်ရွာအတွင်း ဝက်သက်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသော အသက်(၅)နှစ်အောက် ကလေးများကိုတွေ့ရှိပါက ပုံမှန်ကာကွယ်ဆေး ထိုးစုရပ်များသို့ သွားရောက်ထိုးနှံနိုင်ရန် အသိပေးတိုက်တွန်းပါ။
- ဝက်သက်ရောဂါလက္ခဏာများဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေး ဌာနသို့ ချက်ချင်းသတင်းပို့၍ ထိရောက်သောဆေးကုသမှုခံယူပါ။
- ရောဂါဖြစ်ပွားသူလူနာများအနေဖြင့် လူအများစုဝေးရာနေရာသို့ သွားရောက်ခြင်းမှရှောင်ကြဉ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် ပါးစပ်နှင့်နှာခေါင်းကို လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ။ လက်ကိုင်ပဝါအဆင်သင့်မရှိပါက ပါးစပ်နှင့် နှာခေါင်းကို လက်မောင်းဖြင့်ဖုံးအုပ်၍ ချောင်းဆိုး၊ နှာချေပါ။
- လူနာ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ပြီးလျှင်ဖြစ်စေ၊ လူနာအား ပြုစုပြီးလျှင်ဖြစ်စေ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စင်ကြယ်အောင် ဆေးကြောပါ။ မကြာခဏလက်ဆေးပါ။
- ဝက်သက်ရောဂါ၏ ပြင်းထန်သော နောက်ဆက်တွဲရောဂါများမှ ကာကွယ်နိုင်ရန် အာဟာရပြည့်ဝစွာစားသုံးပါ။

**ဝက်သက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ထိရောက်စွာကာကွယ်ပေးနိုင်သည်။**

# လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းဆင်းပွဲ ကျင်းပ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်စက်မှု လယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ် သော လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၃ နာရီ တွင် စက်မှုလယ်ယာဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးစတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားပြီး စက်မှု လယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းက တိုင်းဒေသကြီး ငါးခု တွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဖွင့်လှစ်ပေးခြင်းဖြစ် ကြောင်း၊ သင်တန်းဆရာများအား မြောင်းမြမြို့ အလတ်စားစက်မှုလယ်ယာ ဦးစီးဌာနမှ စက်မှုကျွမ်းကျင်များနှင့် သင်ကြားပို့ချပေးခဲ့ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ စက်မှုလယ်ယာဦးစီး ဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ် ရေးမှူးတို့က သင်တန်းဆင်းလက်မှတ် များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဝန်ထမ်းသစ်ခန့်ထားရေးစာမေးပွဲဖြေဆို

**မုံရွာ ဖေဖော်ဝါရီ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လစ်လပ် နေသော ဝန်ထမ်းနေရာများအတွက် ဝန်ထမ်းသစ်ခန့်ထားရေး အင်္ဂလိပ်စာ ဘာသာရပ် မေးခွန်းဖြေဆိုမှုကို ဖေဖော်ဝါရီ ၁၉ ရက်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးစိုက်ရာ ဒေသအသီးသီး၌ တစ်ပြိုင်တည်း ဖြေဆိုကြရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လျှောက်ထားသူ အမျိုးသား ၂၄၃ ဦး၊ အမျိုးသမီး ၅၅၇ ဦးအနက် လာရောက်ဖြေဆိုသူ အမျိုးသား ၁၆၅ ဦး၊ အမျိုး သမီး ၃၆၁ ဦး ရှိပြီး ဖြေဆိုသူ ၆၅ ဒသမ ၇၅ရာခိုင်နှုန်းရှိသည်။

စာမေးပွဲကျင်းပရာ မုံရွာစီးပွားရေးတက္ကသိုလ်သို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လဝက တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းဝင်းနှင့် မုံရွာခရိုင်ဦးစီးမှူး ဦးမင်းအောင်တို့က စာမေးပွဲဖြေဆိုနေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့ ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာ နေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ရဟန်းရှင်လူ၊ မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ။

မကြာခင်မှာ ကြားဖြတ်ရွေးကောက်ပွဲကြီး ကျင်းပပါတော့မယ်။

မဲဆန္ဒရှင်များရဲ့ အဆုံးအဖြတ်ဟာ ဘယ်လောက်အရေးပါသလဲ၊ နိုင်ငံရဲ့အနာဂတ်ကို ဘယ်လောက်ထင်ဟပ်စေခဲ့သလဲ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးရဲ့ ဒုတိယသက်တမ်းမှာ ရဟန်းရှင်လူ၊ မိဘပြည်သူများကိုယ်တိုင် နဖူးတွေ့၊ ဒူးတွေ့ တွေ့ကြုံခံစားခဲ့ရပြီးဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်လူမျိုး၊ ကိုယ့်အကျိုးစီးပွားပေါ်မှာသာ ရပ်တည်ခဲ့ကြပြီး ဒီနေ့ မြန်မာ့နိုင်ငံရေးပါတီတွေအထဲမှာ ဘယ်ပါတီက အမျိုးသားအကျိုးစီးပွားအပေါ်မှာ ဘယ်လောက်ရပ်တည်နိုင်ခဲ့ကြတယ်၊ ဥပဒေပြုရေးကို ဘယ်လောက်အထိ စွမ်းဆောင်နိုင်ခဲ့ကြတယ်ဆိုတာကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေ့-

(၁) နိုင်ငံတကာဖိအားတွေကို ကြီးကြီးမားမား ခံစားနေရတယ်။
(၂) စီးပွားရေးကျဆင်းမှုကို လူတန်းစား သုံးရပ်လုံး တွေ့ကြုံနေရဆဲဖြစ်ပါတယ်။
(၃) အခြေခံလူတန်းစား အလွန်အမင်း ကျပ်တည်းလာနေပါတယ်။
(၄) ပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမားလုပ်ဆောင်နိုင်တာ မတွေ့ရပါဘူး။
(၅) လွတ်လပ်စွာ ထုတ်ဖော်ခွင့်မှာ နည်းဥပဒေပြဋ္ဌာန်းခြင်းမရှိသေးတဲ့ ပုဒ်မ ၆၆(ဃ) လိုကြောင့် မီဒီယာတွေအပါအဝင် ပြည်သူလူထု ဒီမိုကရေစီနဲ့ ပြန်လည်ဝေးကွာသလို ခံစားနေရပါတယ်။
(၆) စီမံခန့်ခွဲမှုများယွင်းခြင်းကြောင့် အခြေခံလူတန်းစားများ စီးပွားရေး၊ လူမှုရေးဒုက္ခများနဲ့ ရင်ဆိုင်နေရတယ်။
(၇) ပြစ်မှု၊ ပြစ်ဒဏ် လိုက်လျောညီထွေစွာ မပြင်ဆင်နိုင်မှု၊ အုပ်ချုပ်ရေးကဏ္ဍရဲ့ အရေးယူဆောင်ရွက်မှု အားနည်းခဲ့ခြင်းအတွက်ကြောင့် ရာဇဝတ်မှုတွေ တစ်ဟုန်ထိုးကြီးထွားလာခဲ့တယ်။
(၈) ခိုးဝင်ဘင်္ဂါလီတွေ၊ လက်နက်တွေ၊ မူးယစ်ဆေးဝါးတွေ အဆီးအတားမဲ့နီးပါးလောက် ဖြစ်နေတာကိုလည်း တွေ့ရတယ်။
(၉) မြန်မာ့ငွေကြေး အလွန်တရာ ကျဆင်းသွားခဲ့တဲ့အတွက်ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကိုလည်း ပြည်သူတွေ အကူအညီမဲ့ ခံစားနေရသလိုဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အမျိုးသားတိုးတက်ရေးပါတီရဲ့ ကြားဖြတ်ရွေးကောက်ပွဲဝင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေက-

- နိုင်ငံရေးစီမံခန့်ခွဲမှု၊
- စီးပွားရေးစီမံခန့်ခွဲမှု၊
- ပြည်သူ့ရေးရာစီမံခန့်ခွဲမှု

ဆိုတဲ့ နိုင်ငံတစ်ခုရဲ့ အရေးအကြီးဆုံးစီမံခန့်ခွဲမှု သုံးမျိုးလုံးကို ကောင်းစွာလေ့ကျင့်သင်ကြား၊ လက်တွေ့ဆောင်ရွက်နေကြသူများဖြစ်ပြီး ပညာတတ်၊ ပညာရှင်အများစုနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်ပါတယ်။

ပါတီရဲ့ ထူးခြားချက်က ၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း "အာဏာ" ဟာ ရည်မှန်းချက်မဟုတ်ပါဘူး။ မျိုးဆက်သစ်တွေကို နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကောင်း ပညာရပ်တွေ လက်ဆင့်ကမ်းပေးသွားရင်းနဲ့ နိုင်ငံတည်ဆောက်ရေးကို ပံ့ပိုးပေးသွားဖို့သာ ပါတီရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။

ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်ကို ပြည်သူတွေ ကျေနပ်မှုမရှိတဲ့အခါမှာ ကိုယ်စားလှယ်အဖြစ် ပြန်လည်ရုပ်သိမ်းခွင့်ဟာ အခုထက်ထိ ချောင်ထိုးထားခြင်းခံနေရပါတယ်။ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တွေသာ အရွေးချယ်ခံရမယ်ဆိုရင် ပြည်သူကို ကိုယ်စားပြုတဲ့ ဥပဒေတွေကို အစဉ်လိုက်၊ အတန်းလိုက် အဆိုပြုတင်သွင်းသွားမှာဖြစ်ကြောင်း ရဟန်းရှင်လူ၊ မိဘပြည်သူတွေကို ဒီနေရာက အသိပေးလိုပါတယ်။ ကတိပေးလိုပါတယ်။

အမျိုးသား အကျိုးစီးပွားပေါ်မှာရပ်တည်တဲ့ ဥပဒေတွေ၊ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုကို အားပေးမယ့်ဥပဒေတွေ၊ အမျိုးဘာသာ၊ သာသနာအပေါ် ကာကွယ်စောင့်ရှောက်နိုင်မယ့် ဥပဒေတွေ၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အထောက်အပံ့ပြုမယ့် ဥပဒေတွေကိုတန်းစီပြီး အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ လွှတ်တော်ထဲရောက်ပါစေ၊ လွှတ်တော်ကြီးအရင်ကနဲ့မတူ အပြောင်းအလဲ ကြီးကြီးမားမားနဲ့ နိုးကြားသွားစေမှာဖြစ်ပါတယ်။

## ပါတီရဲ့ အခြေခံရပ်တည်ချက်နှင့် မူဝါဒ

- တိုင်းရင်းသား ၁၃၅ မျိုးလုံးနဲ့ နိုင်ငံသားဖြစ်ပြီးသားသူတွေရဲ့ အမျိုးသား အကျိုးစီးပွားအပေါ်မှာ ပြတ်ပြတ်သားသား ရပ်တည်သွားပါမယ်။
- မူဝါဒ၊ အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။
- တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊ မှန်ကန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပုံစံ ကျင့်သုံးနိုင်ရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊
- အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် နိုင်ငံရေးဝန်းကျင်သစ်၊ ပညာအခြေခံ လူ့အဖွဲ့အစည်းသစ်ဖြစ်ပေါ်ရေး၊
- အမျိုးသားအကျိုးစီးပွားအပေါ်မှာ အခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန် အစွန်းမရောက်ဘဲ ပြုစုပျိုးထောင်ပေးသွားမှာဖြစ်ပါတယ်။

## တိုင်းရင်းသားများကဏ္ဍ

အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစွဲ၊ ဒေသစွဲတွေ ပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသောနိုင်ငံ၊ ရည်မှန်းချက်တစ်ခုတည်း၊ အညီအမျှဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် ချစ်ခင်လေးစားမှုရှိပြီး ငြိမ်းချမ်းတဲ့၊ သံသယကင်းတဲ့ အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်။

## စီးပွားရေးကဏ္ဍ

စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုရာမှာ လူတန်းစား သုံးရပ်ရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် ရာနှုန်း ၇၀ ကျော်ရှိသေးတဲ့ အခြေခံလူတန်းစားရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။

- အခြေခံလူတန်းစားတွေ ပထမအဆင့် ဦးဆုံးချောင်လည်ရမှာ ဖြစ်ပါတယ်။ ဒုတိယအဆင့် ဝင်ငွေတိုးတက်မှုရှိစေရပ့်ါမယ်။
- အလယ်အလတ်လူတန်းစားတွေ ပထမအဆင့် လုပ်ငန်း၊ ဈေးကွက်၊ နည်းပညာရယူနိုင်ရပ့်ါမယ်။ ဒုတိယအဆင့် သူတို့ ချမ်းသာလာကြရပ့်ါမယ်။
- အပေါ်လွှာလုပ်ငန်းရှင်တွေ ပထမအဆင့် လုပ်ငန်းတိုးချဲ့နိုင်ကြရပ့်ါမယ်။ ဒုတိယအဆင့် နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး နိုင်ငံတကာလုပ်ငန်းရှင်ကြီးတွေဖြစ်အောင် ပံ့ပိုးပေးရပ့်ါမယ်။

## တောင်သူလယ်သမား၊ အလုပ်သမားများကဏ္ဍ

လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။

ဒီနေ့ လယ်သမားတွေအနေနဲ့ အကြွေးနွံတောထဲမှာ နစ်နေတာကို စစ်တမ်းများအရ တွေ့နိုင်ပါတယ်။ ငွေကြေး၊ အရင်းအနှီးပံ့ပိုးမှု၊ နည်းပညာပံ့ပိုးမှု၊ မှန်ကန်တဲ့ဈေးကွက်ချိတ်ဆက်မှု၊ ဘယ်လိုထွက်ကုန်တွေက လယ်ယာဦးကြီးများအတွက် အကျိုးကျေးဇူးအဖြစ်ဆုံးဆိုတာကို သုတေသနတွေပြုလုပ်ပြီး စီမံခန့်ခွဲပေးတဲ့အထိ အမျိုးသားတိုးတက်ရေးပါတီမှာ အစီအစဉ်တွေရှိပါတယ်။

အလုပ်သမားတွေအနေနဲ့လည်း လုပ်ခလစာနည်းပါးတဲ့ သာမန်အထွေထွေလုပ်သားဘဝကနေ ကျွမ်းကျင်မှုပညာတွေ မျှဝေပြီး ကျွမ်းကျင်လုပ်သားများအဖြစ် သူတို့ဘဝကို မြှင့်တင်ပေးကြရပါလိမ့်မယ်။ သူတို့ရဲ့ ပျောက်ဆုံးနေတဲ့ ဘဝအာမခံချက်ကို သူတို့ကိုယ်တိုင် ထင်ထင်ရှားရှားသိအောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။

## ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ

အာဆီယံမှာ ပခုံးချင်းယှဉ်နိုင်ဖို့အတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို မူကြို၊ သူငယ်တန်းကအစ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်ပါမယ်။ သင်ကြားတဲ့ ဘာသာ၊ သင်ရိုးညွှန်းတမ်း၊ ပညာရပ်ဆိုင်ရာ ထောက်ကူပစ္စည်း၊ ဆရာ ဆရာမတွေရဲ့ အရည်အချင်းမြှင့်တင်မှုစတာတွေကို တစ်ခုလုံး ပြုပြင်ပြောင်းလဲရေးလုပ်သွားရပါမယ်။

ကျန်းမာရေးအပိုင်းမှာလည်း ကုသရေး၊ ကြိုတင်ကာကွယ်ရေး၊ စောင့်ရှောက်ရေးအပိုင်းတွေကို ထည့်သွင်းစဉ်းစားကြရပါလိမ့်မယ်။ မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးနဲ့ ကျန်းမာရေးပိုင်းကို ရေရှည်စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

## အုပ်ချုပ်ရေးကဏ္ဍ

အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးတချို့လုပ်တာကိုတော့ တွေ့ရပါတယ်။ ဒါပေမယ့် စာတွေ့နဲ့ လက်တွေ့ အရည်အချင်းနှစ်ပါးနဲ့ ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကြံ့ခိုင်တဲ့အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာ စီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့လိုပါတယ်။ ဆုံးဖြတ်ရဲတဲ့သူတွေ၊ ဦးဆောင်ရဲတဲ့သူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန် ချမှတ်နိုင်သူတွေ ဖွဲ့စည်းထားဖို့လိုပါတယ်။

ဗဟိုအစိုးရသာမက ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

## ဥပဒေပြုရေးနဲ့ တရားစီရင်ရေး



ဒီနေ့ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုပါသေးတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အပံ့ပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ် မျှတတဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ အတော်လိုအပ်နေပါသေးတယ်။ ပြည်သူအခြေပြုဥပဒေဖြစ်ရပ့်ါမယ်။ အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ ဥပဒေဖြစ်ရပ့်ါမယ်။

အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ ရွေးချယ်ခံရမယ်ဆိုရင် ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်လောင်းရဲ့ ပိုင်ဆိုင်မှုကို ပြည်သူတွေသိအောင် ကြေညာသွားပ့်ါမယ်။ အဲဒီ ဥပဒေဖြစ်တည်ရေးအတွက် ကြိုးစားသွားပ့်ါမယ်။ ကိုယ်စားပြုမဲဆန္ဒရှင်တွေရဲ့ အကျိုးစီးပွားကို မထမ်းဆောင်နိုင်လို့ ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းချင်ရင်လည်း ရုပ်သိမ်းနိုင်အောင် Right to recall ဆိုတဲ့ ကိုယ်စားလှယ်အဖြစ်က ပြန်လည်ရုပ်သိမ်းရေး ဥပဒေကို နည်းဥပဒေထွက်အောင်လို့ လိုက်နာကျင့်သုံးနိုင်အောင်လို့ အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။

## နိုင်ငံတကာဆက်ဆံရေး

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျကျ တည်ရှိနေပေမယ့် နိုင်ငံရဲ့ စီးပွားရေးတောင့်တင်းမှုမရှိသေးတဲ့အတွက်ကြောင့် တခြားနိုင်ငံတွေထက် နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီး အရေးကြီးတဲ့အခြေအနေကို ရောက်ရှိနေပါတယ်။ အထူးသဖြင့် လောလောဆယ်ရင်ဆိုင်နေရတဲ့ ရခိုင်ဒေသ၊ အရှေ့မြောက်စစ်ပွဲများ နိုင်ငံတကာရဲ့ဖိအားတွေဟာ နိုင်ငံအတွက် အလွန်တရာကြီးမားလှပြီး နိုင်ငံတကာဆက်ဆံရေး လိမ္မာပါးနပ်မှု မရှိခဲ့ရင် မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ထိပါးနိုင်တဲ့ အခြေအနေဖြစ်တာကို ရဟန်းရှင်လူ၊ ပြည်သူအများ အတော်အတန်သိပြီးဖြစ်တယ်လို့ ယူဆပါတယ်။

အမျိုးသားတိုးတက်ရေးပါတီရဲ့ နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ "ကြားနေမူဝါဒ" ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ပါးနပ်လိမ္မာတဲ့ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတကာဖိအားများ လျော့ကျရေးဟာ နိုင်ငံတကာဆက်ဆံရေးနဲ့ များစွာဆက်စပ်နေတယ်ဆိုတာကို အမျိုးသားတိုးတက်ရေးပါတီက ကောင်းစွာသဘောပေါက်နားလည်ထားပြီးဖြစ်ပါတယ်။

## လူငယ်မျိုးဆက်သစ်

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေရဲ့ အနာဂတ်ဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အခုဆိုရင် စီးပွားရေးမဟာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး မဟာဘွဲ့၊ နိုင်ငံရေးစီမံခန့်ခွဲရေး ဘွဲ့လွန်နဲ့ မဟာဘွဲ့ အရေအတွက် ၄၀၀၀ လောက်ကို မွေးထုတ်ပေးခဲ့ပြီး ပါရဂူဘွဲ့ ပထမအသုတ် ကိုးဦး၊ ဒုတိယအသုတ် ငါးဦးကို လေ့ကျင့်ပျိုးထောင်ဆဲဖြစ်ပါတယ်။

## နိဂုံးချုပ်

အစိုးရတစ်ရပ်ကိုပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုပဲ ဖြစ်ဖြစ် ရွေးချယ်ပေးလိုက်တယ်ဆိုရာမှာ အမျိုးသားအကျိုးစီးပွားကို ပြည်သူကိုယ်စား ထမ်းဆောင်စေလိုက်ခြင်းပဲ ဖြစ်ပါတယ်။ 'အမျိုးသားရေးစိတ်ဓာတ်' ဆိုတာ မရှိဘဲ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်လို့မရပါဘူး။ အမျိုးသားရေးစိတ်ဓာတ်ဆိုတာ အစွန်းရောက်စိတ်ဓာတ်မျိုး မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်မျိုး။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို အဓိကထားတဲ့ စိတ်မျိုး၊ ပြောရရင် အခုအမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ "အမေရိကန်သာ ပထမ" ဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီဟာ "မြန်မာနိုင်ငံသာ ပထမ" ဆိုတာကို အခြေခံထားပြီး တစ်ခုတည်းသော စီးပွားရေး၊ နိုင်ငံရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ ပါရဂူဘွဲ့တွေကို စာတွေ့သာမကဘဲ လက်တွေ့ပါ အတွေ့အကြုံရှိ ပညာတတ်အများစုနဲ့ ဖွဲ့စည်းထားတဲ့ ပညာအခြေခံနိုင်ငံရေးပါတီတစ်ခုဖြစ်တယ်ဆိုတာကို ရဟန်းရှင်လူ၊ ပြည်သူတစ်ရပ်လုံးကို လေးစားစွာ အသိပေးလိုပါတယ်။

အမျိုးသားအကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာအပေါ် အလေးထားဆောင်ရွက်မယ့်ပါတီဖြစ်ပြီး အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ အရွေးချယ်ခံရမယ်ဆိုရင် ဥပဒေပြုရေး ဝန်းကျင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား၊ နိုးနိုးကြားကြား ဖြစ်သွားစေမှာဖြစ်ပြီး ဥပဒေပြုရေးကတစ်ဆင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကိုပါ များစွာအထောက်အကူ အကျိုးပြုနိုင်ပါလိမ့်မယ်လို့ အသိပေးလိုပါတယ်။

ဒါကြောင့်
-ဦးဆောင်သူကိုလည်းကြည့်ပါ၊
-ပါတီကိုလည်းကြည့်ပါ၊
-ကိုယ်စားလှယ်လောင်းကိုလည်း လေ့လာပြီးတော့

အမှန်တကယ် ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအကျိုးအတွက် စဉ်းစားကြမယ်ဆိုရင် အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်လောင်းကိုသာ မဲထည့်ခြင်းနဲ့ စနစ်တစ်ခုကို အမှန်တကယ် စစ်စစ်မှန်မှန် ပြောင်းလဲနိုင်ပါလိမ့်မယ်လို့ တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတယ်။ ကျန်းမာချမ်းသာကြပါစေ။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ကယားပြည်နယ်မှ မဲဆန္ဒရှင်များ လာရောက်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသည့် ဦးရဲရင့်ဦး ဦးဆောင်သော ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၃၀၀ နှင့် ခွန်းဘားနဒ်ဘုတ် ဦးဆောင်သော ကယားပြည်နယ်မှ မဲဆန္ဒရှင် ၃၄ ဦးတို့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ မဲဆန္ဒနယ်သတ်မှတ်ကြေညာခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် စိစစ်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား စစ်ဆေးခြင်းနှင့် အယူခံမှုများအား စုံညီခုံရုံးဖြင့် စစ်ဆေးခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် မဲဆန္ဒရှင်များ၏ မေးမြန်းချက်များကို ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# AFC Cup 2017 ပြိုင်ပွဲမှ မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည့် ပွဲစဉ်များ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

AFC Cup 2017, Myanmar Club ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားမည်ဖြစ်၍ ပြိုင်ပွဲကျင်းပမှုများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

AFC Cup 2017,Myanmar Club Matches

| No | Date | Match | Time | Group | Week | Venus |
|---|---|---|---|---|---|---|
| 1 | 21-2-2017 | Global Vs Magwe | 6:00PM | Group F | Week 1 | Rizal Memorial Stadium,Manila |
| 2 | 22-2-2017 | Yadanarbon Vs Home United | 5:00PM | Group H | Week 1 | Mandalar Thiri Stadium,Mandalay |
| 3 | 7-3-2017 | Magwe Vs Johor Darul Ta'zim | 3:30PM | Group F | Week 2 | Thuwunna Stadium, Yangon |
| 4 | 8-3-2017 | Than Quang Ninh Vs Yadanarbon | 5:30PM | Group H | Week 2 | My Dinh National Stadium,Hanoi |
| 5 | 14-3-2017 | Boeung Ket Vs Magwe | 5:30PM | Group F | Week 3 | Olympic Stadium,Phnom Penh |
| 6 | 5-4-2017 | Magwe Vs Boeung Ket | 3:30PM | Group F | Week 4 | Thuwunna Stadium,Yangon |
| 7 | 18-4-2017 | Home United Vs Yadanarbon | 5:00PM | Group H | Week 5 | Jalan Besar Stadium,Singapore |
| 8 | 19-4-2017 | Magwe Vs Global | 3:30PM | Group F | Week 5 | Thuwunna Stadium,Yangon |
| 9 | 2-5-2017 | Yandanarbon Vs Than Quang Ninh | 5:00PM | Group H | Week 6 | Mandalar Thiri Stadium,Mandalay |
| 10 | 3-5-2017 | Johor Darul Ta'zim Vs Magwe | 7:05PM | Group F | Week 6 | Tan Sri Dato Haji Ta'zim Hassan Yunos Stadium,Johor Bahru |

# သွေးကင်ဆာကလေးငယ်များကို ရောဂါအမျိုးအစားခွဲခြား၍ ထိရောက်သောကုသမှုများဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့မည့်ရန်ပုံငွေအဖွဲ့ ဖွဲ့စည်း

**မန္တလေး ဖေဖော်ဝါရီ ၂၀**

သွေးကင်ဆာ ကလေးငယ်ဖြစ်ပွားမှု ဦးရေသည် ၂၀၁၆ ခုနှစ်အထိ စာရင်းများအရ ၈၀ အထိရှိလာသဖြင့် အမျိုးအစားခွဲခြား၍ ထိရောက်သောကုသမှုများ ဆောင်ရွက်နိုင်ရန် သွေးကင်ဆာကလေးငယ်များကူညီရေး ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း ယင်းဆေးရုံမှ အသည်းရောဂါနှင့် ကင်ဆာဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာရီရီကျော်က ပြောသည်။

"၂၀၁၀ ခုနှစ် တုန်းကဆိုရင် လူနာဦးရေ ၃၀ ပဲ ရှိရာကနေ ၂၀၁၆ ခုနှစ် မှာ ၈၀ အထိ ဖြစ်လာတယ်။ သွေးကင်ဆာကလေးတွေကို ခေါင်းစဉ်တစ်ခုတည်းမဟုတ်ဘဲ အမျိုးအစားခွဲဖို့ လိုလာပါတယ်။ အမျိုးအစားခွဲမှ ထိရောက်တဲ့ကုသမှုတွေ လုပ်နိုင်မယ်။ အမျိုးအစားတစ်ခုချင်းစီကို အပြင်ဓာတ်ခွဲခန်းမှာ စမ်းသပ်ရင် တစ်မျိုးကို ကျပ်လေးသောင်းနဲ့ လေးမျိုးဆိုရင် ငွေကျပ်တစ်သိန်းခြောက်သောင်း လောက်ကျမယ်။ ကလေးတွေကို အမျိုးအစားခွဲခြားတဲ့နေရာမှာ ပိုက်ဆံမယူဘဲ ကူညီပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းလိုက်တာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ခုတင် (၃၀၀) ဆံ့ ကလေးဆေးရုံကြီးတွင် သွေးကင်ဆာ ကလေးငယ်များ ကူညီရေး ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သွေးကင်ဆာ ကလေးငယ်များကူညီရေး ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားတွင် အလှူငွေကျပ် ၆၆ သိန်းကျော်ရရှိပြီး ပထမအဆင့်အနေဖြင့် သွေးကင်ဆာ အမျိုးအစားခွဲခြင်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေပိုမိုတောင့်တင်းခိုင်မာလာပြီး အဖွဲ့အစည်း အသက်ဝင်လာပါက ဆေးကုသမှုအပိုင်းတွင် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးနိုင်ရန်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

သွေးကင်ဆာလူနာများအနေဖြင့် ဆေးကုသမှုခံယူရန် မလာရောက်နိုင်သည့် လူနာများနှင့် ခရီးဝေးမှလာသည့် လူနာများကို လမ်းစရိတ်များ ထောက်ပံ့နိုင်ရန်အထိ ရည်ရွယ်ထားပြီး ပထမတစ်နှစ်အနေဖြင့် အမျိုးအစားခွဲသည့် စမ်းသပ်မှုထိသာ ထောက်ပံ့မှုပြုနိုင်မည်ဖြစ်ကာ နောက်ပိုင်းတွင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို နောင်လာမျိုးဆက်သစ်များအား ဆက်လက်လက်ဆင့်ကမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့တော်ကြီးများတွင် ကုန်စည်ပြပွဲများ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်လာစေရန်ရည်ရွယ်ပြီး ပြည်ပပို့ကုန်အလားအလာရှိသော ဒေသထွက်ကုန်စည်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့တော်ကြီးများဖြစ်သည့် မကွေးမြို့ မြို့တော်ခန်းမတွင် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ပုသိမ်မြို့ မြို့တော်ခန်းမတွင် မတ် ၁ ရက်မှ ၃ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် မတ် ၂ ရက်မှ ၄ ရက်အထိလည်းကောင်း၊ မုံရွာမြို့ မြို့တော်ခန်းမနှင့် မော်လမြိုင်မြို့ ရာမညကုန်သွယ်မှုဗဟိုဌာနတို့တွင် မတ်လ တတိယပတ်၌လည်းကောင်း ပြပွဲများကျင်းပမည်ဖြစ်သည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရန်ကုန် ဖုန်း-၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com၊ website:www.trade.gov.mmနှင့် နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၂၃၊ Email:domestictp2015@gmail.comနှင့် နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၆၊ Email:moctradefair @gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ပဲခူး-ကျိုက်ထို-ဘားအံ-ကျိုက်ထို-ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့နှင့် Joy Trading Co.,Ltd. တို့ပူးပေါင်း၍ မတ် ၂၃ ရက်မှ မတ် ၂၆ ရက်အထိ ပဲခူး-ကျိုက်ထို-ဘားအံ-ကျိုက်ထို-ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် စက်ဘီးအားကစားကို စိတ်ပါဝင်စားပြီး ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် မတ် ၂၀ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၅၀၂၀၅၆၅၁၊ ၀၉-၉၆၄၉၂၂၂၇၀ နှင့် ၀၉-၃၃၃၀၈၀၀၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သိရသည်။

**(မောင်မောင်ဇော်)**



**ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ဆောင်ရွက်သည့် ကြံခင်းတန်းလမ်းကတ္တရာလမ်းသစ်ခင်းကျင်းနေမှုကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့်အဖွဲ့ ကြီးကြပ်စစ်ဆေးဆောင်ရွက်စဉ်။**
(၁၄၃)




**မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မြို့နယ်ပြန်/ဆက် ဦးစီးဌာနနှင့် အမက(၄) ကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပစဉ်။**
(ဝင်းမင်း)

# အက်ဖ်အေဖလားကွာတားဖိုင်နယ်တွင် ချယ်လ်ဆီးနှင့် မန်ယူ ထိပ်တိုက်တွေ့နေ




အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို မဲခွဲခဲ့ရာတွင် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့သည် ထိပ်တိုက်တွေ့ဆုံနေပြီး ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားပဉ္စမအဆင့်တွင် ဝုဖ်ဗာဟမ်တန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နည်းပြ မော်ရင်ဟို၏ မန်ယူအသင်းသည်လည်း ဘလက်ဘန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

အခြားသောပွဲစဉ်များအဖြစ် စပါးအသင်းသည် မီဝေါလ်အသင်းနှင့်လည်းကောင်း၊ မစ်ဒယ်ဘရော့အသင်းမှာ ဟက်ဒါစဖီးလ်အသင်း သို့မဟုတ် မန်စီးတီးအသင်းနှင့်လည်းကောင်း၊ လင်ကွန်အသင်းမှာ ဆက်တန်အသင်းသို့မဟုတ် အာဆင်နယ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေခြင်းကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအနက် ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲစဉ်တစ်ပွဲအဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီအတွက်လည်း ယခုနှစ်ဘောလုံးရာသီ၏ အကြီးမားဆုံးသောပွဲစဉ်များအနက်မှ တစ်ပွဲအပါအဝင်ဖြစ်လာခဲ့ပြီဖြစ်သည်။

မန်ယူအသင်း၏ ခြေစွမ်းသည် လက်ရှိတွင် အမြင့်ဆုံးအနေအထားတွင် ရှိနေသည်ဟုဆိုရမည်ဖြစ်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင် စိန့်အက်စ်တီယန်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် (၁၆)သင်းအဆင့်တက်ရန် နီးစပ်မှုရှိနေသည်။ ထို့ပြင် အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ်လည်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ဝင်ဘလေကွင်း၌ ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ လက်ရှိတွင် ပရီမီယာလိဂ်တွင်မူ အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိပြီး ချန်ပီယံလိဂ်ဝင်ရန်အတွက် ရုန်းကန်ရဦးမည်ဖြစ်သည်။

ပရီမီယာလိဂ်ဖလားသည် ချယ်လ်ဆီးဖလားဟု မပြောနိုင်သေးသော်လည်း ဆုဖလားရယူရန်လက်တစ်ကမ်းအကွာအနေအထားသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဆုဖလားနှင့် နီးစပ်ခဲ့ခြင်းမှာ ဥရောပပြိုင်ပွဲဖိအားမရှိခဲ့ခြင်းကြောင့်ဟုပင် ဆိုရမည်ဖြစ်သည်။ မန်ယူအသင်းနည်းပြ မော်ရင်ဟိုကမူ ချယ်လ်ဆီးအသင်းမှာ ပရီမီယာလိဂ်ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံရန်အဆင်သင့်ဖြစ်နေပြီဟု ပြောကြားခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းမှာ ပရီမီယာလိဂ်ဖလားရရှိရန်နီးစပ်နေသည့်အပြင် ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ဥရောပဖိအားမရှိသည့် ချယ်လ်ဆီးအသင်းအက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဆုဖလားရရှိမည့်အသင်းအဖြစ် နံပါတ်(၁)နေရာမှ ရေပန်းစားနေပြီး အက်ဖ်အေဖလားဆုရရှိမှုအတွက် မန်ယူအသင်းမှာ ဒုတိယရေပန်းစားနေသည့်အသင်းအဖြစ် သုံးသပ်ထားကြသည်။ အက်ဖ်အေဖလားရရှိခဲ့သည့်သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့မှာ ဆုဖလား(၁၂)ကြိမ်စီဖြင့် ဆုအများဆုံးဆွတ်ခူးထားကြသည်။ ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့၏ အက်ဖ်အေဖလားကွာတားဖိုင်နယ် အဆင့်ပွဲစဉ်ကို မတ်လတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ငွေကြယ်)**

# တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ် ချိတ်ဆက်လာ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ဆဲလ်တစ်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအားခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မိုင်ရာသတင်းဌာနက သတင်းဖော်ပြသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသက်(၂၀)အရွယ်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအား စိတ်ဝင်စားလျက်ရှိနေခြင်းကြောင့် မည်သည့်အပြောင်းအရွှေ့ပုံစံဖြင့်မဆို ခေါ်ယူသွားရန်လည်း စီစဉ်လျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းအပြင် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ကလည်း တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းကြောင့် ဥရောပတွင် ခေါ်ယူလိုသည့်အသင်းများနေသည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအား ခေါ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း ဆဲလ်တစ်အသင်းကမူ ရောင်းချမည်မဟုတ်ကြောင်းပြောကြားခဲ့ပြီး တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီ၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍လည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဟု ဈေးသတ်မှတ်ခဲ့သည်။

ဆဲလ်တစ်အသင်းအနေဖြင့် မောက်ဆာဒမ်ဘီလီအား နောက်ထပ်တစ်နှစ်အသင်းတွင် ဆက်ရှိနေစေလိုသော်လည်း နည်းပြ ဘရန်ဒန်ရော်ဂျာနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် နွေရာသီအပြောင်းအရွှေ့တွင် ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

ဆဲလ်တစ်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီအား ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ်အသင်းများအပြင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**

# ပွဲထွက်ချိန်နည်းပါးနေသည့် အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်ကို ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် မန်ယူပစ်မှတ်ထား



အာဆင်နယ် ကွင်းလယ်လူ ချိန်ဘာလိန်မှာ ပွဲထွက်ကစားချိန်နည်းပါးနေသောကြောင့် အာဆင်နယ်အသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး လာမည့်နွေတွင် အသင်းပြောင်းရန် စဉ်းစားနေရာ ၎င်းအား မန်ယူနည်းပြ မော်ရင်ဟိုက ပေါင်သန်း ၃၀ အသုံးပြုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ မော်ရင်ဟိုသည် ဇန်နဝါရီဈေးကွက်ကာလအတွင်း ကစားသမားသစ်ခေါ်ယူခဲ့ခြင်းမရှိဘဲ နွေဈေးကွက်ဖွင့်လှစ်ချိန်တွင် ပိုလျှံကစားသမားများကို ထုတ်ရောင်းပြီး ကစားသမားသစ်များဖြင့် အစားထိုးဖြည့်ဆည်းရန် စီစဉ်လျက်ရှိရာ ချိန်ဘာလိန်မှာ မော်ရင်ဟို၏ အလိုရှိ ကစားသမားစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

ချိန်ဘာလိန်မှာ ဆောက်သမ်တန် လူငယ်အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး တောင်ပံတိုက်စစ်မှူးတစ်ဦး၏ အရည်အသွေးကို သဘာဝအရ ပိုင်ဆိုင်ထားကာ ဗဟိုကွင်းလယ်တွင်လည်း ကောင်းစွာကစားနိုင်သူဖြစ်သည်။ မန်ယူကွင်းလယ်လူ မိုက်ကယ်ကားရစ်မှာ လာမည့်ရာသီတွင် အသက်(၃၆)နှစ်ပြည့်မြောက်မည်ဖြစ်ရာ နည်းပြ မော်ရင်ဟိုက ကားရစ်နေရာတွင် အစားထိုးနိုင်မည့် ကစားသမားတစ်ဦးအဖြစ် ချိန်ဘာလိန်ကို မျက်စိကျနေခြင်းဖြစ်သည်။ ကားရစ်သည် မန်ယူ၏ လစာပေးချေရမှု များပြားသည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး တစ်ပတ်လုပ်ခပေါင် ၁၃၀၀၀၀ ဝန်းကျင်ခန့် ရရှိနေသူဖြစ်ရာ ချိန်ဘာလိန်ကိုလည်း ယင်းနှုန်းထားပေးချေရန် မန်ယူအသင်းဘက်မှ အသင့်ရှိနေသည်။ ချိန်ဘာလိန်သည် ပြီးခဲ့သည့် နှစ်ရာသီအတွင်း ကစားချိန်နည်းပါးနေသလို သွင်းဂိုးသုံးဂိုးသာ သွင်းယူနိုင်ခဲ့သည့်အတွက် အသင်းပြောင်းရန် စဉ်းစားလာခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

# ဘာနာဒိုဆေးလ်ဗားကို ခေါ်ယူရန် ရီးယဲမက်ဒရစ်၊ ဘာစီလိုနာ၊ ချယ်လ်ဆီးနှင့် မန်ယူတို့ အပြိုင်ကြိုးပမ်းနေ

ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့သည် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့ ပစ်မှတ်ထားနေသည့် မိုနာကို ကွင်းလယ်လူ ဘာနာဒိုဆေးလ်ဗားကို နွေဈေးကွက်အတွင်း အရခေါ်ယူနိုင်ရန် ယခုကတည်းက အသင့်ပြင်ဆင်နေပြီဟု ဒေးလီးအိပ်ပရတ်စ် သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဘာနာဒိုဆေးဗားသည် ယခုနှစ်ဘောလုံးရာသီအတွင်း အတောက်ပြောင်ဆုံး ခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့ပြီးနောက် သူ့အား ခေါ်ယူရန် မန်ယူအသင်းက ပထမဦးဆုံး စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ချယ်လ်ဆီးကလည်း ဆေးလ်ဗားရရှိရေး ပြိုင်ပွဲအတွင်း ဝင်ရောက်လာသလို ယခုနောက်ဆုံး စပိန်အင်အားကြီး ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ကပါ နွေဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ဆေးလ်ဗားကို ခေါ်ယူရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း စပိန်သတင်းစာ ဒွန်ဘလွန်းက အတိအကျဖော်ပြသည်။ ထို့ပြင် ဆေးလ်ဗား၏ ကိုယ်စားလှယ်မှာ ဂျော့ဂျ်မန်းဒက်ဖ်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အသင်းတွင် ဂျော့ဂျ်မန်းဒက်ဖ်နှင့် လက်တွဲအလုပ်လုပ်နေသည့် ကစားသမားအများအပြား ရှိခြင်းကြောင့် ဆေးလ်ဗားနှင့် ရီးယဲလ်မက်ဒရစ်အသင်းပူးပေါင်းမှုကို မြင်တွေ့ရဖွယ်ရှိကြောင်း အဆိုပါသတင်းဌာနကပင် ဆက်လက်ဖော်ပြသည်။ ရီးယဲလ်မက်ဒရစ်ဘက်ကမူ ဆေးလ်ဗားကို သေချာပေါက် ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားပြီး ဘာစီလိုနာကမူ ဆေးလ်ဗားမှာ ဘာစီလိုနာနှင့် အံဝင်ခွင်ကျ မဝင်ဆိုသည်ကို ယတိပြတ်ဆုံးဖြတ်နိုင်ခြင်းမရှိသေးကြောင်း ဒွန်ဘလွန်းကပင် ဆက်လက်ဖော်ပြသည်။

သို့သော် မန်းဒက်ဖ်မှာ မော်ရင်ဟိုနှင့် ဒီဂီယာတို့၏ ကိုယ်စားလှယ်ဖြစ်ပြီး မန်ယူအသင်းအပေါ်တွင်လည်း လွှမ်းမိုးမှုရှိသူဖြစ်သည်။ သို့သော် မိုနာကိုကမူ ဆေးလ်ဗားကို ဈေးချိုချိုဖြင့် ထုတ်ရောင်းမည်မဟုတ်ဘဲ အနည်းဆုံး ပေါင်သန်း ၇၀ အလိုရှိနေကြောင်း သိရသည်။ **(မေလဲ့သင်း)**

# ဘာစီလိုနာ ပရိသတ်များ၏ အပြုအမူကို နားမလည်နိုင်အောင်ဖြစ်မိဟု တာစတီဂန် တုံ့ပြန်

ဘာစီလိုနာဂိုးသမား တာစတီဂန်က ဘာစီလိုနာပရိသတ်များ၏ ကစားသမားများအပေါ် လှောင်ပြောင်ဝေဖန်နေမှုများကို မိမိနားမလည်နိုင်အောင်ဖြစ်မိဟု လီဂါနက်စ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်အပြီးတွင် တုံ့ပြန်ပြောကြားခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် မိနစ် ၉၀ တွင် မက်ဆီ၏ ပင်နယ်တီသွင်းဂိုးဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သလို ကြားရက် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း ပီအက်စ်ဂျီအသင်းကို လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သောကြောင့် ဘာကာပရိသတ်များက ဒေါသပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပရိသတ်များက ပွဲကစားချိန်အတွင်း ပွဲသိမ်းခရာမှုတ်ခြင်း၊ အော်ဟစ်လှောင်ပြောင်ခြင်းစသည့် ဆန့်ကျင်ဘက်အပြုအမူများလည်း လုပ်ဆောင်ခဲ့ကြသေးသည့်အတွက် ဘာကာနည်းပြ အင်းနရစ်ကပင် ကစားသမားများ အမှန်တကယ်လိုအပ်နေသည်မှာ ခရာမှုတ်သံများမဟုတ်ဘဲ ချစ်ခြင်းမေတ္တာပင်ဖြစ်ကြောင်း သတိပေးမှုပြုခဲ့ရသည်။ ပရိသတ်များက ကွင်းလယ်လူ အင်အရီဂိုးမက်စ်ကို အဓိကပစ်မှတ်ထားလှောင်ပြောင်ခဲ့ပြီး ဂိုးမက်စ်ခြေထောက် ဘောလုံးနှင့်ထိတိုင်း အော်ဟစ်လှောင်ပြောင်ခဲ့ကြသည်။ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အလာဗက်စ်အား ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ပီအက်စ်ဂျီအသင်းအား ဂိုးပြတ်အရေးနိမ့်မှုနှင့်အတူ ယခုတစ်ပတ်လာလီဂါပွဲစဉ်တွင်လည်း ပုံစံကောင်းတစ်ရပ်ထပ်မံပျောက်ဆုံးနေခဲ့သည်။

တာစတီဂန်က "ကျွန်တော်တို့ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် နိုင်ပွဲပြန်ရအောင်ကစားနိုင်ခဲ့တာပါ။ ဒါက အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့နဲ့ ပရိသတ်တွေဆိုတာ နိုင်ရင်အတူတူ၊ ရှုံးရင်အတူတူ အေးအတူ ပူအမျှတည်ရှိရမှာပါ။ ဒါကြောင့် ပရိသတ်တွေရဲ့ အခုလိုလုပ်ဆောင်မှုတွေကို ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရပါတယ်"ဟု ဆိုခဲ့သည်။

သို့သော် တာစတီဂန်က လာမည့်ရက်သတ္တပတ်အတွင်း ပွဲစဉ်တိုင်းကို အပြည့်အဝအာရုံစူးစိုက်ပြီး မထင်မှတ်ထားသည်များကို လုပ်ဆောင်ပြဦးမည်ဟု ကြွေးကြော်ခဲ့သည်။ ဘာစီလိုနာသည် ၂၁ ရာစု၏ ကမ္ဘာ့အအောင်မြင်ဆုံးကလပ်အသင်းဖြစ်သော်လည်း ပီအက်စ်ဂျီအသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဘာစီလိုနာအသင်း ပြန်လာရန် မည်သို့မျှမဖြစ်နိုင်တော့ဟု ဘောလုံးရေးရာ ကျွမ်းကျင်သူများကပင် သုံးသပ်ခဲ့ကြသည်။ အစဉ်အလာအရလည်း လေးဂိုးပြတ် အရေးနိမ့်ခဲ့သည့်မည်သည့်အသင်းမျှ နောက်တစ်ဆင့်ကိုတက်ရောက်နိုင်ခြင်းမရှိရာ ဘာစီလိုနာအနေဖြင့် ၁၆ သင်း အဆင့်ဖြင့်ပင် ကျေနပ်ရဖွယ်ရှိနေသည်။ **(မေလဲ့သင်း)**

# အပတ်စဉ် (၈၆) ဆင်း ထူးချွန်ပန်းချီကျောင်းသားတစ်ဦး

ပန်းချီလှတင်ထွန်း

***ကျွန်တော်နှင့် ပန်းချီ၊ ပန်းပုကျောင်း အကြောင်းပြောရလျှင် ပုဂံရာဇဝင်ကို တုတ်ထမ်းပြောရသလိုဖြစ်လိမ့်မည်။ တကယ်တော့ ကျွန်တော်သည်ကျောင်းအုပ်ဘဝမှ ၁၉၈၆ ခုနှစ်က အနုပညာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်နေပါသည်။ သို့သော် သူငယ်ချင်း ပန်းပုဦးစိုးတင့် ပြည်ပခရီးသွားနေ၍ ပန်းချီကျောင်းအုပ်ဖြစ်နေပြန်ပါသည်။ ကျွန်တော် ပန်းချီကျောင်းအုပ်တာဝန်ယူစဉ်ကလည်း ပြည်ပခရီးသွားရလျှင် ဦးစိုးတင့်(ပန်းချီသုတေသန အရာရှိ)က ကျောင်းအုပ်တာဝန်ယူရပါသည်။ ကျွန်တော်တို့ဆရာ ယဉ်ကျေးမှုဌာနရုံးအဖွဲ့မှူး ဦးခင်မောင်သောင်း ပြောဖူးသလို ယဉ်ကျေးမှုဌာနက အရာရှိများအားလုံးလိုလို တစ်နှစ်လျှင် ပြည်ပခရီးအနည်းဆုံး နှစ်ခေါက်လောက် အလှည့်ကျ သွားခွင့်ရကြရာ ကျွန်တော်နှင့်ကိုစိုးတင့်တို့ တစ်ယောက်တစ်လှည့် ကျောင်းအုပ်လုပ်တမ်း ကစားနေကြသလိုဖြစ်နေခဲ့ဖူးပါသည်။***



ပန်းချီတင်အောင်မြင့် ပန်းချီရေးဆွဲနေစဉ်။

ကျွန်တော်မှတ်မိသလောက် ၁၉၈၆ ခုနှစ် ကျောင်းဆင်းပွဲတွင် ဦးစိုးတင့် ပြည်ပခရီးသွားနေပါသည်။ ထို့ကြောင့် ၈၆ အပတ်စဉ်ဆင်းများသည် ကျွန်တော်၏ လက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်ရကြပါသည်။ အောင်လက်မှတ်ကို အနုပညာဦးစီးညွှန်ချုပ် ဦးစိုးညွှန့်(ဆရာထီလာစစ်သူ)ကချီးမြှင့်ခဲ့ပါသည်။ နှစ် ၃၀ အကြာ စာအုပ်ပုံရှင်းရင်း (၈၆) အပတ်စဉ် ကျောင်းဆင်းပွဲကက်တလောက် စာအုပ်တစ်အုပ် ထွက်လာပါသည်။ မှတ်မှတ်ရရ (၈၆) အပတ်စဉ်ဆင်း သူရဲကောင်းများ ယနေ့ပန်းချီလောကတွင် ထင်ရှားနေသူများအကြောင်း ဂုဏ်ပြုဆောင်းပါး"စံတော်ချိန်" တွင် ရေးသားခဲ့ပါသည်။ ယနေ့ ပန်းချီကျောင်းတွင် ဝါရင့်နည်းပြဆရာ မောင်ဝင်းတင့်နှင့် မောင်မြင့်မောင်တို့အကြောင်း၊ မောင်အောင်ဆင့်၊ မောင်မြင့်နိုင်တို့ ရေဆေးပန်းချီကျော်တွေဖြစ်နေပြီဆိုသည့်အကြောင်း၊ ဥမ္မာမြင့်တစ်ယောက်တော့ ပြည်မှာ စီးပွားရေးအောင်မြင်နေသည့်အကြောင်းတွေ အမှတ်တရ ထည့်ရေးခဲ့ပါသည်။ ကျွန်တော့်ဆောင်းပါးထဲတွင် မောင်တင်အောင်မြင့်အကြောင်း ပါမသွားခဲ့ပါ။ သူဘယ်ရောက်နေမှန်းလည်း မသိခဲ့ပါ။

၂၀၁၆ ခုနှစ်က အပတ်စဉ်(၈၆)နှစ်အုပ်စု ပန်းချီပြပွဲတစ်ပွဲ လောကနတ်ပြခန်း၌ စုပေါင်းပြပွဲကျင်းပရာသို့ ကျွန်တော်မအားလပ်၍ မရောက်နိုင်ခဲ့။ နောက်ဆုံးရက်အထိ ကျွန်တော့်ကို စောင့်ကြသေးသည်။ အရေးကြီးကိစ္စတစ်ခုနှင့် မအားလပ်ပါ။ (၈၆)အပတ်စဉ်က မောင်တင်အောင်မြင့်ကိုယ်တိုင် စင်ကာပူတွင် အလုပ်များနေသည့်ကြားက ပြပွဲသို့လာပြီး ကျွန်တော်နှင့်ပါ လာတွေ့ပြီး ကိုယ်တိုင်ဖိတ်သည်။ မောင်တင်အောင်မြင့် ကိုယ်တိုင် ကျွန်တော့်ဆောင်းပါးကို သူငယ်ချင်းများ တင်ပေး၍ On Line က ဖတ်ခဲ့ရကြောင်း၊ ကျွန်တော် စင်ကာပူမှာ ပန်းချီကျောင်းက သင်ပေးလိုက်သော ပညာနှင့် စီးပွားရေးပန်းချီဂရပ်ဖစ်ဒီဇိုင်နာဘဝ ရောက်နေသည်ကို ဆရာ မသိ၍ ဆောင်းပါးထဲတွင် မပါဝင်ခဲ့တာဖြစ်မည်ဟု သူထင်ကြောင်း ရှင်းလင်းပြောပြပါသည်။ သူ့ပန်းချီဘဝတိုးတက်မှုသည် (၈၆)အပတ်စဉ် ထူးချွန်သူတစ်ယောက်အဖြစ်တွေ့မြင်ရတော့ အံ့သြတကြီး ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရသည်။ သူ့ဖခင် စလင်းကျော်စွာ၏ အနုပညာသွေးတွေ စီးဝင်နေသော မောင်တင်အောင်မြင့်၏ ဘဝသည် မြန်မာနိုင်ငံနယ်နိမိတ်ကို ကျော်၍ စင်ကာပူနိုင်ငံလို တိုးတက်ခေတ်မီသော နိုင်ငံကြီးတစ်ခုတွင် အောင်မြင်သော ဂရပ်ဖစ်ဒီဇိုင်နာကြီး တစ်ဦးအဖြစ် ရပ်တည်နိုင်ခြင်းအတွက် ဂုဏ်ယူမိသည်။ အထူးသဖြင့် ပန်းချီ၊ ပန်းပု ကျောင်းသားဟောင်းတစ်ယောက်၏ အစွမ်းအစနှင့်ထက်မြက်သော အရည်အသွေးကို မြင်ရ၍ ဝမ်းမြောက်မဆုံးတော့ပြီ။



ပန်းချီကျောင်းသားဟောင်း မောင်တင်အောင်မြင့်၏ လက်ရာ စင်ကာပူလမ်းမကြီးပေါ်က အလှပြယာဉ်။

သူပြောပြသော ပန်းချီကျောင်းဆင်းတစ်ဦး၏ ဘဝဖြတ်သန်းမှုကား အတုယူအားကျစရာ၊ စိတ်ဝင်စားစရာကောင်းလှပါသည်။ လွန်ခဲ့သော နှစ် ၃၀ ကျော်က ပါရီမှာ ဆုံဖူးသော မမခင်(စာရေးဆရာမကြီး ပတ္တမြားခင်)ပြောဖူးသလို ဆရာနှင့် တပည့်ဆိုတာ ဇာတ်မင်းသားကြီး ဦးဖိုးစိန်နှင့် ပွဲကြည့် ပရိသတ်လိုပေါ့။ ကာလီဖိုးနီးယားမှာ ဌေးဌေးဝင်းဆိုတဲ့ သမီးလေးက ကိုသန့်စင်ရဲ့ တပည့် တော်ဖူးတယ်တဲ့၊ ကိုသန့်စင်မှတ်မိသေးရဲ့လားမသိဆိုပြီး မမခင်စာရေးဖူးတာကို အမှတ်ရသည်။ ယခုလည်း စင်ကာပူဂရပ်ဖစ်ဒီဇိုင်နာလောကမှာ လူစွာလုပ်နေသော အပတ်စဉ် '၈၆' ဆင်း ပန်းချီကျောင်းသားကလေး မောင်တင်အောင်မြင့်ကို ပြန်တွေ့ရတော့မှ သူ့ငယ်ရုပ်တွေပြန်ပေါ်ခဲ့သည်။ ဟိုတုန်းက ကလေးသာသာအရွယ် ထိုစဉ်က ညွှန်ချုပ် ထီလာစစ်သူ၏မိတ်ဆွေ စာရေးဆရာ စလင်းကျော်စွာ၏ သားငယ်ကို ယခုတော့ လူကြီးတစ်ယောက်လို ဂရပ်ဖစ်ဒီဇိုင်နာ ပညာရှင်တစ်ယောက်အသွင် ပြန်တွေ့ရတော့ "ဒါမှ ငါတို့ပန်းချီကျောင်းသားကွ" ဆိုပြီး လက်သီးလက်မောင်းတန်းပြီး ထအော်ချင်မိပါသည်။

ထအော်ချင်သလား၊ မအော်ချင်သလား မောင်တင်အောင်မြင့်ပြောပြသော သူ့ဘဝဖြတ်သန်းမှု၊ ကြိုးစားအားထုတ်မှုများကို ကြည့်ပါတော့။ (၈၆)အပတ်စဉ်သင်တန်းဆင်းပြီးတော့ စီးပွားရေးပန်းချီလောကတွင် သူလှုပ်ရှားရုန်းကန်ခဲ့ရသည်။ ၁၉၉၁ ခုနှစ် နှစ်ဆန်းပိုင်းလောက်ကတော့ ကိစ္စတာဝန်တစ်ခုဖြင့် ထိုင်း၊ မလေးရှား၊ ဂျပန်၊ စင်ကာပူ နိုင်ငံတို့သို့ ခရီးထွက်ခွင့်ရသည်။ စင်ကာပူရောက်စဉ် ORCHARD လမ်းမကြီးပေါ်၌ အမှတ်တရဓာတ်ပုံ လျှောက်ရိုက်သည်။ တစ်နေရာ၌တပ်ဆင်ထားသော လှပလွန်းသည့် Decoration တစ်ခုကို တွေ့ရသည်။ ဒါဟာ စင်ကာပူမှာရှိတဲ့ Advertising Co တစ်ခုရဲ့ တီထွင်ဆန်းသစ်မှုလက်ရာဖြစ်မယ်။ ဒီလို ကုမ္ပဏီမျိုးမှာ အလုပ်လုပ်ရရင် ကောင်းမှာပဲ။ ငါ သင်ယူခဲ့တဲ့ ပန်းချီပညာနဲ့ဆိုအတော်ပဲဟု မောင်တင်အောင်မြင့် စိတ်ကူးယဉ်ခဲ့သည်။ သို့သော် ယခုခေတ်ကဲ့သို့ အလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်မရှိ၊ အဆက်အသွယ်လုပ်ပေးမည့်သူလည်းမရှိခဲ့။ သို့ဖြင့် အမိမြန်မာပြည်သို့ သူပြန်လာခဲ့ရသည်။ ကံကောင်းချင်တော့ မကြာလိုက်ပါ။ မောင်တင်အောင်မြင့်၏ အိပ်မက်စိတ်ကူး အကောင်အထည်ပေါ်လာပါသည်။ ဖခင်ဆရာ စလင်းကျော်စွာ၏ မိတ်ဆွေတစ်ဦး၏ ကူညီမှုကြောင့် စင်ကာပူရှိ Advertising ကုမ္ပဏီတစ်ခုသို့ သွားရောက်ပြီး လူတွေ့စစ်ဆေးဖြေဆိုခွင့်ရခဲ့သည်။ မိမိသင်ယူခဲ့သော ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းက ပန်းချီပညာအပေါ် ယုံကြည်မှု၊ ကံဇာတ်ဆရာ၏ တွန်းပို့မှုကြောင့် အမိမြေသို့ပင် မပြန်လိုက်ရ၊ ချက်ချင်းအလုပ်ရသည်။ ပန်းချီဒီဇိုင်းနှင့်ပတ်သက်သော အလုပ်များ၊ ရာသီအလိုက်ကျင်းပသော စင်ကာပူက ပွဲတော်များအတွက် Decoration များ အများအပြားလုပ်ကိုင်ရသည်။ အလုပ်များများလုပ်ရလေ အတွေ့အကြုံများ ရလေဖြစ်ရာ ပင်ပန်းသော်လည်း အလုပ်ခွင်မှာပျော်မွေ့သည်။ တစ်နေ့ သူ့စိတ်ထဲက ရင်းနှီးဖူးသော Decoration တစ်ခုကို တွေ့တော့ သူအံ့သြနေသည်။ သူပြန်စဉ်းစားကြည့်တော့မှ တစ်ခါက Orchard လမ်းမကြီးပေါ်မှာ ဓာတ်ပုံရိုက်ယူခဲ့သည့် အဖြစ်အပျက်ကို ပြန်သတိရသွားသည်။

မောင်တင်အောင်မြင့် လုပ်ကိုင်ခဲ့ဖူးသော Advertising လုပ်ငန်း မြောက်မြားစွာထဲမှ ကားအလှပြင်ဆင်ခြင်း(သူတို့အခေါ် Float)လုပ်ငန်းမှာ စိတ်ဝင်စားစရာကောင်းသည်။ မန္တလေး မြို့မရေသဘင်လို ငန်းရုပ်အလှဆင်ခြင်းနှင့် အခြားအလှပြကားများနှင့် သဏ္ဌာန်တူသောလုပ်ငန်းဖြစ်သော်လည်း စင်ကာပူမှာတော့ ခေတ်မီနည်းပညာများအသုံးပြု၍ ကားများကို အလှဆင်သည်။ ကျွန်တော်တို့ဆီမှာတော့ ယခုထိ သင်္ကြန်အလှပြကားများကို နီးနှင့် ဝါးနှင့် စက္ကူနှင့်စပ်ပညာလက်ရာများဖြင့် အလှဆင်နေကြတုန်း။

စင်ကာပူနိုင်ငံတွင် ပွဲတော်များစွာရှိသည့်အထဲက တရုတ်နှစ်သစ်ကူးပွဲတော်တွင် ကားအလှပြ(Float)များ သူ့ထက်ငါ အပြိုင်အဆိုင်တီထွင်ပြီး အလှပြိုင်ကြသည်။ သူတို့နိုင်ငံအခေါ် Chingay Parade ဟုခေါ်ပြီး အစိုးရက ဦးဆောင်ကျင်းပသည့်ပွဲတော်ဖြစ်သည်။ ပွဲတော်အတွင်း အလှပြကားပေါင်း ၁၂ စီးမှ အစီး ၂၀ ခန့်အထိ လှည့်လည်အလှပြကြသည်။

အလှပြကားကြီးများတွင် တပ်ဆင်ပြုလုပ်မည့် အရွယ်အစား Decoration အနေအထားကိုလိုက်ပြီး ၁၈ မီတာခန့်အထိရှိသည်။ အလှပြကားတိုင်း သက်ဆိုင်သည့် Logo နှင့် Slogan အမှတ်အသားများ တပ်ဆင်ကြမည်။ အလှပြကားများပေါ်တွင် ဖျော်ဖြေရေးတွေလည်းပါသည်။ အလှပြကားများ စီတန်းလှည့်လည်သည့်အခါ တစ်စီးနှင့်တစ်စီးကြား Performing Art အဖွဲ့တွေလည်းပါသည်။ ယင်းသို့ သရုပ်ပြ Performing Art အဖွဲ့များကို အခြားနိုင်ငံမှ အဖွဲ့များကိုလည်း ဖိတ်ခေါ်ပြီး အပြိုင်အဆိုင်အကများ၊ ပြကွက်များဖြင့် သရုပ်ဆောင်ကြရာ တစ်ကြိမ်ဆိုလျှင် မြန်မာနိုင်ငံ ကျောက်ဆည်ဆင်အကအဖွဲ့လည်း ပါဝင်ဆင်နွှဲခဲ့ဖူးသည်ဟု သိရပါသည်။

ဖော်ပြပါ အလှပြကား Decoration လုပ်ငန်းလုပ်ကိုင်ရာတွင် အဓိကအားဖြင့် Graphic Designer၊ သံလုပ်ငန်း(Metal work) 3D Designer Draftman တို့ ပူးပေါင်းလုပ်ဆောင်ရသည်။ လက်သမားလုပ်ငန်း၊ ပန်းချီဆေးခြယ်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ 3D Model ရုပ်လုံး စသည့် အတတ်ပညာပေါင်းစုံ ပါဝင်ရသဖြင့် လွယ်ကူသော လုပ်ငန်းမဟုတ်ပေ။ အဖွဲ့နှင့်လုပ်ကိုင်ရသော Team Work တစ်ခုလည်းဖြစ်သည်။ အခက်အခဲပေါင်းများစွာဖြင့် တည်ဆောက်ရတာဖြစ်ပြီး စိတ်ပန်းလူပန်း လုံးပန်းရသည့် အနုပညာလုပ်ငန်းကြီးဖြစ်သည်။

မောင်တင်အောင်မြင့်က ပင်ပန်းသော်လည်း လုပ်ငန်းပြီးသွား၍ စီတန်းလှည့်လည်သည့် အလှပြကားများ (ယခု ဆောင်းပါးနှင့် ပူးတွဲပြထား)ကို မြင်ရသည့်အခါ ပင်ပန်းမှုတွေပျောက်ပြီး ပီတိဖြစ်ရသည်ဟု ဆိုပါသည်။

ကျွန်တော်တို့နှင့် သူ့သူငယ်ချင်းတွေကို သူပြသော အလှပြမှတ်တမ်းပုံ 'Float' များကို ကြည့်ရသည့်အခါ ရန်ကုန်ပန်းချီ၊ ပန်းပု ကျောင်းသားဟောင်းတစ်ယောက်၏ အနုပညာအရည်အသွေးကို မြင်ရပြီး ဂုဏ်ယူဝမ်းမြောက်ကြရပါသည်။ မောင်တင်အောင်မြင့်လို ပန်းချီကျောင်းသားဟောင်းတွေ များများပေါ်ထွက်လာစေချင်မိပါသည်။ ကျောင်းသားအချို့ တရုတ်နိုင်ငံသို့ ပညာတော်သင်စေလွှတ်ဖူးသည်။ ၁၉၆၄ ခုနှစ်က ကိုမြအေး၊ ကိုဇော်ဝင်း (သစ်ထွင်း)၊ ကိုညွှန့်ဝေ၊ ပန်းပု ကိုစိုးတင့်တို့ လောက်ပဲ လွှတ်ဖူးသည်။ ထူးချွန်ကျောင်းသားတွေ လွှတ်ခဲ့၍ ဦးစိုးတင့်၊ ဦးဇော်ဝင်းတို့ ပန်းချီကျောင်းအုပ်တာဝန် ပြန်ယူနိုင်ကြသည်။ ယဉ်ကျေးမှုဌာနအတွက် အကျိုးရှိသည်။

မောင်တင်အောင်မြင့်လို ကိုယ်ထူးကိုယ်ချွန်သူမျိုးကတော့ ရှားမှရှားပါပဲ။ ယခုအခါ ရန်ကုန်၊ မန္တလေး ပန်းချီ၊ ပန်းပု ကျောင်းများ၏ အဆင့်အတန်းကျဆင်းလျက်ရှိသည်။ ကျောင်းသားမပြောနှင့် နည်းပြဆရာတွေ နှစ် ၂၀ ကျော်၊ ၃၀ ကျော် နည်းပြဆရာဘဝနှင့်ပဲ အရိုးထုတ်ကြရသည်။ ပြည်ပမရောက်ဖူး၊ ပညာတော်သင် မသွားဖူးကြ။ သူတို့သင်ကြားပို့ချနေသည်မှာ အနောက်တိုင်း ပန်းချီ၊ ပြည်ပပန်းချီ ခရီးစေလွှတ်ပေးဖို့ ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများကို တိုက်တွန်းပါသည်။ အချိန်တွေတောင် နောက်ကျနေပါပြီ။

မောင်တင်အောင်မြင့်က သူ့ကျောင်းကို လွမ်းဆွတ်၍ အလည်တစ်ခေါက်ရောက်ခဲ့သည်။ ယခင်နေရာ (ဖဆပလ ဌာနချုပ်)မှာ မဟုတ်တော့။ ချင်းချောင်းနန်းတော်နောက်ဖေးချောင် စတိုဟောင်းတစ်ခုထဲမှာတဲ့။ နင်းလိုက်တိုင်း ကြမ်းတွေက တကျွတ်ကျွတ်နဲ့တဲ့။ အမိုးလည်းမလုံ မိုးတွေယိုထားသတဲ့။ သူစိတ်မချမ်းမသာနှင့် ပြန်ခဲ့ရသည်ဟု တတွတ်တွတ်ပြောသွားသည်။ သူတက်ခဲ့သည့် ပန်းချီကျောင်းကြီး အနှစ် ၃၀ ကြာတာတောင် မတိုးတက်သေးပါလားတဲ့။ နိုင်ငံခြားဧည့်သည်တွေလာရင် ရှက်စရာကြီးဗျာတဲ့။ ဆရာတို့အကြံလေးဘာလေး မပေးဖူးလားတဲ့။ ငါ့ဆောင်းပါးတွေကိုသာ ရှာဖတ်တော့ကွာလို့သာ ပြောလိုက်မိသည်။ မကြာမီ မောင်တင်အောင်မြင့် စင်ကာပူ သူ့လုပ်ငန်းခွင်သို့ ပြန်တော့မည်။

"နောက်တစ်ခေါက် မင်းပြန်လာရင်တော့ ပန်းချီကျောင်းသစ်ကြီးကို မင်းမြင်ရမယ်ထင်တယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကိုကတစ်လောကပဲ ချင်းချောင်းနန်းတော်နောက်ဖေးချောင်ထဲက ပန်းချီကျောင်းအရောက်ရှာကြပြီး လာရောက်စစ်ဆေးသွားတယ်။ ဝန်ကြီးလည်း မင်းလိုပဲ ခံစားသွားရမှာသေချာတယ်" ဟု မောင်တင်အောင်မြင့်ကို ပြောပြလိုက်ပါသည်။ ။



ပန်းချီကျောင်းသားဟောင်း မောင်တင်အောင်မြင့်၏ လက်ရာ စင်ကာပူလမ်းမကြီးပေါ်က အလှပြယာဉ်။



# သဘာဝတောတွင်းခရီးသွားဆင်စခန်းများ ပိုမိုဖွင့်လှစ်လာသည့်အတွက် ဧည့်အဝင်ပုံမှန်သာရှိ

**ရေတာရှည် ဖေဖော်ဝါရီ ၂၀**
ပဲခူးရိုးမတောကြီး ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ထုတ်လုပ်မှု ၁၀ နှစ်ကြာရပ်ဆိုင်းခဲ့ပြီးနောက် လုပ်ငန်းသုံးဆင်များအားလုံး အနားပေးထားခဲ့ပြီဖြစ်သည်။ ဆင်များအားထိန်းကျောင်းရသည့် ကုန်ကျစရိတ်၊ ဆင်လုပ်သားတို့၏မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် တောတွင်းခရီးသွား အပန်းဖြေဆင်စခန်းများ အများအပြားဖွင့်လှစ်လျက်ရှိရာ ၂၀၀၅ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့သော ရေတာရှည်မြို့နယ်၊ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၁၀ မိုင်ရှိ ဖိုးကျားသရုပ်ပြဆင်ထိန်းသိမ်းရေးနှင့်သဘာဝ ခရီးသွားအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည်မှာ ပုံမှန်သာရှိကြောင်း ဆင်စခန်းတာဝန်ခံ ဦးရဲမြင့်က ပြောကြားသည်။

"မနှစ်က ပြည်တွင်းဧည့်သည် ၁၀၀၀ ကျော်လာကြတယ်။ ပြည်ပဧည့်သည်တွေအနေနဲ့ ၁၀၀ ကျော်လာတယ်။ ဧည့်အဝင်နဲ့သွားရတာက ဆင်စခန်းတွေ အများအပြားဖွင့်လှစ်တာလဲပါမှာပေါ့။ မိသားစုအလိုက် မိတ်ဆွေအဖွဲ့လိုက်တွေကတော့ စနေ၊ တနင်္ဂနွေရုံး ပိတ်ရက်တွေမှာလာကြတာများပါတယ်"ဟု ဦးရဲမြင့်က ဆက်လက်ပြောကြားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၁၇၃)မှ အနောက်သို့ လေးမိုင်သာဝင်ရသည့်အတွက် ခရီးသွားများအနေဖြင့် လွယ်ကူစွာသွားရောက်နိုင်ကြပြီဖြစ်သည်။ လက်ရှိ ဖိုးကျားဆင်စခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည်ကိုတွေ့ရှိရပြီး လာရောက်လည်ပတ်သူများအတွက် သောက်သုံးရေ၊ ရေချိုးကြမ်းတို့ကို ကုသိုလ်ဖြစ်စီစဉ်ထားကာ ဇုန်ဝင်ကြေးအနေဖြင့် ပြည်တွင်းဧည့်သည်တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၊ပြည်ပဧည့်သည် ငွေကျပ်၂၀၀၀၀ သတ်မှတ်ထားသည်။

ဆင်စီးချိန်ကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ သတ်မှတ်ထားပြီး ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ၅၀၀၀ ကျပ်၊ ပြည်ပဧည့်သည်တစ်ဦးလျှင် ၂၀၀၀၀ ကျပ်ကျသင့်မည်ဖြစ်သည်။

လက်ရှိ သရုပ်ပြဆင် ၁၂ ကောင်ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကာ ဖိုးကျားပြတိုက်၊ ဆင်အစာကျွေးခြင်း၊ တောတွင်းသဘာဝနှင့် လိုက်လျောညီထွေစွာပြုလုပ်ထားသော အနားယူရန်နေရာများ အပြင် အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ကူးနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဖရူဆို ဖေဖော်ဝါရီ ၂၀**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်ရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေမည့် လမ်း၊ တံတား တည်ဆောက်နေမှု၊ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ အားကစားနှင့် ကာယပညာ တိုးတက်မြင့်မားစေရေးတို့အတွက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ဖရူဆိုမြို့နယ်အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖရူဆိုမြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်ဦးစီးမှူး၊ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများအားတွေ့ဆုံကာ ဝန်ထမ်းများတိုးမြှင့်ခန့်ထားနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ လာမည့်ဘဏ္ဍာနှစ်များတွင် မြို့တွင်းလမ်းနှင့်တံတားများ ဆောက်လုပ်နိုင်ရေး၊ ဌာနမှ ဝင်ငွေခွန် တိုးမြှင့်ရှာဖွေပေးနိုင်ရေးတို့အား ဆွေးနွေးညှိနှိုင်းပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း ဖရူဆိုမြို့နယ်၌ ငွေလုံးငွေရင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထီးတရဲ (၂)လမ်း ကတ္တရာခင်းခြင်း၊ လောဘူးဒါးလမ်း ကတ္တရာခင်းခြင်း၊ ကွန်ကရစ်တံတားတည်ဆောက်နေမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**



&efukef a&SydkitfcJ½kH*vmawmifEiftv,f atmif,ce[rü zifvSonfh ynmbA [ jyl&vkyfe(pepf(qif;)oifwef;tr Sw0f (3^2017)zifhuleuif;y&m ta&SydkitcJ½kHwyfcUS'kwd,&rSuD au;pfu tzifhrSpum;ajymum;chuunifoconf (၁၁၈)



## မှုခင်းပညာပေးပြခန်းယာဉ် ကျောက်တန်းမြို့နယ်သို့ရောက်ရှိ

**ကျောက်တန်း ဖေဖော်ဝါရီ ၂၀**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် မှုခင်းပညာပေးပြခန်းယာဉ်သည်ကျောက်တန်းမြို့နယ်သို့ရောက်ရှိလာရာ ကျောက်တန်းမြို့မ ရဲစခန်းမှူး ဒုရဲမှူး ကျော်ဆွေနှင့်အဖွဲ့သည် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တပ်ဖွဲ့စု ၅၄ ကျောက်တန်းမြို့မှ ဒုရဲမှူး လှကျော်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၆ မှ ရဲအုပ်သိန်းဌေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု ၄၃ မှ ရဲအုပ်နေခြည်လင်းတို့နှင့်အတူ ကျောက်တန်းမြို့ မြို့မဈေးတွင် ရပ်တန့်ပြီး ပြည်သူများအား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးတို့အား အသိပညာပေးရှင်းလင်းပြောကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရာ ပြည်သူ ၃၅၀ ခန့်လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# ဧရာဝတီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး Platinum Pathein စီမံကိန်းအား ၂၀၂၁ ခုနှစ်ကုန်ပိုင်း၌ အပြီးသတ်တည်ဆောက်မည်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပန်းဖြေကမ်းခြေများဖြစ်ကြသည့် ရန်ကုန်မှ ချောင်းသာနှင့် ငွေဆောင်သို့ အသွား၊ အပြန် ကားလမ်းပေါ်၌ရှိသော ၁၈ ဧကအကျယ်အဝန်းရှိသည့် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် Platinum Pathein စီမံကိန်းအား Mya Bay Development ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ အဆိုပါစီမံကိန်းအား ၂၀၂၁ ခုနှစ်ကုန်ပိုင်း၌ အပြီးသတ် တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တာဝန်ယူတည်ဆောက်နေသော အမေရိကန်ဒေါ်လာ သန်း ၃၀ ကုန်ကျတည်ဆောက်မည့် Platinum Pathein စီမံကိန်းအား Phase 1 အပိုင်းနှင့် Phase 2 အပိုင်းခွဲခြားထားပြီး ပုသိမ်တက္ကသိုလ်(အသစ်)အနီးတွင် တည်ရှိကြောင်းသိရသည်။

ကနဦးဆောင်ရွက်နေသည့် ခုနစ် ဧက အကျယ်အဝန်းရှိ Phase 1 အပိုင်း၌လူနေအိမ် Villa များ၊ 3 star အဆင့်ရှိ ဟိုတယ်နှင့် ၁၈၀၀ စတုရန်းပေကျယ်ဝန်းသော နှစ်ထပ် ပလာဇာ ဈေးဆိုင်ခန်းများ၊ ကားရေဆေးဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ ပါဝင်မည်ဖြစ်ပြီး ထပ်မံဆောင်ရွက်မည့် ၁၁ ဧကအကျယ်အဝန်းရှိ Phase 2 အပိုင်း၌ အိမ်ရာများ၊ ရှော့ပင်းမောများ၊ စားသောက်ဆိုင်များ၊ ဘဏ်များ၊ ဓာတ်ဆီဆိုင်များနှင့် အပန်းဖြေပန်းခြံများပါဝင်မည်ဖြစ်သည်။

Phase 1 အပိုင်းဖြစ်သော ပလာဇာဆောက်လုပ်မှု၌ နှစ်ထပ်အဆောက်အအုံ လေးခန်းတွဲဖြင့် ဆိုင်ခန်းပေါင်း ၃၅ ခန်းပါဝင်မည်ဖြစ်ပြီး ဟိုတယ်ဆောက်လုပ်မှု၌လည်း အထပ်ပေါင်း ခြောက်ထပ်ပါဝင်သော အခန်းပေါင်း ၅၇ ခန်းပါဝင်မည်ဖြစ်ကာ အောက်ထပ်၌ လူဦးရေ ၅၀၀ ဆံ့ မင်္ဂလာခန်းမနှင့် ဧည့်ခံပွဲကျင်းပရာနေရာများ ပါဝင်မည်ဖြစ်ကြောင်းနှင့် ယာဉ်အစီးရေ ၂၀၀ ကျော် ရပ်နားရန် ကားပါကင်နေရာများပါဝင်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ Phase 1 အပိုင်းဖြစ်သည့် လူနေအိမ် ၂ ထပ် Villa 2 လုံးမှာအချောသတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး တစ်ထပ် Villa 1 လုံးမှာလည်း အကြမ်းထည်ဆောက်လုပ်ပြီးဖြစ်ကာ လက်ရှိအချောသတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ နှစ်ထပ် လူနေဈေးဆိုင်ခန်း အဆောက်အအုံ ငါးလုံးဆောင်ရွက်မည့်အနက် ဆိုင်ခန်း လေးခန်းတွဲ အဆောက်အအုံ နှစ်လုံး အကြမ်းထည်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး နောက်ထပ်အဆောက်အအုံ သုံးလုံးဆောင်ရွက်ရန်သာကျန်ရှိတော့သည်။

ဟိုတယ်ဆောက်လုပ်ရန်အတွက် အဆင့်မီဒီဇိုင်းရေးဆွဲပြီးစီးပြီဖြစ်ပြီး Structure အဆင့်အပ်သည့်အဆင့်ကိုရောက်ရှိနေပြီဖြစ်သည်။ အဆိုပါ Platinum Pathein စီမံကိန်းအား ပြည်တွင်း၊ ပြည်ပအင်ဂျင်နီယာ ၁၅ ဦး၊ လုပ်သားအင်အား ၁၂၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံး ဆောင်ရွက်နေမှု ၁၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ ပေ ၆၀၊ ၈၀ အကွက်ဖြစ်သည့် မြေကွက်များအတွက် အခန်းနမူနာပုံစံ ၂ ခန်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

Mya Bay Development ကုမ္ပဏီလီမိတက်မှ Project အင်ဂျင်နီယာ ဦးထွန်းထွန်းဦးက "ဒီဒေသမှာ ဒီလိုမျိုးစီမံကိန်းမရှိသေးပါဘူး။ ပြီးတော့ ဒီလို Platinum Pathein စီမံကိန်းကိုတည်ဆောက်ရတာကလည်း ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ချင်လို့ပါ။ အဓိကတော့ အဲ့ဒီနေရာကို အိမ်ရာစီမံကိန်းဆိုတာထက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် အကျိုးရှိစေမယ့် အမြန်လမ်းမမှာရှိနေတဲ့ ၁၁၅ မိုင်လိုမျိုး ခရီးတစ်ထောက်နားစခန်းလုပ်ချင်လို့ပါ။

ပြီးတော့ ဒေသခံပြည်သူများအတွက် လုပ်ငန်းများပေါ်များလာမှာဖြစ်ပြီး စီမံကိန်းအတွင်းမှာ ပုသိမ်ဒေသထွက်စားသောက်ကုန်များနဲ့ ကမ်းခြေဒေသထွက်လက်ဆောင်ပစ္စည်းများအတွက် ဆိုင်ခန်းများပါဝင်မှာမို့ ဒေသခံများအတွက် အလုပ်လက်မဲ့ လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒေသထွက်ကုန်ပစ္စည်းများဈေးကွက်ပေါ်ရောက်လာနိုင်တော့ မှာပါ" ဟု လုပ်ငန်းခွင်အတွင်းရှင်းပြခဲ့သည်။

Platinum Pathein စီမံကိန်းအတွင်းရှိ Phase 1 အပိုင်းဖြစ်သော ပလာဇာဈေးဆိုင်ခန်းများ ဆောက်လုပ်မှုအား ၂၀၁၈ ခုနှစ် ကုန်ပိုင်း၌ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး ဟိုတယ်ဆောက်လုပ်မှုစီမံကိန်းကို ယခုနှစ်ကုန်ပိုင်း၌ စတင်ဆောင်ရွက်မည်ဖြစ်သောကြောင့် ၂၀၁၉ ခုနှစ်ကုန်ပိုင်း၌ အပြီးသတ်ဆောက်လုပ်မည်ဖြစ်သည်။ Phase 1 အပိုင်းအား ၂၀၁၉ ခုနှစ်ကုန်ပိုင်း၌ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **စိုးဝင်း**(MLA)

# ကျောက်ပန်းတောင်းမြို့နယ်တွင် နားလေးရောဂါဝေဒနာရှင်များအား အခမဲ့စစ်ဆေးကုသ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ နားလေးရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နားရောဂါဝေဒနာရှင်များအား အခမဲ့စစ်ဆေး စမ်းသပ်ကုသပေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါစစ်ဆေးကုသရေးအဖွဲ့တွင် မြန်မာနိုင်ငံ နားလေးရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်မှ နား၊ နှာခေါင်း၊ လည်ချောင်း ပါမောက္ခ ဒေါက်တာဒေါ်ခင်ဖြူဖြူ ခေါင်းဆောင်သော အထူးကုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယုယုဝေတို့ပါဝင်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအသီးသီးမှ နားလေးရောဂါဝေဒနာရှင် စုစုပေါင်း ၂၀၄ ဦးကို မွန်းတည့် ၁၂ နာရီအထိ စစ်ဆေး စမ်းသပ် ကုသခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် နားရောဂါဝေဒနာရှင်သုံးဦးကို မန္တလေးတိုင်းဒေသကြီးနား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါနားလေးရောဂါ အခမဲ့စစ်ဆေး စမ်းသပ်ကုသပေးရာသို့ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချန်ထွန်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးမှ အုပ်ချုပ်ရေးမှူးများနှင့် ရွာခံဒွဲတာဝန်ခံများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



ကိုနေ(ကျောက်ပန်းတောင်း)

# မိတ္ထီလာတွင် အဆင့်မြင့်ဒစ်ဂျစ်တယ်ဂရင်းရုပ်ရှင်ရုံသစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ပြသမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**

မိတ္ထီလာမြို့ မြို့မရပ်ကွက် ရုပ်ရှင်ရုံလမ်းတွင် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် နီးပါးပြီးသွားပြီဖြစ်သည့် အဆင့်မြင့်ဒစ်ဂျစ်တယ် ဂရင်းရုပ်ရှင်ရုံသစ်အား ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခင်ဖလင်နဲ့ ပြသခဲ့တဲ့ ဂရင်းရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ပြီးတော့ ခေတ်နဲ့ အညီ အဆင်မြင့်ဒစ်ဂျစ်တယ်စနစ်နဲ့ ပြသနိုင်ဖို့ အတွက် ၂၀၁၆ ဇွန်လအတွင်းက ရုပ်ရှင်ရုံအဆောက်အအုံသစ်ပြန်လည်တည်ဆောက်ခဲ့တာ ရာနှုန်းပြည့်နီးပါးပြီးစီးသွားပါပြီ။ စက်ပစ္စည်းတပ်ဆင်မှုအပိုင်းရော၊ ပရိသတ်ကြည့်မယ့် နေရာအပိုင်းတွေက ပြီးစီးသွားဖြစ်လို့ ဖေဖော်ဝါရီ ၂၃ ရက်မှာ ရုပ်ရှင်ရုံသစ်စတင်ဖွင့်လှစ်ပြသမှာဖြစ်ပါတယ်။ အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံတွေအနေနဲ့ ပုံမှန်အားဖြင့် တစ်နေ့ကို သုံးပွဲပြသတာဖြစ်ပေမယ့် ရုံသစ်ဖွင့်လှျင်ဖွင့်ချင်းရက်ပိုင်းတွေမှာ တစ်နေ့ကို လေးပွဲလောက်ပြသလို့ရမယ် မျှော်မှန်းထားတယ်" ဟု ဂရင်းရုပ်ရှင်ရုံပိုင်ရှင် ဦးစိုးအောင်က ပြောသည်။

အသစ်ဖွင့်လှစ်ပြသမည့် မိတ္ထီလာ အဆင့်မြင့်ဒစ်ဂျစ်တယ် ဂရင်းရုပ်ရှင်ရုံသစ်တွင် ၁၀၀၀ ကျပ်၊ ၂၀၀၀ ကျပ်၊ ၃၀၀၀ ကျပ်ဟူ၍ အတန်း သုံးမျိုးခွဲခြားပြီး ရုံဝင်ကြေးကောက်ခံမည်ဖြစ်ကာ စုစုပေါင်း ရုပ်ရှင်ကြည့်ပရိသတ် ၂၄၆ ဦး ကြည့်ရှုနိုင်မည်ဖြစ်သည်။

မိတ္ထီလာတွင် ယခင်က ဖလင်ဖြင့်ပြသခဲ့သည့် ဖွဲ့ရုံ၊ ရွှေဗဟိုရ်ရုံ၊ ဂရင်း(မျိုးမြင့်)ရုံ စုစုပေါင်း ရုပ်ရှင်ရုံ သုံးရုံရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်ရုံများပြသနိုင်ခြင်း မရှိတော့ဘဲ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ ဂရင်းရုပ်ရှင်ရုံတစ်ခုသာ ဖလင်စနစ်ဖြင့် နောက်ဆုံးပြသခဲ့ကြောင်းသိရသည်။




ချမ်းသာ(မိတ္ထီလာ)

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ဒေသခံပြည်သူများအား အသိပေးရှင်းလင်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၊ ပြင်ပရှေးဟောင်းသုတေသနပညာရှင်များ၊ UNESCO မှ ကျွမ်းကျင်ပညာရှင်များဖြင့် ပြင်ဆင်ရေးဆွဲမည့်ဥပဒေ(မူကြမ်း)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးလိုအပ်သည့် ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်နိမိတ် သတ်မှတ်ရေးကိစ္စများကို ဒေသခံပြည်သူများထံ အသိပေးရှင်းလင်းဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ ရှေးစည်းခုံဘုရားဝန်းအတွင်းရှိ ဝေဇယန္တာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးစန်းဝင်းက ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ကမ္ဘာ့အမွေအနှစ်များအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပုဂံဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရမည့်အချက်များကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ရာ မြို့မိမြို့ဖများက မိမိတို့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး UNESCO မှ ဘူမိဗေဒကျွမ်းကျင်ပညာရှင် Mr.Kai Weise က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်သည့် ဆောင်ရွက်ရန်လုပ်ငန်းများကို တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ သိရှိစေရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးလွင်က မြို့မိမြို့ဖများမှ ဆွေးနွေးတင်ပြချက်များနှင့် သိရှိလိုသည့်အချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား အသိပေးရှင်းလင်းဟောပြောပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ညွှန်ကြားရေးမှူးများ၊ UNESCO မှ ဘူမိဗေဒကျွမ်းကျင်ပညာရှင် Mr.Kai Weise နှင့် ကျွမ်းကျင်ပညာရှင်များ၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ညောင်ဦးခရိုင်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးစန်းဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် မြို့မမြို့ဖ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ပြည်ပခရီးသွားများထက် ပြည်တွင်းခရီးသွား ဝင်ရောက်မှုများပြား

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းဇုန်ငါးခုသို့ နှစ်စဉ်ခရီးသွားရာသီတွင် ပြည်ပခရီးသွားများထက် ပြည်တွင်းခရီးသွားဝင်ရောက်မှု ပိုမိုများပြားလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မုံရွာ၊ ကလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာမြို့တို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှေးဟောင်းအမွေအနှစ်များ၊ အထင်ကရနေရာများစွာရှိသဖြင့် ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုမှာ နှစ်စဉ်မြင့်တက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း ပြည်ပခရီးသွား ၁၇၄၅၁ ဦး၊ ပြည်တွင်းခရီးသွား ၈၆၂၂၅ ဦး စုစုပေါင်း ၁၀၃၆၇၆ ဦးရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြည်ပခရီးသွား ၂၃၇၈၄ ဦး၊ ပြည်တွင်းခရီးသွား ၁၁၂၉၇၃ ဦး စုစုပေါင်း ၁၃၆၇၅၇ ဦး ဝင်ရောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"ခရီးသွားဝင်ရောက်မှုအရေအတွက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဟိုတယ် ၂၄ လုံးမှာ တရားဝင် တည်းခိုတဲ့စာရင်းအရ သိရတာပါ။ နေ့ချင်းပြန်တို့ လုပ်ငန်းတာဝန်တွေနဲ့ ဝင်ရောက်လာတဲ့ အရေအတွက်က တော့ မသိရဘူးပေါ့။ အခုအခြေအနေအရ ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုက တိုင်းဒေသကြီးအနေနဲ့ တွက်မယ်ဆိုရင် တိုးတက်လာတယ်လို့ ပြောရမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မုံရွာဇုန်တွင် ပြည်ပခရီးသွား ၁၈၇၆၄ ဦး၊ ပြည်တွင်းခရီးသွား ၈၂၅၆၂ ဦး စုစုပေါင်း ၁၀၁၃၂၆ ဦး၊ ကလေးဇုန်တွင် ပြည်ပခရီးသွား ၃၃၉၁ ဦး၊ ပြည်တွင်းခရီးသွား ၁၃၅၉၅ ဦး စုစုပေါင်း ၁၆၉၈၆ ဦး၊ စစ်ကိုင်းဇုန်တွင် ပြည်ပခရီးသွား ၇၇၄ ဦး၊ ပြည်တွင်းခရီးသွား ၈၀၉၁ ဦး စုစုပေါင်း ၈၈၆၅ ဦး၊ ရွှေဘိုဇုန်တွင် ပြည်ပခရီးသွား ၆၄၈ ဦး၊ ပြည်တွင်းခရီးသွား ၅၁၆၈ ဦး စုစုပေါင်း ၅၈၁၆ ဦး၊ ကသာဇုန်တွင် ပြည်ပခရီးသွား ၂၀၇ ဦး၊ ပြည်တွင်းခရီးသွား ၃၅၅၇ ဦး စုစုပေါင်း ၃၇၆၄ ဦး စုစုပေါင်း ပြည်တွင်း ပြည်ပ ခရီးသွား ၁၃၆၇၅၇ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးသွား ၁၀၃၆၇၆ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင်လည်း ပြည်တွင်း ပြည်ပခရီးသွား ၁၃၆၇၅၇ ဦးဝင်ရောက်ခဲ့ရာ ၂၀၁၅ ခုနှစ်ထက် ပြည်တွင်း ပြည်ပ ခရီးသွား ၃၃၀၈၁ ဦး ပိုမိုဝင်ရောက်လည်ပတ်ခဲ့ကြောင်း တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။



ဝင်းဦး(ဓေယျာတိုင်း)

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ဆောင်ရွက်ပေး



**သရက်ချောင်း ဖေဖော်ဝါရီ ၂၀**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနေရာ၌ ဖေဖော်ဝါရီ ၁၇ ရက်က နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုအခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဒေသခံပြည်သူများ၏ ရောဂါများကိုကုသဆောင်ရွက်ပေးရာတွင် ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင်များဖြစ်ပြီး ရောဂါဝေဒနာရှင်ပေါင်း ၁၃၃ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် ရောဂါရှာဖွေစမ်းသပ်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆေးကုသရေးအဖွဲ့သည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပါရဂူဆေးကုသရေးအဖွဲ့(၂)၊ ထားဝယ်မြို့တပ်မတော်စစ်ဆေးရုံ (၁၂/၁၀၀) မှဖြစ်ပြီး ပါရဂူဗိုလ်ကြီးဇေယျဦးဆောင်ကာ ပါရဂူသုံးဦး၊ သူနာပြုအရာရှိလေးဦးတို့က လာရောက်၍ အခမဲ့ကုသပေးခဲ့ရာ ဆေးကုသရေးအဖွဲ့အား အဆင်ပြေစေရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံဦးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မှ မတ္တရာသို့ဖြတ်လမ်းမှတစ်ဆင့်သွားလာနိုင်တော့မည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**
ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာနှင့် မတ္တရာမြို့နယ် မန္တလေး-မတ္တရာကားလမ်းပေါ်ရှိ ကျောက်တံတားကျေးရွာတို့ကို ဆက်သွယ်ထားသည့် အနီးစခန်း-တောင်ခေါင်း -ကင်းရွာ - ကျောက်တံတားလမ်းကို ယခုအခါ ကျောက်ခင်းအမာခံလမ်းအဖြစ် ဖောက်လုပ်နေပြီဖြစ်သည်။

အဆိုပါလမ်းမှာ ၁၉၇၂ ခုနှစ်ဝန်းကျင်က ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး သစ်ထုတ်လုပ်ရေးလမ်းအဖြစ်အသုံးပြုခဲ့သဖြင့် လမ်းမျက်နှာပြင်များ ဆိုးရွားစွာပျက်စီးလျက်ရှိသည်။ လမ်းပေါ်ရှိ ချောင်းကူး ဘေလီတံတားများသည်လည်း လုံးဝပျက်စီးယိုယွင်းသွားခဲ့သည်။

အဆိုပါလမ်းပိုင်းတွင်ပါဝင်သော အရှည် ၁၃ မိုင်ရှိ တောင်ခေါင်း-ကင်းရွာလမ်းပိုင်းကို NICO သတ္တုတူးဖော်ရေးကုမ္ပဏီက ကျောက်ခင်းအမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးလျက်ရှိသည်။

ဖောက်လုပ်ရာတွင် လွန်ခဲ့သည့်သုံးလခန့်ကတည်းက လုပ်ငန်းပထမအဆင့်ကို ပြီးစီးခဲ့ပြီး ယခုအခါ ဒုတိယအဆင့်အချောသတ်လုပ်ငန်းကို ယခုပွင့်လင်းရာသီအတွင်း ပြီးစီးအောင် ဆောင်ရွက်နေကြောင်း အဆိုပါကုမ္ပဏီမှ အကြံပေးပုဂ္ဂိုလ် ဦးသန်းထွန်းက ပြောကြားသည်။

တောင်ခေါင်းကျေးရွာအနီးရှိ NICO ကုမ္ပဏီအနေဖြင့် သတ္တုတွင်းနှင့် မန္တလေး၊ ပြင်ဦးလွင်စသည့် မြို့များသို့ ဆက်သွယ်သွားလာနိုင်ရေး လမ်းများဖောက်လုပ်နေသည့်နည်းတူ အနီးဝန်းကျင်ရှိကျေးရွာများအတွက် ဒေသဖွံ့ဖြိုးရေးလမ်းများကိုလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း ဦးသန်းထွန်းက ဆက်လက်ပြောကြားသည်။

တောင်ခေါင်း-ကင်းရွာလမ်းပိုင်းကို ကျောက်ခင်းအမာခံလမ်း ပထမအဆင့်ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျောက်တံတားကျေးရွာမှ ကင်းရွာ၊ ကျောက်ဆည်လေး၊ စခန်းသာ၊ ဆီးဖြူပင်၊ တောင်ခေါင်းစသည့် ကျေးရွာများသို့ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်သည်။

ထို့အပြင် ယင်းလမ်းမကြီးနှင့် ဒေသတွင်းရှိကျေးရွာများသို့ ဆက်သွယ်ပေးသည့် ဒေသဖွံ့ဖြိုးရေးလမ်းများကိုလည်း ကုမ္ပဏီက ဖောက်လုပ်ပေးနေသည်ကို တွေ့ရသည်။

ထို့အတူ အနီးစခန်း-တောင်ခေါင်းလမ်းပိုင်းကိုလည်း မြေသားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေရာ ယခုအခါ ၅ မိုင်ခန့်ပြီးစီးနေပြီဖြစ်သည်။ ယင်းလမ်းမှာ အရှည် ၁၉ မိုင် ၇ ဖာလုံရှိပြီး လမ်းဖောက်လုပ်ရာတွင် ချောင်းကူးတံတား ၁၁ စင်းကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း အကြံပေးပုဂ္ဂိုလ် ဦးသန်းထွန်းက ဆက်လက်ပြောကြားသည်။

အနီးစခန်း-တောင်ခေါင်း-ကင်းရွာ လမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ခင်းအမာခံလမ်းအဖြစ် ဖောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်စီစဉ်နေကြောင်း ဦးသန်းထွန်းက ပြောကြားခဲ့သည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးပါက မန္တလေးမှတစ်ဆင့် မတ္တရာသို့ ကွေ့ပတ်သွားရန်မလိုတော့ဘဲ ယင်းဖြတ်လမ်းအတိုင်း ယာဉ်များ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။ **အေးမြ(မန္တလေး)**

## ဆိပ်ဖြူမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပညာရေးစင်တာဘော်ဒါဆောင်များအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပညာရေးစင်တာဘော်ဒါဆောင်များမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုသည့်အချိန်သို့ နီးကပ်လာပြီး ပူပြင်းခြောက်သွေ့သော ရာသီရောက်ရှိပြီးဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် မြို့နယ်အတွင်းရှိ ပညာရေးစင်တာဘော်ဒါဆောင်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံ၊ မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးအင်ဂျင်နီယာ ဦးစန်းဦးပါဝင်သည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ပညာရေးစင်တာဘော်ဒါဆောင်များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဘော်ဒါဆောင်စည်းကမ်းများနှင့်အညီ သင်ကြားသင်ယူမှု၊ သန့်ရှင်းသပ်ရပ်စွာထားရှိမှုနှင့် လျှပ်စစ်ဝါယာကြိုးများစနစ်တကျသွယ်တန်းထားရှိ အသုံးပြုမှုအခြေအနေများ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများအပြည့်အဝဆောင်ရွက်ထားရှိမှု၊ စနစ်တကျမီးသုံးစွဲမှု၊ ရေပြည့်ဝစွာထားရှိမှုရှိ-မရှိ အခြေအနေများကိုလည်းကောင်း၊ အဆောက်အအုံများ၌ အရေးပေါ်ဝင်ပေါက်ထွက်ပေါက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြည့်စွက်လိုအပ်လျက်ရှိသည့် လုပ်ငန်းများအား အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား ကမ္ဘာ့ဘဏ်ရုံးချုပ်မှ တာဝန်ရှိသူများ လာရောက်လေ့လာ

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စီမံကိန်း စက်ဝန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဒုတိယနှစ်စက်ဝန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများအား လေ့လာသိရှိနိုင်ရန် ကမ္ဘာ့ဘဏ်ရုံးချုပ်မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသို့ ရောက်ရှိခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ရုံးချုပ်မှ တာဝန်ရှိသူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသို့ရောက်ရှိ၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြသည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် ဆည်ကျေးရွာအုပ်စု တမာခါးကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော စက်ရေတွင်းပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများအားလည်းကောင်း၊ တဲမကျေးရွာတွင် ပထမနှစ်စီမံကိန်းစက်ဝန်းမှ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့် စာသင်ကျောင်းဆောင် ပေ ၄၀×၂၆ ပေ×၁၂ ပေ ပြုပြင်ပြီးစီးမှုလုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ နတ်ကြို့အိုင်ကျေးရွာ ကျေးရွာတွင်း လူထုဗဟိုပြုစီမံကိန်းပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သော စက်ရေတွင်းပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေဂါလန် ၂၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် သူဌေးကန်ကျေးရွာ၌ စီမံကိန်းပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာစာကြည့်တိုက် ၂၃ ပေ×၂၃ ပေ×ရှစ်ပေ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါအဖွဲ့တွင် ကမ္ဘာ့ဘဏ်ရုံးချုပ် Washiton D.C မှ Social Development Director Mr.Maninder Gill နှင့် မြန်မာနိုင်ငံအခြေစိုက် ကမ္ဘာ့ဘဏ်မှ Senior Social Development Specialist Mr.Nickolas Myint တို့ပါဝင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်နှင့် ဦးခင်မောင်ဌေး (ဦးစီးအရာရှိ/နည်းပညာ) တို့ ပါဝင်ခဲ့ကြကြောင်းသိရပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံကိန်းတာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ဇန်းမော်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေး

**ဇန်းမော် ဖေဖော်ဝါရီ ၂၀**
ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျရောက်မည့် အကျဉ်းဦးစီးဌာနနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်အကျဉ်းဦးစီးဌာန၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသန့်ရှင်းရေးတွင် ဗန်းမော်အကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် အကျဉ်းထောင်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ စုစုပေါင်း ၅၀ ခန့် စုပေါင်းဆောင်ရွက်ကြရာ ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များခုတ်ထွင်ရှင်းလင်းပြီး အမှိုက်ကောက်၊ တံမြက်စည်းလှည်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






## နွားထိုးကြီးဒေသထွက် အင်ကြင်းကျောက်ကို လေ့လာဝယ်ယူသူများပြား

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၀**
မန္တလေး-နွာထိုးကြီး-ပုဂံလမ်းတွင် နွားထိုးကြီး၌ နိုင်ငံခြားသားအဝင်အထွက်မှာ ကား၊ မီးရထားဖြင့် ယခင်ကထက်ပိုမိုလာပြီး ဒေသထွက်အင်ကြင်းကျောက်ကို လေ့လာဝယ်ယူသူများပြားလာကြောင်း ထရီးဂျိတ်အင်ကြင်းကျောက်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တရုတ်၊ ထိုင်ဝမ်၊ ဂျာမနီ၊ နယ်သာလန်၊ ထိုင်း စသည့်နိုင်ငံခြားသားများမှာ နွားထိုးကြီးအင်ကြင်းကျောက်နှင့် လူသုံးကုန်ပစ္စည်းအင်ကြင်းကျောက်အလှဆင်ပစ္စည်းများကို ပုဂံလမ်းခရီးတစ်ထောက်နားရင်း လေ့လာဝယ်ယူနေကြသည်။

ယခင်က မန္တလေး-ပုဂံလမ်းတွင် နွားထိုးကြီးကိုဖြတ်သန်းသွားသော်လည်း ယခုအခါ အင်ကြင်းကျောက်လေ့လာရင်း ခရီးတစ်ထောက်နားစားသောက်ကြကြောင်း သိရသည်။ နှစ်သန်းချီက ကျောက်ဖြစ်ရုပ်ကြွင်းအင်ကြင်းပင်ကြီးများကို သဘာဝအတိုင်း လေ့လာခွင့်ရကြ၍ နိုင်ငံခြားသားများ နှစ်ခြိုက်ကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**



## တေးယွန်း၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ရှိမည့်ရက်ကြေညာ

ပထမဆုံးသော တစ်ကိုယ်တော် တေးအယ်လ်ဘမ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေတဲ့ တောင်ကိုရီးယား အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ "Girls' Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်နေ့ကို ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးယွန်ဟာ မကြာသေးမီက သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော် တေးအယ်လ်ဘမ်ရဲ့ အကြိုအဖြစ် တေးသီချင်းသစ် တစ်ပုဒ်ဖြစ်တဲ့ "I Got Love"ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်သစ် အပြည့်အစုံကိုတော့ လာမယ့် ဖေဖော်ဝါရီ ၂၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာ အဆိုပါမီဒီယာက ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ထုတ်လွှင့်မယ့် သူ့ရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ကို တေးယွန်က "Fine"လို့ အမည်ပေးထားပြီး အဆိုပါတေးအယ်လ်ဘမ်မှာ ခေါင်းစီးတေး "Fine"နဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "I Got Love"တို့လည်း ပါဝင်ကြမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ တေးဂီတအမျိုးအစားစုံလင်စွာ ပါဝင်မှာဖြစ်ကာ အထူးသဖြင့် ပေါ့ပ်တေးသီချင်းတွေနဲ့ အာရန်ဘီတေးသီချင်းတွေ ပါဝင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

## TWICE ရဲ့ တေးဗီဒီယိုသစ်စတင်ထုတ်လွှင့်

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ရဲ့ တေးအယ်ဘမ်သစ် "TWICEcoaster: LANE 2"မှာ ပါဝင်မယ့်တေးသီချင်းသစ်တစ်ပုဒ်ရဲ့တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အောလကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

" TWICE"တေးဂီတအဖွဲ့ဟာ သူတို့ရဲ့ပထမဆုံးသော စတူဒီယိုတေးအယ်ဘမ်ဖြစ်တဲ့ "TWICEcoaster: LANE 2"ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Knock Knock"အတွက် တေးဗီဒီယိုကိုထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဆိုပါတေးသီချင်းကိုလည်း ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ အဖွဲ့ရဲ့နာမည်ကျော်တေးသီချင်းတွေဖြစ်ကြတဲ့ "TT"နဲ့ " Cheer Up "တို့လိုအောင်မြင်မှုမျိုးကို ရရှိရန် ပရိသတ်တွေက မျှော်လင့်နေကြောင်းလည်း သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းစုစုပေါင်း ၁၃ ပုဒ်ပါဝင်မှာဖြစ်ပြီး တောင်ကိုရီးယားရဲ့ တေးအယ်လ်ဘမ်အရောင်းဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ "Synnara Records"ကနေတစ်ဆင့်လည်း အဆိုပါတေးအယ်လ်ဘမ် " TWICEcoaster: LANE 2"ကို ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။




## ရင်သွေးအားလုံးနဲ့ အတူ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာခဲ့တဲ့ အန်ဂျလီနာဂျိုလီ

ပြီးခဲ့တဲ့ စနေနေ့မှာ ပြုလုပ်ခဲ့တဲ့ အန်ဂျလီနာဂျိုလီကိုယ်တိုင် တာဝန်ယူရိုက်ကူးခဲ့တဲ့ ရုပ်ရှင် " First They Killed My Father" အတွက် သတင်းစာ ရှင်းလင်းပွဲမှာတော့ အန်ဂျလီနာဂျိုလီဟာ သူ့ရဲ့ကလေးခြောက်ဦးစလုံးနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပြီး ယခုလိုပရိသတ်အများရှေ့ကို ရင်သွေးလေးတွေနဲ့အတူ ပေါ်ထွက်လာခဲ့တာဟာ ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်နဲ့ လမ်းခွဲပြီးတဲ့နောက်ပိုင်း အန်ဂျလီနာဂျိုလီအတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



အသက်(၄၁)နှစ်အရွယ် အန်ဂျလီနာဂျိုလီဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်က ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ " First They Killed My Father"ရုပ်ရှင် စမ်းသပ်ပြသခြင်း အကြိုသတင်းစာ ရှင်းလင်းပွဲကို ဘရက်ပစ်နဲ့ သူ့ရဲ့ကလေးတွေဖြစ်ကြတဲ့ အသက်(၁၅)နှစ်အရွယ် မက်ဒေါက်၊ (၁၃)နှစ်အရွယ် ပက်ဇ်၊ (၁၁)နှစ်အရွယ် ဇာဟာရာ၊ (၁၀)နှစ်အရွယ် ရှားလော့၊ (၈)နှစ်အရွယ် အမြွာလေးတွေဖြစ်ကြတဲ့ နော့ဇ်နဲ့ ဗီဗီအန်တို့နဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီဟာ သူ့ရဲ့ရင်သွေးလေးတွေနဲ့အတူ ကမ္ဘောဒီးယားဘုရင်မင်းမြတ်ကို သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းလည်း သိရပါတယ်။

အန်ဂျလီနာဂျိုလီကိုယ်တိုင် ရိုက်ကူးထုတ်လုပ်ထားတဲ့ အဆိုပါရုပ်ရှင် " First They Killed My Father"ကိုတော့ ယခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်ပြသသွားရန် စီစဉ်ထားပြီး အဆိုပါရုပ်ရှင်မှာ ခမာလူမျိုးတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီရဲ့ မွေးစားသားကြီးဖြစ်တဲ့ မက်ဒေါက်ရဲ့ မွေးရပ်မြေဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံကို သူ့ရဲ့ရင်ထဲမှာ ကျေးဇူးတင်ရှိနေကြောင်း၊ သူ့ကိုမိခင်တစ်ဦးဖြစ်ခွင့်ပေးခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုရိုက်ကူးခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ သမိုင်းကြောင်းတစ်ခုကို ပြန်လည်ပုံဖော်ထားတဲ့ ရုပ်ရှင်ဟာ သူ့အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြတဲ့နည်းလမ်းတွေထဲက တစ်ခုဖြစ်ကြောင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ မက်ဒေါက်ဟာလည်း သူနဲ့အတူ အမြဲရှိနေမှာဖြစ်ကြောင်းလည်း အန်ဂျလီနာဂျိုလီက အဆိုပါသတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် "First They Killed My Father"မှာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ထိတ်လန့်ကြောက်ရွံ့ဖွယ် အတိတ်ဖြစ်ရပ်တွေထက် ကမ္ဘောဒီးယားပြည်သူတွေရဲ့ သနားကြင်နာတတ်တဲ့စိတ်ဓာတ်တွေနဲ့ ပင်ကိုအရည်အချင်းတွေကို အဓိကထားဖော်ပြသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာ ကမ္ဘောဒီးယား သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကာ အဆိုပါနိုင်ငံရဲ့ အကြီးကျယ်ဆုံးသောရုပ်ရှင်တစ်ကားဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

## ဘေဘုတ်ရဲ့ တေးဂီတဇယားကို ဦးဆောင်နေတဲ့ Fifty Shades Darker ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးများ

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တေးသီချင်းအဖြစ် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးတေးသီချင်း ၂၀၀ စာရင်းကို



ဦးဆောင်နေတဲ့ တေးအယ်လ်ဘမ်ကတော့ "Fifty Shades Darker" ရုပ်ရှင်မှာပါဝင်မယ့်တေးသီချင်းတွေရဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်အထိ တေးအယ်လ်ဘမ်ပေါင်း ၁၂၃၀၀၀ ခန့်ရောင်းချခဲ့ရပြီး ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်ဖြစ်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Fifty Shades Darker"ရုပ်ရှင်ဟာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Fifty Shades of Grey"ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်ဖြစ်ပြီး လတ်တလောမှာ ဘေဘုတ်ရဲ့ရောင်းအားအကောင်းဆုံး နံပါတ်တစ်နေရာကိုရယူထားခဲ့တဲ့ အဆိုပါတေးအယ်လ်ဘမ်မှာ တေးသီချင်း ၁၉ ပုဒ်ပါဝင်ကြောင်း သိရပါတယ်။

"Fifty Shades Darker"တေးအယ်လ်ဘမ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်းတစ်ပုဒ်ကတော့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ "One Direction" အဖွဲ့ဝင်ဟောင်း ဇေမာလိခ်တို့ စုံတွဲသီဆိုထားကြတဲ့ တေးသီချင်း "I Don't Wanna Live Forever " ဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ အခြားသော နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ နစ်ကီမင်ဂျေ၊ နစ်ခ်ဂျိုးနက်စ်၊ ဂျွန်လဲဂျန့်ဒ်၊ အရီရန်နာဂရန်ဒီတို့ရဲ့တေးသီချင်းတွေနဲ့ အခြားသောတေးသံရှင်တွေရဲ့ တေးသီချင်းတွေလည်း ပါဝင်ကြောင်း သိရပါတယ်။

ယခုသီတင်းပတ်ရဲ့ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်(၁၀) ခုစာရင်းမှာ ပါဝင်နေကြတဲ့ တေးအယ်လ်ဘမ်တွေအနက် နံပါတ်(၂)နေရာကို ရယူထားနိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ တေးသံရှင် ဘရူနိုမားစ်ရဲ့ "24K Magic"တေးအယ်လ်ဘမ်ဖြစ်ပြီး တေးအယ်လ်ဘမ်ပေါင်း ၆၆၀၀၀ ခန့်ရောင်းချခဲ့ရတာဖြစ်ပါတယ်။

တတိယနေရာမှာတော့ တေးသံရှင် ဘစ်ဂ်စီရန်ရဲ့ "I Decided" တေးအယ်လ်ဘမ်ကရပ်တည်နေပြီး အဆိုပါတေးအယ်လ်ဘမ်ဟာ သီတင်းပတ်တစ်ပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၆၂၀၀ ခန့် ရောင်းချခဲ့ရတာဖြစ်ပါတယ်။

အဲဒီနောက် စတုတ္ထနေရာမှာ မစ်ဂ်ဂိုးစ်ရဲ့ "Culture"တေးအယ်လ်ဘမ်ကလည်းကောင်း၊ ပဉ္စမနေရာမှာ သယ်လ်ဝိခ်ကန်းဒ်ရဲ့ "Starboy"တေးအယ်လ်ဘမ်ကလည်းကောင်း ရပ်တည်နေပြီး အဒဲလ်ရဲ့ "25"၊ တေးသံရှင်များစွာပါဝင်သီဆိုထားတဲ့ တေးအယ်လ်ဘမ် "Trolls"၊ ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါရဲ့ "Joanne"၊ ဂရမ်မီဆုများရှင် ဘီယွန်းစေးရဲ့ "Lemonade" နဲ့ တေးဂီတရုပ်ရှင် "La La Land" ရဲ့ ဇာတ်ဝင်တေးသီချင်းတွေရဲ့ အယ်လ်ဘမ်တွေဟာလည်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်(၁၀)ခုစာရင်းမှာ အသီးသီးပါဝင်ခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

# မြန်မာ့ဇရာမှ ကမ္ဘာ့ဇရာသို့

တက္ကသိုလ်တင်ခ

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့က ကျွန်တော့်ကို ဆောင်းပါးတစ်စောင် ရေးသားပေးပါရန် မေတ္တာရပ်ခံလာပါသည်။ ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဘွားဒေါ်ဦးဇွန်းက စတင်တည်ထောင်ခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ၂၀၁၇ ခုနှစ်တွင် (၈၄) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

မြန်မာကဗျာစာဆို ဒေါက်တာထီလာစစ်သူ၏ မော်ကွန်းတင်ကဗျာကြီးစာအုပ်နှင့် ဆရာမကြီး ဒေါက်တာ မတင်ဝင်း၏ အဖေကြီးဦးတင်ရဲ့ မေတ္တာရနံ့သင်းပျံ့တဲ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာစာအုပ်၊ ကျွန်တော့်သူငယ်ချင်း ရောင်းရင်းတက္ကသိုလ်စိန်တင်၏ ဘွားဦးဇွန်းစာအုပ်တို့ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ် စိန်ရတုအထိမ်းအမှတ် ထုတ်ဝေခဲ့ကြောင်း သတင်းကောင်း ကြားသိမှတ်မိနေပေသည်။

### စိန်ရတုမှသည် ရာပြည့်ဆီသို့

(၇၅)နှစ် စိန်ရတုမှသည် ရာပြည့်ဆီသို့ အရှည်တည်တံ့နိုင်မည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးကို အမှတ်တရ ဂုဏ်ပြုမော်ကွန်းတင်လိုပေသည်။ စိန်ရတနာနှင့် ပတ္တမြားရတနာမက တန်ဖိုးမဖြတ်နိုင်သည့် ရတနာနှစ်ပါးမှသည် ရာပြည့်တိုင်အောင် ပိုမိုပုံဆောင် ဂုဏ်ရောင်လင်းမည်ဟု ဂုဏ်ပြုမှတ်တမ်းတင်လိုပေသည်။

### ဒေါ်ဦးဇွန်း မော်ကွန်း

ကိုယ်ကျိုးစွန့်၍ အများအကျိုးသယ်ပိုးဆောင်ရွက်ကြသော စေတနာရှင် မေတ္တာရှင် ပါရမီရှင်ကြီးတို့၏ အကြောင်းကို ပြန်ပြောင်းကြားသိဖတ်ရှုရခြင်းသည် အံ့ချီးမကုန် မာန်ဂုဏ်နှင့် ပြည့်စုံကုံလုံလှပေသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအတွင်းရှိ စေတီပုထိုးနှင့်တကွ အဆောက်အအုံများတွင် ဇရာချိန်ရောက်သော်လည်း ကြောင့်ကြမဲ့ချမ်းသာခြင်းဖြင့် ခိုလှုံနေကြကုန်သော အဘိုးအဘွားများစွာတို့ကို ကြည်ညိုဖွယ်ရာ ဂုဏ်အင်္ဂါစုံလင်စွာ စိတ်ကြည်နူးချမ်းမြေ့ သဒ္ဓါကြည်လင်စွာ အမြဲတစေ မြင်တွေ့ခံစားရစမြဲဖြစ်နေပေသည်။

အဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သော လူအိုရုံဇာစ်မြစ်လည်း ဘိုးဘွားရိပ်သာကြီးအသီးသီးတို့တွင်လည်း ဤနှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးကဲ့သို့ပင် ဖွံ့ဖြိုးအောင်မြင်လျက်ရှိကြောင်း သတင်းကောင်းကို နှစ်ထောင်းအားရ ဂုဏ်ယူဖွယ်ကြားသိနေရပေသည်။ ဒေါ်ဦးဇွန်းမော်ကွန်းသည် ထာဝရဖော်ညွှန်းပြလျက်ရှိနေပေသည်။

### ဇရာအို စာဆိုကြီးများ

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ပျို့ကဗျာများ၊ ရာဇဝင်ကျမ်း၊ အရေးတော်ပုံများ ရေးသားခဲ့သော တွင်းသင်းတိုက်ဝန်ဘွဲ့ခံ ဦးထွန်းညိုဆိုလျှင် အသက် ၈၀ ကျော်သည်အထိ အမှုထမ်းခဲ့သည့် ဇရာအိုစာဆိုကြီးတစ်ဦးဖြစ်ပေသည်။ အိုမင်းမစွမ်းရှိသောအခါ တံခါးနီးတော်အထိ ပေါင်းယာဉ်စီး၍ ဝင်ခွင့်ရသည်။

နဝဒေးဘွဲ့ခံစာဆိုတော်ကြီး ဦးနုသည်လည်း ဘိုးတော်ဘုရားလက်ထက်တွင် အသက် ၈၀ ကျော်သည်အထိ အမှုထမ်းခဲ့သည်။ တွင်းသင်းတိုက်ဝန်ကဲ့သို့ပင် အသက်အရွယ်ကြီးရင့်သောအခါ တံခါးနီးတော်အရောက်ပေါင်းယာဉ်စီး၍ ဝင်ထွက်ခွင့်ခံစားရသူဖြစ်သည်။

အမျိုးသားစာဆိုတော်ကြီးသခင်ကိုယ်တော်မှိုင်းဆိုလျှင်လည်း အသက် ၉၀ နီးပါးအထိ တိုင်းကျိုးပြည်ပြု "အဘိုးစာဆို" ဇရာအိုပင်ဖြစ်ပေသည်။

ကျွန်တော်တက္ကသိုလ်တင်ခသည် အမျိုးသားစာပေဆုရှင် ဗိုလ်ကလေးတင့်အောင်အကြောင်းကို အသက် ၉၀ ပြည့် ဇရာအိုစာဆိုကို ဂုဏ်ပြုသည့်အနေဖြင့် "ကိုးဆယ်ဆသာလိမ့်မယ်" ဟု ဂုဏ်ပြုချီးကျူးအထူးပြုရေးခဲ့သည့် ပြဇာတ်ပေါင်း ၅၀ ကျော်၊ ရုပ်ရှင်ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ် အသက် ၉၀ ဇရာအိုစာဆိုကျော်၏ ဘဝဖြစ်စဉ် မှတ်တမ်းတင်ဂုဏ်ပြုထားပေသည်။

### မြန်မာ့ဇရာမှ ကမ္ဘာ့ဇရာသို့

မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့ရာ ဘိုးဘွားရိပ်သာပေါင်း ၇၀ ခန့်တွင် ဘိုးဘွားပေါင်း ၂၂၅၀ ကျော်ကို စောင့်ရှောက်ထားနိုင်ပေသည်။ တည်ထောင်ဆဲ ဘိုးဘွားရိပ်သာများမှာလည်း မြန်မာနိုင်ငံအနှံ့ ထပ်ပြီး ပေါ်ထွန်းလာနေပြီဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် ဆီလျော်သည့် သက်ကြီးရွယ်အိုများကို စတင်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ လူဦးရေသည် သန်းပေါင်း ၆၀ နီးပါးရှိလာပြီဖြစ်ရာ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို အရေအတွက်မှာလည်း ငါးသန်း (၉ ဒသမ ၉) ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်သည်။

အဘွားဒေါ်ဦးဇွန်းတည်ထောင်ခဲ့သော လူအိုရုံဇာစ်မြစ် အစဉ်အလာ ဘိုးဘွားရိပ်သာကြီးအသီးသီးတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိနေကြောင်း သတင်းကောင်းကို မော်ကွန်းတင်လိုပေသည်။

စေတနာရှင်မေတ္တာရှင် သူတော်ကောင်းတို့အကြောင်းကို တွေးရှုဆင်ခြင်ကာ ဗုဒ္ဓဘုရားရှင်ဟောကြားသော မဟာဝါပါဠိတော်အား မှတ်သားသတိဆောင်မိပေသည်။

"ယောဘိက္ခဝေ ဥပဋ္ဌေပေယျ" ချစ်သားတို့ ငါဘုရားအား လုပ်ကျွေးလိုသော ထိုပုဂ္ဂိုလ်သည် ဂိလာနဘိုးဘွားတို့အား လုပ်ကျွေးသွားလော့ ဟု မိန့်တော်မူခဲ့ပေသည်။

မဟာနိဒ္ဒေသပါဠိတော်၌ "အမောဟေ ဉာဏ်ပညာသည်၊ ဒီဃာယုကတာယ အသက်ရှည်ခြင်း၏ ပစ္စယော အထောက်အပံ့သည် ဟောတိဖြစ်၏"

၂၀၁၂ ခုနှစ် ကျန်းမာရေးဆောင်ပုဒ်မှာ "သက်ကြီးသူတို့ကျန်းမာဖို့ လူ့ဘဝမြင့်တင်စို့" ဖြစ်ပေသည်။ (Aging and Health) သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ လှမ်းချီရာတွင် သက်ကြီးသူတို့ ကျန်းမာရေးမှာ ပဓာနကျလှပေသည်။

၁၉၃၃ ခုနှစ် ဇန်ဝါရီ ၁ ရက်တွင် တိုင်းကျိုးပြည်ဆောင်ဘွဲ့ရ ဘွားဒေါ်ဦးဇွန်းက စတင်တည်ထောင်ခဲ့သော နှင်းဆီးကုန်းဘိုးဘွားရိပ်သာကြီးသည် ၂၀၁၇ ခုနှစ်တွင် နှစ် ၈၄ ပြည့်မြောက်၍ ရာပြည့်သဘင်ဆင်ယင်ကျင်းပနိုင်တော့မည် ဖြစ်ပေသည်။ ဤနှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် မြန်မာသာမက ကမ္ဘာကျော်ကြားထင်ရှားအောင် ဘွားဒေါ်ဦးဇွန်း မော်ကွန်းတင်ဆောင်ရွက်ပေးခဲ့သည့် ကဗျာစာဆို ဒေါ်နုယဉ်၏ "ဇရာအိုတို့ဖွဲ့သတ္တိ"ကဗျာဖြင့် ဂုဏ်ပြုလိုပေသည်။

**ဇရာအိုတို့ဖွဲ့သတ္တိ**

အိမ်သူရှင်မ အိုရှင်မ  
လူ့ဘဝရတဲ့အခါ  
အသက်ရှည်စွာနေရပါ၊  
ကျန်းမာရေး ရည်မျှော်တွေး၊  
အစာနှင့်ဆေးသင့်စွာပေး၊  
လူ့ရေးတာဝန်များလှစွာ၊  
တို့လည်းပါဝင်ဆောင်ရွက်မှာ၊  
ဇရာမှန်ဘိ စွမ်းအားရှိ  
စေတနာမွန် ချွန်ပါဘိ။  
အိုသည့်တိုင်အောင်ဖွဲ့ကိုဆောင်၊  
လူ့ဘောင်ကောင်းဖို့ ကြိုးစားစို့၊  
ကမ္ဘာ့လူသားကျန်းမာဖို့။

# မုံရွာမြို့ရက်ကန်းစင်များတွင် နာမည်ကျော်သရုပ်ဆောင်များဝတ်ဆင်သော ဒီဇိုင်းများရက်လုပ်ပေးနေရ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်က အိန္ဒိယနည်းပညာကို သင်ယူကာ တတ်မြောက်ထားပြီးဖြစ်သော ဒေသခံတို့၏ ရက်ကန်းခတ်ပညာဖြင့်ပေါင်းစပ်ကာ မုံရွာမြို့နယ် ကံပြားကြီးကျေးရွာလုံးကျွတ်နီးပါးသည် ရက်ကန်းခတ်ကာ အသက်မွေးဝမ်းကျောင်းပြုကြလျက်ရှိရာ နာမည်ကျော်သရုပ်ဆောင်များဝတ်သော ဒီဇိုင်းအားလုံးနီးပါးကို ရက်လုပ်၍ ဈေးကွက်သို့ ပို့ပေးနေရကြောင်း ရက်ကန်းစင်များပိုင်ရှင် ဦးထွန်းလှထံက သိရသည်။



"လောလောဆယ် သီးနှံရိတ်သိမ်းကာလဖြစ်နေတဲ့အတွက် ရက်ကန်းလုပ်တဲ့သူတွေကတော့ အလုပ်လုပ်နေကြပါတယ်။ ရက်ကန်းပိုင်တွေက လယ်ယာသီးနှံလည်း စိုက်ကြပျိုးကြတော့ အခုအချိန်က ရိတ်သိမ်းချိန်ဖြစ်တဲ့အတွက် တောအလုပ်မှာလူလိုတယ်လေ။ လိုတဲ့လူက အပြင်မှာ ငှားမရတော့ ရက်ကန်းလုပ်တဲ့သူတွေကိုပဲ တောအလုပ် ခဏဝင်စေတာပေါ့။ ပြီးရင်ရက်ကန်းအလုပ်ပြန်ဝင်ကြမှာပါ" ဟု ဦးထွန်းလှက ပြောပြသည်။

ဈေးကွက်၏တောင်းဆိုမှုဖြင့် ပေးလာသောဒီဇိုင်းအတိုင်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်တင်ပို့ရောင်းချပေးနေနိုင်သောကြောင့် နေ့စဉ်ကုန်ချောထွက်အားသည် ကောင်းမွန်သလောက် အရောင်းလည်းကောင်းနေသော်လည်း ကုန်ကြမ်းဈေးမှာ ထက်ဝက်ခန့်ခေါက်ချိုးတက်သွားသောကြောင့် ယခင်ကလောက် အကျိုးအမြတ်ရရှိမှုမှာ နည်းပါးနေကြောင်း သိရသည်။

ယခင်က ရက်ကန်းရက်လုပ်သူများပင်လျှင် ထုတ်လုပ်ခလက်ခအပြည့်အဝခံစားရသလို ရက်ကန်းပိုင်ရှင်များအနေဖြင့်လည်း ကုန်ကြမ်းဈေးနည်းကာ ပြန်ရောင်းရသည့် ဈေးကောင်းသောကြောင့် ထုတ်လုပ်မှုအားကောင်းခဲ့သလို လက်ရှိတွင် ကုန်ချောအမှာများပြီး အမြတ်နည်းနေသည့် အခြေအနေဖြစ်နေသောကြောင့် ကုန်ကြမ်းဈေးတက်သည့်အတိုင်း ကုန်ချောဈေးတက်ရန်ကို ချိန်ညှိကာ လုပ်ကိုင်နေကြရကြောင်း သိရသည်။

ယခင်က အိန္ဒိယနိုင်ငံမှလာသော နှစ်ပေါင်ချည်တစ်ထုတ်လျှင် ကျပ် ၂၄၀၀၀ မှ ယခုအခါ ကျပ် ၂၇၅၀၀ အထိ ဈေးတက်သွားကြောင်း၊ ထိုသို့ဈေးတက်သွားချိန်မှစ၍ ရက်ကန်းရက်သူအများစုသည် နေ့စားခသေချာသော တောအလုပ်ကို ခေတ္တပြောင်းလဲလုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

"ရက်ကန်းရက်ရတာ အရိပ်ထဲအမှာဆိုတော့ တောအလုပ်ကို မလုပ်ချင်ကြပါဘူး။ တောအလုပ်ကို တစ်နေကုန်လုပ်ရင် ငွေ ၃၀၀၀ ရသလို ရက်ကန်းခတ်တာ တစ်ကွင်းရရင် ငွေ ၃၀၀၀ ရတာဆိုတော့ တကယ်ကျွမ်းကျင်တဲ့သူတချို့ဆိုရင် တစ်ရက်ကို တစ်ကွင်းခွဲလောက်ပြီးတာဆိုတော့ နှစ်ရက်ကို ငွေ ၉၀၀၀ ကသေချာနေတာပါ။ လက်ရှိမှာတော့ ရက်ကန်းအခြေအနေက ကုန်ကြမ်းဈေးမြင့်နေတဲ့အတွက် မဖြစ်မနေ ငွေ ၃၀၀၀ သေချာတဲ့ တောအလုပ်ကို လုပ်နေရတာပါ။ အမြဲတမ်းလုပ်မှာကတော့ ရက်ကန်းကိုပဲလုပ်မှာပါ" ဟု ကံပြားကြီးရွာသူ မစု(ခ)စုမြတ်လှိုင်ကပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းရင်းဆေးကုဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကာ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရပ်ကွက်၊ ကျေးရွာများအရောက် ပြည်သူလူထု ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အခမဲ့ ကွင်းဆင်းဆေးကုသမှုကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက သော်ကရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျေးရွာအတွင်းမှ ပြည်သူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်က အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝစေရေးအတွက် စာပေလေ့လာဖတ်ရှုသင့်ကြောင်း၊ မိမိသာမက မိသားစုဝင် သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူလေးများပါ စာပေလေ့လာဖတ်ရှုသော အမူအကျင့်ကောင်းများရှိသင့်ကြောင်း၊ သော်ကရပ်ကွက်အနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ရပ်ကွက်စာကြည့်တိုက်ဖြစ်မြောက်အောင် ဆောင်ရွက်နေသလို မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ မိုလ်ဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ပြီး စာအုပ်စာစောင်များ ငှားရမ်းခြင်း၊ နိုင်ငံတော်အကြီးအကဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေး နံရံကပ်စာစောင်များအား ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေးကုသရေးအဖွဲ့မှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဖြူဖြူခိုင်က ဥတုရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်စောင့်ရှောက်မှုများ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြင့် ကျန်းမာအောင်နေထိုင်မှုများကို အသိပညာပေး ဆွေးနွေးပြောကြားပေးကာ ပြည်သူများ၏ အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာ၊ ခါးနာ အစရှိသည့် ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# သမိုင်းဝင်မယ့်မြို့ သမိုင်းတင်မယ့်ဒို့

ကျော်လှိုင်(စက်မှု)

နေပြည်တော်ရဲ့ ဒီနှစ်ဇန်နဝါရီလ အအေးဓာတ်က လာနီညာကြောင့်ပင်လား မသိ။ အေးသည်။

ရာသီဥတုအေးပေမယ့် အိပ်ရာထဲစောင်ခြုံမကွေးအား။ တာဝန်အရ ခရီးသွားရမည်။ ဌာနက မော်တော်ယာဉ်လာကြိုမည်။ စောစောထ။ အကြိုကားရောက်တော့ စထွက်၊ နံနက် ၆ နာရီ။ အမြန်လမ်းပေါ်တက်။ ခရီးလမ်းဦးတည်သည်က ကျောက်ဆည်သို့။ ကျောက်ဆည်မြို့မှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ စက်ရုံ အလုပ်ရုံတွေရှိသည်။

ထိုစက်ရုံများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့ လာရောက်ကြည့်ရှုစစ်ဆေးမည်။ သတင်းရိုက်ကူးရေးအဖွဲ့အနေဖြင့် အဆိုပါစက်ရုံများသို့ ကြိုတင်သွားရောက်၍ မှတ်တမ်းဓာတ်ပုံဗီဒီယိုရိုက်ကူးရမည်။

## အတွေးထဲရောက်နေ

ကျွန်တော်က အရေးသမားဖြစ်၍ ရေးစရာအတွေးများကို ကားပေါ်မှာတင်စတင်ခဲ့သည်။ လူက ကျောက်ဆည်မရောက်သေး ကားပေါ်ကအတွေးထဲမှာတော့ ကျွန်တော်က ကျောက်ဆည်ကို ရောက်နှင့်နေပြီး ကျောက်ဆည်မြို့ကို ခြေရာကောက်နေမိသည်။

ကျွန်တော်က ကျောက်ဆည်မြို့သားတော့မဟုတ်။ သို့သော် ကျောက်ဆည်က ကျွန်တော်နှင့်မစိမ်း။ အနော်ရထာမင်းလက်ထက် လယ်တွင်းကိုးခရိုင်တွင်ပါဝင်သော အရေးပါသည့်မြို့၊ ဘာသာသာသနာယဉ်ကျေးမှုအမွေအနှစ်များ ကိန်းအောင်းနေသည့်မြို့၊ မြေဆီသြဇာကြွယ်ဝသည့်မြို့. . . စသည့်အခြေခံရေခံ၊ မြေခံကောင်းသည့်မြို့အဖြစ် ရှေးမဆွကတည်းက ကျွန်တော်က ဂုဏ်ယူမှတ်သားထားခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကျောက်ဆည်နှင့်ကျွန်တော်က ရေစက်ပါသည်ဟု ဆိုနိုင်လောက်သည့် အကြောင်းများလည်းရှိသည်။

## အကြိမ်ကြိမ်ဖြတ်သန်း


ယခု ကျွန်တော်တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနသို့မရောက်မီ မန္တလေးမြို့ရှိ သတင်းဌာနတစ်ခုတွင် သတင်းတာဝန်ခံအဖြစ် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထိုစဉ်က မန္တလေးတိုင်း၏ ဒေသအာဏာပိုင်နှင့်အတူ ခရီးစဉ်များအတူလိုက်ပါခဲ့ပြီး သတင်းများရယူခဲ့ဖူးသည်။ ထို့ကြောင့် ကျောက်ဆည်ဆိုသည်က ကျွန်တော်တို့ အကြိမ်ကြိမ်ဖြတ်သန်းသွားရာမြို့ဖြစ်သည့်အပြင် ကျောက်ဆည်မြို့တွင်း၊ မြို့ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့လည်း မကြာခဏရောက်ခဲ့ရဖူးသည်။

ယခုကျောက်ဆည်သို့ ကျွန်တော်ထပ်မံခြေချခွင့်ရခဲ့ပြန်ပြီ။ ပထမဦးဆုံး ကျွန်တော်တို့ ဝင်ရောက်ခဲ့သည်က ဆေးဝါးစက်ရုံ (အင်ရောင်း)။ ထိုစက်ရုံက ကျောက်ဆည်မြို့တောင်ဘက် ၆ မိုင်ခန့်၊ ဟံမြင့်မိုရ်အနောက်ဘက် ၂ မိုင် ၅ ဖာလုံခန့်အကွာ အင်ရောင်းကျေးရွာအနီး၌ တည်ရှိသည်။ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ စက်ရုံတစ်ရုံဖြစ်ပြီး ၃၂ ဒသမ ၅၀ ဧကခန့်ကျယ်ဝန်းသည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးပစ္စည်းများ လွယ်ကူစွာဖြန့်ဖြူးနိုင်ရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ရယူအသုံးပြု၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာနှင့် အသိပညာများကြွယ်ဝလာစေရန်ရည်ရွယ်၍ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း သိလိုက်ရအခိုက် ကျောက်ဆည်မြို့၏ ရေခံ၊ မြေခံကောင်းအပေါ် စေတနာထပ်ဆောင်းမှုအဖြစ် စိတ်အတွင်းမှ ပီတိထောပနာပြုလိုက်မိသည်။

## အရည်အသွေးမီထုတ်လုပ်

"စက်ရုံဆောက်လုပ်ပြီးနောက် ၂၀၀၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ စက်ရုံက တစ်ခါသုံးဆေးထိုးအပ် စမ်းသပ်ထုတ်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ်စထုတ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ သွေးကြောသွင်းဆေးရည် စမ်းသပ်ထုတ်လုပ်မှုတွေ ဆောင်ရွက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ နောက်တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ထိုးဆေးစမ်းသပ်မှုတွေ ဆောင်ရွက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ စက်ရုံ ဖွင့်တာက ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ပါ။ အခု ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့က ၉ နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ စက်ရုံသက်တမ်း ၉ နှစ်တာကာလအတွင်း လက်ရှိအချိန်အထိ တစ်ခါသုံးဆေးထိုးအပ် ၃ မျိုး၊ သွေးကြောသွင်းဆေးရည် ၅ မျိုး၊ ထိုးဆေး ၁၇ မျိုး၊ ပဋိဇီဝထိုးဆေး ၅ မျိုး၊ မျက်စဉ်းဆေး ၁ မျိုးနှင့် ဆေးမှုန့် ၂ မျိုး၊ စုစုပေါင်းထုတ်ကုန် ၃၃ မျိုးကို ထုတ်ပိုးမှုပုံစံအသစ်တွေနဲ့ စံချိန်မီ၊ အရည်အသွေးမီထုတ်လုပ်ပေးလျက်ရှိပါတယ်" ဟု စက်ရုံမှူးက ဂုဏ်ယူဝံ့ကြွားစွာ ရှင်းလင်းပြောပြသည်။ သူကပင်ဆက်၍-

"ဒီလိုထုတ်လုပ်နိုင်ဖို့စက်ရုံမှာ ရောင်းချဖြန့်ဖြူးရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ကုန်ထုတ်လုပ်ရေးဌာန၊ အုပ်ချုပ်ရေးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ အရည်အသွေး အာမခံရေးဌာနနှင့် အင်ဂျင်နီယာဌာနဆိုပြီး ဌာနရှစ်ခု ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်း ဝန်ထမ်းအများစုကတော့ ဆေးဝါးဆိုင်ရာဘွဲ့ဒီဂရီရရှိပြီးသူ အများစုဖြစ်ကြပြီး ထုတ်လုပ်မှုနည်းစဉ်များကလည်း GMP Guideline (Good Manufacturing Practices) အတိုင်း အတိအကျလိုက်နာဆောင်ရွက်တာပါ။ ဒါ့ကြောင့်လည်း စက်ရုံထုတ်ကုန်တွေက ဈေးကွက်မှာ နာမည်ရပြီး အောင်မြင်နေတာပါ။ နှစ်အလိုက် ကုန်သွယ်မှုအကျိုးအမြတ်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၃၉ ဒသမ ၅၉၅) သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၃၃၃ ဒသမ ၂၀၀) သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၀၅ ဒသမ ၇၀၀) သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၆၀ ဒသမ ၃၃၅) သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၂၉ ဒသမ ၄၇၆) သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၅၆၁ ဒသမ ၁၆၂) သန်း၊




၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၃၀၉ ဒသမ ၉၉၄) သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၆၁၆ ဒသမ ၆၄၁) သန်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဒီဇင်ဘာလအထိ ကျပ် (၅၁၀ ဒသမ ၅၄၁) သန်း၊ စုစုပေါင်းအမြတ်ငွေ ကျပ် (၃၇၆၆ ဒသမ ၈၄၄) သန်း အမြတ်ရရှိခဲ့ပါတယ်" ဟု အားတက်ဂုဏ်ယူဖွယ် ရှင်းလင်းပြောကြားရာ ကျွန်တော့်စိတ်တွင်း၌ စက်မှုဝန်ကြီးဌာန စက်ရုံများအရှုံးပေါ်နေသည်ဟူသော အများ၏ထင်မြင်ယူဆချက်အပေါ် သံသယရှိလာမိသည်။

## သွေးကြောသွင်းဆေးရည်

စက်ရုံအနေဖြင့် ဤမျှအောင်မြင်မှုအပေါ် ကျေနပ်အားရဟန်မတူ။ စက်ရုံဝင်းအတွင်း ၁၂၆ × ၁၁၆ ပေ၊ အမြင့် ပေ ၄၀၊ အကျယ်အဝန်း ၂၅၀၆၅ စတုရန်းပေရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး အဆောက်အအုံသစ်ကို ထပ်မံတိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ လုပ်ငန်းပြီးစီးသွားပါက ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကလိုအပ်သော သွေးကြောသွင်းဆေးရည်များကို တစ်နှစ်လျှင် ၅ သန်းမှ ၁၀ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားနိုင်မည် ဖြစ်ကြောင်း သိရှိခဲ့ရရာ စက်ရုံ၏ အမြော်အမြင်နှင့်စွမ်းဆောင်မှုတို့အား မလေးစားဘဲမနေနိုင်။

"စက်ရုံအနေနဲ့ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိဖို့ဆိုရင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကိုလည်း မျက်ခြေမပြတ် ဆောင်ရွက်ဖို့လိုပါတယ်။ စက်ရုံအနေနဲ့ Cal-D Glucose အထုပ်များကို အတုအပမပြုလုပ်နိုင်ရန်နှင့် ဆွဲဆောင်မှု ပိုမိုကောင်းမွန်စေရန်၊ ထားသိုသိမ်းဆည်းမှုလွယ်ကူစေရန် Can ဘူးများဖြင့် ပြောင်းလဲထုတ်ပိုးဆောင်ရွက်ခဲ့ပါတယ်။ သွေးကြောသွင်းဆေးရည်ဘူးများမှာ BPI Logo အသားတံဆိပ်ထပ်မံထည့်သွင်းရိုက်နှိပ်ပြီး အတုအပမပြုနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဈေးကွက်လိုအပ်ချက်အရ ထိုးဆေးများကို ယခင်ထုပ်ပိုးမှုပုံစံ Carton Box များအစား ဒီဇိုင်းသပ်ရပ်ပြီး သေသပ်သည့် Printed Carton Box with Plastic Tray rsm;eJY BPI Logo ပြောင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဆီးလမ်းကြောင်းနဲ့ ကျောက်ကပ်ဆေးကြောဖို့ ခွဲစိတ်ခန်းသုံး Physiological Saline (PS) Solution 3 Lit, 5 Lit ဘူးများကို ဈေးနှုန်းသက်သက်သာသာနဲ့ ထုတ်လုပ်နိုင်ဖို့ တီထွင်ဆောင်ရွက်နေပါတယ်"

## သန့်ရှင်းသပ်ရပ်

စက်ရုံမှူး၏ ပြောကြားချက်များကို ရေးမှတ်ယူပြီး ၎င်းနှင့်အတူ စက်ရုံဝန်းအတွင်းနှင့် ထုတ်လုပ်မှုအလုပ်ရုံများသို့ လေ့လာခွင့်ရရှိခဲ့ရာ တွေ့မြင်ရသည့်မြင်ကွင်းများက ဆေးဝါးစက်ရုံပီသစွာ သန့်ရှင်းသပ်ရပ်နေပြီး ထုတ်လုပ်မှုဝန်ထမ်းများကလည်း ပိုးမွှားကာကွယ်သန့်စင်ထားသည့်အခန်းများအတွင်း သတ်မှတ်ဝတ်စုံများဖြင့် လုပ်ငန်းဆောင်ရွက်နေကြရာ စက်ရုံဘာကြောင့် အောင်မြင်မှုရနေသည်ကို ယုံကြည်လက်ခံမိလိုက်သည်။

ဆေးဝါးစက်ရုံ(အင်ရောင်း) ပြီးတော့ ကျွန်တော်တို့ ထပ်မံဝင်ရောက်ခဲ့သည်က အိမ်သုံး ပစ္စည်းစက်ရုံ (မင်းစု)။ ထိုစက်ရုံက စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်မှ စက်ရုံတစ်ရုံဖြစ်သည်။ ကျောက်ဆည်မြို့တောင်ဘက် ၁၂ မိုင်အကွာ မင်းစု ကျေးရွာအနီးမှာရှိပြီး စုစုပေါင်း (၂၇ ဒသမ ၀၁) ဧက ကျယ်ဝန်းသည်။ ပြည်ပသွင်းကုန် အစားထိုးဆောင်ရွက်နိုင်ရန်၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော ကြာရှည်အသုံးပြုနိုင်သည့် နိုင်ငံတကာအဆင့်မီထုတ်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် စက်ရုံကို ၂၀၀၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင် ဆောက်လုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် စက်ရုံဖွင့်လှစ်ခဲ့သည်။

## နိုင်ငံပိုင်စက်ရုံ

၂၀၀၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံပိုင်စက်ရုံအနေနှင့် အိမ်သုံး စတီးလ်ပစ္စည်း အမျိုးမျိုး၊ ဆေးရုံသုံး စတီးလ်ပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးပရိဘောဂပစ္စည်းအမျိုးမျိုး၊ စတီးလ်ပိုက်အမျိုးမျိုး၊ ကြွေရည်စိမ်ပစ္စည်းအမျိုးမျိုးနှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် CYT Industrial Co.,Ltd. သို့ တင်ဒါခေါ်ယူငှားရမ်းခဲ့သည်။ သို့သော်ကုမ္ပဏီအနေဖြင့် စက်ရုံအား ရေရှည်ဆက်လက်ငှားရမ်း လုပ်ကိုင်ရန် အခက်အခဲများကြောင့် ဆက်လက်ရပ်တည်နိုင်စွမ်းမရှိသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။



ကျောက်ဆည်စက်မှုနယ်မြေရှိ တစ်နေ့ တန် ၁၃၀ ကျ မှန်စက်ရုံ

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင် – CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI (Official page)
LCCI & ACCA
စာရင်းကိုင်သင်တန်းများ
for 2017, September Exam
Level I, II, III
၃ နှစ်ပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
LCCI Approved Centre
အမှတ်– ၂၄၄ (တတိယထပ်)၊ မီးပွိုင့်နှင့်ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း (ထက်)။ Tel: 01-377610, 01-384175, 09-730 66231, 09-730 99752, 09-320 60060

Duwun Food Carnival 2017
ပွဲဝင်ကြေး အခမဲ့
စားသောက်ကြိုက်နှစ်သက်သူများအတွက် Duwun အစားအသောက်ပွဲတော် ၂၀၁၇
HOT LINE: 09-444 81 5300, 09-444 81 5400
၂၆.၃.၂၀၁၇ (တနင်္ဂနွေ) မှ ၂၇.၃.၂၀၁၇ (တနင်္လာ) အထိ
မနက် (၁၁)နာရီမှ ည (၇)နာရီထိ
ပြည်သူ့ဥယျာဉ် ကွင်းအမှတ် (၁)
နာမည်ကြီး အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ နှင့်အတူ သန့်ရှင်း၍ အရသာရှိသော စားသောက်ဖွယ်ရာများ ပါဝင်ရောင်းချမည့် ဆိုင်ခန်းပေါင်းများစွာ ပါဝင်ပါမည်။

အခမဲ့လက်ဆောင်ရယူလိုက်ပါ။
CLEAR VISION မျက်စိအထူးကုဆေးခန်း တွင် ဆရာဝန်စမ်းသပ်ခ (၄၀၀၀)ကျပ်ပေးရုံနဲ့ မျက်မှန်ကိုင်းလှလှလေးများကို သတ်မှတ်ထားသော မှန်နှင့်တကွအခမဲ့ ရယူပိုင်ဆိုင်လိုက်ပါ။ (၂၈-၂-၂၀၁၇) အထိ
အမှတ်(၁၃၆/၁၃၈)၊ ရွှေဘုံသာလမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၃၂၁၄၊ ၀၉-၄၄၅၆၆၅၃၀၊ ၀၉-၂၅၀၆၃၀၆၄၄

Yaung Chi Thit Lin Moving Service Co., Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှု တုပွက်
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Front Villa, Lay Doung Kan Road, 26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

အရည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
Ph : 09 73121050
09 457778224

"၁၂-နှစ်တွင် တစ်ကြိမ်ကျရောက်သည့် တရုတ်ရိုးရာ ကြက်နှစ်သည် လူသားတို့အား ထူးခြားသောတိုးတက်မှုများကို ဖန်တီးပေးလေ့ရှိသည်"
ဝံ-ကာလီဘို
၂၀၁၇-၂၀၁၈ ကြက်နှစ် ဖွန်းရွှေဟောကိန်း
ထွက်ပြီ

LCCI - EDI (UK) မှ အသိအမှတ်ပြုသောစာရင်းကိုင်သင်တန်းကျောင်း
စိုးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount Computerised Accounting
2017 - July Series (March) တန်းခွဲသစ်များ (4.3.2017) စမည်။
သင်တန်းကြေး (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (28.2.2017) အတွင်း အပ်နှံသူများ 10% Discounts ရမည်။
09-5118647-73009869-73013432-73028433

"ကွန်ဒိုတိုက်ခန်း အမြန်ရောင်း/ငှါးမည်" (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။ Golden City Condo (1736Sqft) | Lift | M3, furn, ပြင်ပြီး | U$4000 |
| ၂။ Junction-8 Condo (1350Sqft) | Lift | M1, B2, A/C ပြင်ပြီး | 15L |
| ၃။ ဒဂုံ၊ နဝဒေးလမ်း (30x60) | G/F | Hall, ထပ်ခိုး ပြင်ပြီး | 35L |
| ၄။ ကမာရွတ်၊ စီရိုပ်ခြိမ် (20x55) | G/F | Hall, (ရုံးကောင်း) | 7L |
| ၅။ ပုဇွန်တောင်၊ ရွှေဘုံသာလမ်း (12x½x60) | G/F | Hall, ထပ်ခိုး ပြင်ပြီး | 4800L |
| ၆။ ကမာရွတ်၊ လှည်းတန်း (20x55) | G/F | B2, ကြွေခင်း | 1700L |
| ၇။ မိုးမြင့်စံကွန်ဒို (20x80) | Lift | B2, A/C2 ပြင်ပြီး | 1600L |
| ၈။ လှိုင်၊ အင်းစိန်လမ်းမ (15x50) | 6/F | Hall | 360L |

Ph: 01 510600, 09 5012951, 09 5185539

"ဈေးအလွန်ချိုမည်(အမြန်) ရောင်း/ငှါးမည်" (ပွဲစားမလို)
* ပြည်လမ်းမ (၇တ်)၊ (၄၃)မိုင်(၅)ဖာလုံဝန်းကျင်(6ဧက) အကျယ်ရှိဥယျာဉ်ခြံမြေ (တိုက်ကြီးအပါဝင်) 1ဧက -600သိန်း
* ဗဟန်း၊ အင်းယားမြိုင်လမ်း (52'x55') အကျယ်ရှိမြေ၊ မြေပိုင်၊ (နေရာကောင်း) ဈေးနှုန်း - 7000သိန်း
* မရမ်းကုန်း၊ သမိုင်းဘူတာရုံလမ်းမပေါ် (25'x50') အကျယ်ရှိ(၁)ထပ်တိုက်၊ (ဂရန်) ဈေးနှုန်း - 3000သိန်း
* သာကေတ၊ ရတနာအိမ်ရာ - VIP (100'x100') အကျယ်ရှိမြေ၊ (မြေသီးသန့်) ဈေးနှုန်း - 3000သိန်း
* (၁၀)မိုင်၊ ပြည်လမ်းသန့် (40'x60') အကျယ်ရှိ(၁)ထပ်တိုက်၊ MBR-1, BR-2, ပြင်ပြီး ဈေးနှုန်း - 2000သိန်း
* လှိုင်၊ ရန်ကုန် - အင်းစိန်လမ်းမပေါ် (50'x85') အကျယ်ရှိမြေ (နေရာကောင်း) (အငှါး) ဈေးနှုန်း - 35သိန်း
01- 552742, 09 5060940, 09 5060938, 09 73500535

A . M . T . T CONSTRUCTION CO.,LTD



အမှတ် (၁၅/၁၇)၊ ရန်ကုန်-အင်းစိန်လမ်းမကြီးအနီး၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်။

DESIGN & FACILITIES



DESIGN & FACILITIES



အမှတ် (၉)၊ ပဏ္ဏိတလမ်း၊ (၈) ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ရန်ကုန်-အင်းစိန်လမ်းဘေးနီး)



A- 2022 Sqft B- 1868 Sqft C- 1846 Sqft
D- 1940 Sqft E- 1873 Sqft F- 1545 Sqft

- လုံးချင်းအိမ်ရာနှင့် ကွန်ဒိုအခန်းများ စတင်ရောင်းချနေပြီဖြစ်ပါသည်။
- ဘဏ်နှင့်ချိတ်ဆက်ဝယ်ယူချင်သော Customers များအနေနှင့်လည်း ၃၀% သွင်း၍ ၅နှစ် မှ ၁၀ နှစ် အထိ ကျန်ရှိသော အရစ်များအား ပေးသွင်း၍ဝယ်ယူနိုင်ပါသည်။
- ရုံးလိပ်စာ : အခန်း (၀၀၁) ၊တိုက် (၁၇)၊ အောင်သပြေလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန် ကုန်မြို့။
- ဆက်သွယ်ရန်ဖုန်း : ၀၉-၅၀၆၇၁၃၈၊ ၀၉-၇၃၂၀၈၉၄၀၊ ၀၉-၇၉၆၁၄၉၅၇၁၊ ၀၉-၄၄၀၀၆၄၄၅၈၊ ၀၉-၄၄၀၀၆၄၄၅၉
- ရုံးဖုန်း : ၀၁-၈၆၁၉၂၂၁၊ ၀၁-၂၀၀၇၄၇ (လိုင်းခွဲ) ၇၃၂၉

**NEW MOTION** TRAVELS & TOURS

ရွှေ့ လျားသစ်လွင် အာတာသကြံနိခရီးစဉ်များ

ESCAPE FROM EVERYDAY LIFE

ရန်ကုန်မှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| အမေရိကား | – ဧပြီ (၁၀ – ၂၀) |
| | – ဧပြီ (၁၁ – ၂၇) |
| ဥရောပ | – ဧပြီ (၁၀ – ၂၄) |
| ဩစတြေးလျ | – ဧပြီ (၁၀ – ၂၀) |
| အင်္ဂလန် | – ဧပြီ (၁၁ – ၂၄) |
| စပိန်–ပေါ်တူဂီ | – ဧပြီ (၁၀ – ၂၁) |
| ဂရိ | – ဧပြီ (၁၁ – ၁၉) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| ဟောင်ကောင်–တရုတ် | – ဧပြီ (၁၃ – ၂၀) |
| ဂျပန် | – ဧပြီ (၁၂ – ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | – ဧပြီ (၁၃ – ၂၁) |
| သီရိလင်္ကာ | – ဧပြီ (၁၂ – ၁၈) |
| ဗုဒ္ဓဂါယာ | – ဧပြီ (၁၃ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| ဒူဘိုင်း | – ဧပြီ (၁၂ – ၁၈) |
| ဘူတန် | – ဧပြီ (၁၂ – ၁၉) |
